မြင်းခြံမြို့

ကျေးဇူးရှင်

စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး

၏

# သာရဏီယကထာ

ဓမ္မဒါန

သာသနာ-၂၅၃၇ ကောဇာ-၁၃၅၅ ခရစ်-၁၉၉၄

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြင်းခြံမြို့

ကျေးရှူးရှင်

စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး

၏

# သာရဏီယကထာ

ဓမ္မဒါန

သာသနာ-၂၅၃၇ ကောဇာ-၁၃၅၅ ခရစ်-၁၉၉၄

သာရဏီယကထာ (စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘာသာရေးဆိုင်ရာစာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ် (     /     ) (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (     /     ) (၄)

-

စတုတ္ထအကြိမ်

-

အုပ်ရေ-၁၀၀၀

-

၁၉၉၄-ခုနှစ်

-

ဧပြီလ

-

ပန်းချီ-ဝေမွန်လင်း

-

အဖုံးရိုက်-စာပေပေါင်းကူးပုံနှိပ်တိုက်

-

စာအုပ်ချုပ်-အောင်မြင့်နှင့်အဖွဲ့

-

(ဓမ္မဒါန)

-

ဦးတင်မောင်(၀၂၄၈)စာပေပေါင်းကူးစာအုပ်တိုက်၊ အမှတ် ၉၀၊အေ-ဘီ၊ ဝေဇယန္တာလမ်း၊(၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဦးတင်မောင် (၀၂၅၆-မြဲ)၊ စာပေပေါင်းကူးပုံနှိပ်တိုက်၊ အမှတ်-၆၄(စီ)၊ ကြာပဒုမ္မာလမ်း၊ ၃/ခ-ရပ်ကွက်၊ (ငွေကြာရံရိပ်သာ) တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်သည်။(ဖုန်း-၅၆၅၉၁၅)

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ကျေးရှူးရှင် စွန်းလွန်း ဆရာတော်ဘုရားကြီး

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မာတိကာ

| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဆရာတော်ကြီးခုနှစ်ပါး၏ အမှာ | ... | |
| ၂။ | နိဒါန်း | ... | ၁ |
| ၃။ | ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီး၏ အံ့ဖွယ်လေးဖြာ | ... | ၁၀ |
| ၄။ | သမထဝိပဿနာ အားမထုတ်မီ ပုဗ္ဗကိစ္စ ပရိကံပြုပုံ | ... | ၁၁ |
| ၅။ | ဆရာတော်ဦးသုန္ဒရ | | |
| (၁) | သတိကိုမွေးမြူ ဝေဒနာကို ကြပ်ကြပ်သည်းခံကြဟု ဆုံးမတော်မူပုံ | ... | ၁၃ |
| (၂) | တရားအားထုတ်ပုံ အားထုတ်နည်း | ... | ၂၁ |
| (၃) | လောကီရေးရာ အဖြာဖြာနှင့် ပတ်သက်၍ ဆုံးမတော်မူပုံ | ... | ၃၀ |

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆။ | **ဆရာတော်ဦးသုမန** | |
| (၄) | ၁၃၀၁-ခုနှစ်၊ ဝါခေါင်လဆုတ် (၈)ရက်နေ့တွင် စွန်းလွန်းဆရာတော်ဘုရားကြီးအား ရန်ကုန်မြို့သို့ ကြွရောက်ပါမည့်အကြောင်း ရန်ကုန်မြို့မှဒါယကာများက ပင့်လျှောက်သည့်အခါ ပြန်လည်မိန့်ကြားတော်မူပုံ ... | ၃၀ |
| ၇။ | **ဆရာတော်ဦးတိလောကသာရ** | |
| (၅) | ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်တရားနာခဲ့ပုံ ... | ၃၂ |
| ၈။ | **ဆရာတော်ဦးဝိသုဒ္ဓ** | |
| (၇) | ဆင်ဦးစီး ပြုလုပ်ခဲ့သော ရဟန်းတစ်ပါးအားရှင်းလင်းဟောပြော ဆုံးမတော်မူပုံ ... | ၃၄ |
| ၉။ | **ဆရာတော် ဦးသောဘဏ** | |
| (၇) | ၁၂၈၇-ခုနှစ်၊ တော်သလင်း လဆန်း(၃)ရက်နေ့ညနေ -၆နာရီ အချိန်တွင် ဖက်ပင်အိုင်ဆရာတော်ဘုရားက မြင်းခြံ စွန်းလွန်းဆရာတော် ဦးကဝိအားမေးမြန်းပြောဆိုပုံ ... | ၃၅ |


(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀။ | **ဆရာတော်ဦးဇဝန** | |
| (၈) | ကိုယ့်ဘာသာကို သူများဖျက်တာ မကြိုက်လျှင် သူများဘာသာကို မဖျက်နှင့်၊ သူများဘာသာကို ဖျက်တော့ ငရဲကြီးတတ်တယ်၊ ကိုယ်ငန်းကိုကိုယ် ကြည့်ရိတ်၊သူများငန်းကို ကြည့်ရိတ်တော့မြွေကိုက် တိုက်တယ်ဟု ဆုံးမတော်မူပုံ ... | ၄၁ |
| (၉) | အဆင်ယူ၊ ချည်တူမှဟူ၍ ရက်ကန်းရက်သော ဥပမာဖြင့် ဆိုဆုံးမတော်မူပုံ ... | ၄၅ |
| (၁၀) | သာသနာပြုတယ်ဆိုတာ ကိုယ့်သာသနာ ကိုယ်ပြုတာကောင်းတယ်ဟု ဆုံးမတော်မူပုံ ... | ၄၆ |
| (၁၁) | ဟိုဂိုဏ်း၊ သည်ဂိုဏ်း စသည်ဖြင့် ဂိုဏ်းတွေ များစွာရှိရာ၊ တို့တော့ ဘယ်ဂိုဏ်းမှ မပါဝင်လို ပင်မကနေတာ ကောင်းတယ်ဟု ဆုံးမတော်မူပုံ ... | ၄၈ |
| (၁၂) | သူတစ်ပါးကို လက်ညှိုးတစ်ချောင်းထိုးလျှင် ကိုယ့်ဘက်မှာ သုံးချောင်းထိုးပြီးဖြစ်တယ် ထောင်သားချင်း စကားပြောသလိုလည်း မဖြစ်စေနှင့်ဟု ဆုံးမတော်မူပုံ ... | ၄၉ |


(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| (၁၃) | တရားအားထုတ်သော ယောဂီဟူသမျှ တို့သည် သမုဒယအကြောင်း မသိကြလို့၊သမုဒယအကြောင်း များသိလျှင် ရေထဲဆင်းသေစရာ ကောင်းတယ်ဟု ဆုံးမတော်မူပုံ | ... | ၅၂ |
| (၁၄) | တစ်ခါသေဖူးမှ ပျဉ်ဖိုးနားလည်သည်ဟု ဆုံးမတော်မူပုံ | ... | ၅၅ |
| (၁၅) | ရှိတာရှာလျှင် တွေ့မည်ဟု ဆုံးမတော်မူပုံ | ... | ၅၆ |
| (၁၆) | သဘောပေါ်သဘောကျနေလျှင် ဟုတ်ပြီ မှန်ပြီ၊ ကောင်းပြီးဟု ဆုံးမတော်မူပုံ | ... | ၆၁ |
| (၁၇) | စုံစမ်းလျှင် မှီအောင်စုံစမ်းမှ၊ မောင်းဆွဲထားလျှင် တီးကြည့်မှ ကွဲလျှင်၊ ကွဲသံထွက်လိမ့်မည်၊ မောင်းကြီးက ချေးထူလိုက်တာဆိုပြီး မျက်စိဖြင့် ကြည့်ရုံသာကြည့်သွားရုံဖြင့်မောင်း၏ အသံကောင်း မကောင်းကို သိလိမ့်မည် မဟုတ်ဟု ဆုံးမတော်မူပုံ | ... | ၆၂ |


(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| (၁၈) | ကြွေးရှင်းမှ ဘေးကင်းမည်ဟု ဆုံးမတော်မူပုံ | ... | ၆၄ |
| (၁၉) | ကိုယ်တိုင်တွေ့မြင် အမှန်ပင် | ... | ၆၆ |
| (၂၀) | ငါ့ထံမှာ နေတုန်းတော့ ငါ့တပည့်ပဲ၊ အပြင်ရောက်သွားလျှင် ငါ့တပည့် မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုလျှင် အပြင်ရောက်တော့ သူလုပ်ချင်ရာ လုပ်မှာ၊ လိုက်လဲမဆုံးမနိုင်ဘူးဟု ဆုံးမတော်မူပုံ | ... | ၇၅ |
| (၂၁) | ကိုယ်ကြိုက်တာ ကိုယ်လုပ်၊ကိုယ်လုပ်တာ ကိုယ်ရကြလိမ့်မယ်၊ အဲဒါသြဇာကိုက်တဲ့ တရားပဲဟု ဆုံးမတော်မူပုံ | ... | ၇၆ |
| ၁၁။ | **ရည်သန်ချက်** | ... | ၇၇ |
| ၂။ | မတ္တရာဆရာတော် ဦးဇဝနကရွှေဘိုမြို့မှ နေ၍ ရန်ကုန်မြို့ စွန်းလွန်းယောဂီများထံ ပေးသောစာ | ... | |
| ၁၃။ | ၁၃၀၀-ခုနှစ်က စွန်းလွန်းဆရာတော်ဘုရားကြီး ရှေ့တော်မှောက်တွင် မတ္တရာ ဆရာတော် ဦးဇဝန ဖတ်ကြားလျှောက်ထားခဲ့သောစာ | ... | |


(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# အမှာ

ကျေးဇူးရှင် စွန်းလွန်း ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိစဉ်အခါ နေ့စဉ်နှင့်အမျှ ဆိုဆုံးမ၍ ဩဝါဒပေးခဲ့ပုံများကို ဆရာတော်ကြီး၏တပည့်များ တိုင်ပင်ညီညွတ်၍ ပုံနှိပ်အက္ခရာတင်စေခြင်းငှာ မှတ်သား မိသရွေ့ ရေးသား ပြုစုလိုက်ပေကြောင်း။

ဦးသောဘဏ       ဦးတိလောက

ဦးဇဝန       ဦးဝိသုဒ္ဓ

ဦးဓမ္မသာမိ       ဦးသုန္ဒရ

ဦးသုမန

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



မြင်းခြံမြို့စွန်းလွန်းဂူကျောင်းတိုက်
ဆရာတော် ဦးသောဘဏ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



မဟ္တာရာမြို့ ရွှေပုထိုးကျောင်းတိုက်
ဆရာတော် ဦးဇဝန

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



တောင်ကြီးမြို့
ဆရာတော် ဦးမေဓာသာမိ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ရန်ကုန်မြို့ တောင်ဥက္ကလာပ စွန်းလွန်းဂူကျောင်း
ဆရာတော် ဦးတိလောကသာရ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



မြင်းခြံမြို့ စွန်းလွန်းဂူကျောင်းတိုက်
ဆရာတော် ဦးဝိသုဒ္ဓ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ရန်ကုန်မြို့ တောင်ဥက္ကလာပ စွန်းလွန်းဂူကျောင်း
ဆရာတော် ဦးသုန္ဒရ

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)



ရန်ကုန်မြို့ တောင်ဥက္ကလာပ စွန်းလွန်းဂူကျောင်း
ဆရာတော် ဦးသုမန

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# နိဒါန်း

"အင်းခန်းတော့ ငှက်ကျ၊ ငှက်ကျတော့ လယ်တည်၊ လယ်တည်တော့ ထွန်ဆင်း" ဟူသော သိုက်တပေါင်အရ ပထမအင်းခန်းဆရာတော်၊ ဒုတိယငှက်တွင်းဆရာတော်၊ တတိယလယ်တီဆရာတော်၊ စတုတ္ထ ထွန်ဆင်းဆရာတော် (တစ်နည်း)စွန်းလွန်းဆရာတော်ဟူ၍ နိုင်ငံအဝန်း၊ တင့်ရွှန်းဂုဏ်ရှိန်၊ ထိန်ထိန်လင်းဘိ၊ ကျော်စောကိတ္တိကြီးတော်မူ ခဲ့ကြကုန်သော ဓမ္မကဝိမဟာထေရ်အကျော် ဆရာတော်လေးပါး ရှိခဲ့ကြသည့်အနက် တစ်ပါးဖြစ်တော်မူသော မြင်းခြံမြို့ ကျေးဖူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီး ပရိနိဗ္ဗာန်ပြုခဲ့သည်မှာ အခုအခါ (၁၉)နှစ် မျှကြာပေပြီ။

"နှစ်ထောင်ကျော်ဟိုး၊ ဈေးပေါင်းကျိုး၊ တိုး၍ငယ်လိုက်ကြ၊ ငါးထောင်ကျမှ၊ ပိတ်သောစ မရလေ၏မင်း" ဟူသော တပေါင်စကား၏အဓိပ္ပါယ်ကို သိလိုတော်မူသဖြင့် မိတ္ထီလာရေလယ်ဆရာတော်က မေးမြန်းသည့်အခါ စွန်းလွန်းဆရာတော်ဘုရားကြီးက "ဆရာတော်ဘုရား၊ ယခုသာသနာတော်နှစ်သည် နှစ်ထောင်ကျော်ရောက်နေပါပြီဘုရား၊အဲဒီတော့ဈေးပေါင်ကျိုးနှင့် တူနေပါတယ်၊ ခေတ်ကလဲ ဝိမုတ္တိခေတ် ရောက်ပြန်ပါပြီဘုရား၊ အဲဒါကြောင့် ယခုနေ တရားများ အားထုတ်ကြပါလျှင်မိမိတို့ပါရမီရှိသလောက်ပေါက်ရောက်နိုင်ကြောင်း ပါဘုရား"ဟု ပြန်လည်ဖြေကြားလျှောက်ထားတော်မူခဲ့သည်မှအစ၊ သဒ္ဓါယိုဖိတ် နိဗ္ဗာန်အရောက် ကျင့်ကြံအားထုတ်လိုစိတ် ထက်သန်ပြင်းပြလာကြသော ရဟန်းရှင်လူများ တစ်နေ့တစ်ခြား တိုးပွား များပြားလာခဲ့ရကား ကာလတာရှည် ငုတ်လျှိုး၍ နေခဲ့သောပဋိပတ္တိသာသနာတော်ကြီးသည် သာသနာနှစ် တစ်ဝက်မကျိုးမီတွင်

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကိုင်းခက်စည်ပင် ပြန်လည် အသက် ဝင်၍လာခဲ့သည်မှာ ယနေ့ထက်တိုင်ပင် ဖြစ်ပေသည်။

ကျေးဇူးရှင် စွန်းလွန်းဆရာတော်ဘုရားကြီး၏ "ထိမှု၊ သိမှု၊ ထိုနှစ်ခု ဘာတိကြပ်ကြပ်ပြု" ဟူသော အကျဉ်းဆုံး၊ အရှင်းဆုံးနှင့် သဘာဝ အကျဆုံး ဥပနိဿရည်းကို ဦးထိပ်ပန်လျက် တွင်တွင်ကြိုးကုတ်၊ လိုက်နာ အားထုတ်နေကြသော ရဟန်းရှင်လူတို့တွင် ဆရာတော်ဘုရားကြီး၏ ဖဝါးတော်အောက်သို့ ကိုယ်တိုင်ကိုယ်ကျ ရောက်ရခဲ့ကြ၍ ဆရာတော်ဘုရားကြီး၏ လမ်းညွှန် အဆုံးအမကို နားဖြင့် ဆတ်ဆတ်နာကြား မှတ်သားခဲ့ရဖူးသူများ ရှိသလို ဤအခွင့်အလမ်းနှင့် ချော်လွဲခဲ့ရသူများ လည်းရှိပေသည်။ ဤစာအုပ်သည် ဆရာတော်ဘုရားကြီး၏ခြေတော်ရင်းတွင် ဆရာတော်ဘုရားကြီးအား နှစ်ပေါင်းများစွာ လုပ်ကျွေးပြုစုရင်း ဆရာတော်ဘုရားကြီး၏ သာရဏီယ ဓမ္မကထာအပေါင်းကို တိတိကျကျ မှတ်သားဆည်းပူးလာတော်မူခဲ့ကြသော ဆရာတော်ဘုရားကြီး၏တပည့်ရင်း ဆရာတော်များက စွန်းလွန်းဥပနိဿရည်း ဖြင့် အာနာပါနကမ္မဋ္ဌာန်း ပွားများအားထုတ်လိုကြသော ရဟန်းရှင်လူတို့၏ အကျိုးအတွက် မိမိတို့ မှတ်သားမိသမျှကို စုဆောင်း ပြုစု၍ချီးမြှင့်တော်မူကြသဖြင့် ပါရမီမရှိသေးသူများလည်း ပါရမီရှိသည်ထက် ရှိလာစေရန်၊ ပါရမီ ရှိပြီးသူများလည်း၊ ပါရမီရှိသလောက်ပေါက်ရောက်နိုင်ကြစေရန် ရည်သန်လျက် ပုံနှိပ်အက္ခရာဖြင့် နောင်အရှည် တည်တံ့နိုင်စေခြင်း အလို့ငှာ နိဗ္ဗာန်ကိုရည်မှန်း၍ ပုံနှိပ်ထုတ်ဝေလိုက်ခြင်း ဖြစ်ပေသည်။

ဤစာအုပ် ဖြစ်မြောက်ရေးအတွက် ကိုယ်တော်တိုင် ရေးသား ချီးမြှင့်ခြင်း၊ ရေးသားပြီးသမျှကို စိစစ်ခြင်း၊ တည်းဖြတ်ခြင်း၊ သို့မဟုတ် အကြံဉာဏ်ပေးခြင်း စသည့်တာဝန်များကို စွန်းလွန်းဆရာတော်ဘုရားကြီး ၏ တပည့်ရင်းများဖြစ်ကြသော အောက်ပါ ဆရာတော်ကြီးများက အသီးသီး ထမ်းဆောင်တော်မူခဲ့ကြပေသည်။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၁။ မြင်းခြံမြို့၊ စွန်းလွန်းဂူကျောင်းတိုက်ဆရာတော် ဦးသောဘဏ။
၂။ မတ္တရာမြို့၊ရွှေပုထိုးစွန်းလွန်းကျောင်းတိုက်ဆရာတော် ဦးဇဝန။
၃။ ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့၊ စွန်းလွန်းဂူ ကျောင်းတိုက် ဆရာတော် ဦးဓမ္မသာမိ။
၄။ ရန်ကုန်မြို့၊တောင်ဥက္ကလာပ (၁၆) ရပ်ကွက်၊ စွန်းလွန်းဂူ ကျောင်းတိုက်၊ဆရာတော် ဦးတိလောကသာရ။
၅။ ၄င်းကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဦးသုန္ဒရ။
၆။ မြင်းခြံမြို့၊ စွန်းလွန်းဂူကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဦးဝိသုဒ္ဓ။
၇။ ရန်ကုန်မြို့၊တောင်ဥက္ကလာပ (၁၆)ရပ်ကွက်၊ စွန်းလွန်းဂူ ကျောင်းတိုက်၊ တိုက်အုပ်ဆရာတော် ဦးသုမန။

ဖော်ပြပါဆရာတော်ကြီးများသည် ကျေးဇူးရှင်စွန်းလွန်း ဆရာတော်ဘုရားကြီး၏ ထံတော်ပါးတွင် နှစ်ပေါင်းများစွာ လုပ်ကျွေးပြုစုရင်း ဆရာတော်ဘုရားကြီး၏ ဥပနိဿရည်းနှင့် အဆုံးအမအဝဝကို ခံယူလိုက်နာတော်မူခဲ့ကြသည်ဆရာတော်များဖြစ်ကြသည်။ မြင်းခြံတိုက်အုပ်ဆရာတော်သည် ဆရာတော်ကြီးသက်တော်ထင်ရှား ရှိစဉ်ကပင် တိုက်အုပ်ဆရာတော်ဖြစ်ခဲ့ပြီး၊ ဆရာတော်ကြီးပရိနိဗ္ဗာန် ပြုသည့်အခါ ရုပ်ကလာပ်တော် ကိန်းဝပ်ရန်အတွက် ဂန္ဓကုဋ္ဋိသံသရာအေးစေတီတော်ကြီးကို ဦးစီးတည်ဆောက်တော်မူခဲ့သော ဆရာတော်ပင် ဖြစ်သည်။ ယခုအခါ ဝါတော် (၅၃) ဝါရှိပေပြီ။

မတ္တရာမြို့၊ ရွှေပုထိုး စွန်းလွန်းကျောင်းတိုက်ဆရာတော် ဦးဇဝနမှာ စွန်းလွန်းဆရာတော် ဦးတိလောကသာရ၊ ဆရာတော် ဦးသုန္ဒရ၊ ဆရာတော် ဦးဝိသုဒ္ဓ၊ ဆရာတော် ဦးဓမ္မသာမိနှင့် ဆရာတော် ဦးသုမနတို့သည်လည်း ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းတွင် အနည်းဆုံး (၁၂)နှစ်မှ (၁၄)နှစ်အထိ လည်းကောင်း စနစ်တကျ အဆုံးအမ ခံယူခဲ့သူများဖြစ်၍၊ယခုအခါ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မိမိတို့၏ ကျောင်းတိုက် အသီးသီးတွင် ဆရာတော်ကြီး၏ ဥပနိဿရည်းအတိုင်း အာနာပါနကမ္မဋ္ဌာန်းကို လက်တွေ့ဟောပြောပြသလျက် ရှိတော်မူကြသည်။

မြင်းခြံမြို့စွန်းလွန်းရွာတွင် ခမည်းတော် ဦးသန့်၊ မယ်တော်ဒေါ်တုတ်မှ ၁၂၁၉-ခုနှစ်၊ တပေါင်းလဆန်း(၂)ရက်၊ တနင်္လာနေ့တွင် ဖွားမြင်သော စွန်းလွန်းဆရာတော်အလောင်း မောင်ကျော်ဒင်မှာ ငယ်စဉ်ကမြင်းခြံမြို့၊ မင်းကျောင်းဆရာတော်ထံတွင် စာပေသင်ကြားခဲ့သော်လည်း ဆရာတော်ဘုရားကြီးကိုယ်တိုင် ထုတ်ဖော်မိန့်ကြားချက်အရ "ရှေးဝိပါက်"ကြောင့် စာတတ်တော်မမူခဲ့ရှာပေ၊ ဤသို့ စာပေကျမ်းဂန် မတတ်ကျွမ်းသူတစ်ဦးသည် သေခြင်းတရားကို အမှန်တကယ် ကြောက်လန့်လာသည့်အခါ မမေ့မလျော့၊ မပေါ့မဆသောသတိဖြင့် ဧကောဓမ္မော-ဘုရားဟောတရားအစစ်ဖြစ်သည့် "ထိမှုနှင့်သိမှုကိုသတိကြပ်ကြပ်ပြု၍" အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပါများလတ်သော် အာသဝေါတရားလေးပါးကုန်ခမ်း၍ ရဟန္တာဖြစ်လာခဲ့ခြင်းသည်ပင် နိုင်ငံတဝန်းလုံး၌ အံ့ဖွယ်သူရဲ ထူးကဲကျော်ကြားစိတ်ဝင်စားစရာ သတင်းတရပ် ဖြစ်လာခဲ့ရသည်။ စာတတ်ပေတတ်၊ ကျမ်းတတ်အကျော် ဆရာတော်ကြီးများကိုယ်တိုင် စစ်ဆေးမေးမြန်း၍ စမ်းသပ်တော်မူသည့်အခါ ဦးကဝိဘွဲ့မည်ရ တောထွက်ရဟန်းကြီးဖြစ်သော စွန်းလွန်းဆရာတော်သည် ဧကန်စင်စစ် ရဟန္တာဖြစ်ကြောင်းတွေ့ရှိသည်နှင့် ယင်းစာတတ်ပေတတ် ကျမ်းဂန်တတ်ဆရာတော်ကြီးများသည်ပင် စွန်းလွန်းဆရာတော်ဘုရားကြီး၏ နည်းနိဿယကို မေးမြန်းရယူပြီး၊ ကိုယ်တိုင် လိုက်နာအားထုတ်တော်မူခဲ့ကြသည်။ဆရာတော်ဘုရားကြီး၏ ဂုဏ်သတင်းကို ကြားသိကြရသော ရပ်နီးရပ်ဝေးမှ ရဟန်းပရိတ်သတ်၊ လူပရိတ်သတ်များသည်လည်း မြင်းခြံမြို့သို့ စုဝေးရောက်ရှိလာကြလျက် ဆရာတော်ဘုရားကြီး၏ နည်းနိဿယကို ခံယူကြပြန်သည်။ဤသို့ဖြင့် နှစ်ပရိစ္ဆေဒ အတန်အကြာငုပ်၍နေခဲ့သော ပဋိပတ္တိသာသနာတော်ကြီးသည် ကျေးဇူးရှင်စွန်းလွန်းဆရာတော်ဘုရားကြီးအား အကြောင်းပြု၍ မြန်မာနိုင်ငံ၌ ပြန်လည်ပွင့်လန်း စည်ပင်လာခဲ့ရာ၊ ဟောပြော



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လမ်းညွှန်သည့်အတိုင်း တိတိကျကျ လိုက်နာအားထုတ်ခဲ့ကြသူများအဖို့ ပါရမီရှိသလောက် ပေါက်ရောက်ခဲ့ကြသည်ဖြစ်ရကား နတ်လူသာခုခေါ် ဖွယ်ရာပင်ဖြစ်ပေသည်။

စွန်းလွန်းဆရာတော်ဘုရားကြီး၏ လောင်းလျာဖြစ်သော ဦးကျော်ဒင်သည် သေရမည်ကို ကြောက်ရွံ့လှသည်ဖြစ်၍ ထက်မြက်လှသော သဒ္ဓါဝီရိယဖြင့် မနားမနေ တရားအားထုတ်လာခဲ့ရာ ၁၂၈၂-ခုနှစ် ဝါဆိုလပြည့်ကျော်(၁၃)ရက်၊ကြာသပတေးနေ့ည(၁၀)နာရီ အချိန်ခန့် တွင် ပဌမအကြိမ် တရားထူးကိုရတော်မူသည်။ ဤနေ့မှ တစ်လတိတိ ပြည့်ပြန်သော ဒုတိယအကြိမ်တရားထူးကိုရတော်မူသည်။တစ်ဖန် တစ်လတိတိပြည့်ပြန်သော တော်သလင်းလပြည့်ကျော်(၁၃)ရက်၊ တနင်္လာနေ့ ည(၁၀) နာရီအချိန်ခန့်တွင် တတိယအကြိမ်တရားထူး ရရှိပြီးနောက် ၊ ဦးကျော်ဒင်သည် ၁၂၈၂- ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၅)ရက်နေ့၌ ယာထွန်နေရင်း၊ ထွန်ပေါ်မှဆင်း၍ တောထွက်ခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ကဝိ ဖြစ်သည်။ ထွန်ပေါ်မှဆင်း၍ တောထွက်ခဲ့သည်ကို အကြောင်းပြု၍ ထွန်ဆင်းကိုယ်တော်ဟူ၍လည်းကောင်း၊ ထွန်တုံးကိုထောင်ခဲ့ပြီ၊ တောထွက်သဖြင့် ထွန်ထောင်ကိုယ်တော်ဟူ၍လည်းကောင်း ထင်ရှားခဲ့သည်။တတိယအကြိမ် တရားထူးရရှိခဲ့ပြီးနောက် တစ်လတိတိအကြာ သီတင်းကျွတ်လပြည့်ကျော်(၁၃)ရက်၊အင်္ဂါနေ့ည(၁၀)နာရီ အချိန်ခန့်တွင် စတုတ္ထအကြိမ် တရားထူးကို ရရှိလေသည်။၁၃၁၄-ခုနှစ်၊ကဆုန် လပြည့်ကျော်(၉)ရက်၊ စနေနေ့တွင် ပရိနိဗ္ဗာန်ပြုတော်မူ၏။(အကျယ်ကိုသိလိုမူမြင်းခြံမြို့ ကျေးဇူးရှင် စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိအကျယ်ကို ရှုလေ)။

၁၂၈၂-ခုနှစ်၊သီတင်းကျွတ်လပြည့်ကျော်(၅)ရက်နေ့၌ သာမဏေအဖြစ် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့သော ရှင်ကဝိအား ၁၂၈၂-ခုနှစ် တပေါင်းလပြည့်ကျော် (၁၂)ရက်၊ တနင်္လာနေ့ ညနေ(၄)နာရီ( ၉)မိနစ်အချိန်တွင် မိတ္ထီလာမြို့၊ ရေလယ်ကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ဟင်းရန့်ကန်ဆရာတော်ဘုရားကြီးက ဥပဇ္ဈာယ်အဖြစ်လည်းကောင်း၊ မိတ္ထီလာရေလယ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာတော်၊ ညောင်လွန့်ဆရာတော်နှင့် ရဟန်းတစ်ကျိပ်ကျော်တို့က ကမ္မဝါ ဆရာများအဖြစ်လည်းကောင်း၊ အသီးသီးဆောင်ရွက်တော်မူကာ ရဟန်း ဘောင်သို့ သွတ်သွင်းချီးမြှောက်တော်မူသည်။

စွန်းလွန်းဆရာတော် ဘုရားကြီး၏ တပည့်ရင်းတစ်ပါး ဖြစ်တော်မူသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပ၊ ၁၆ရပ်ကွက် စွန်းလွန်းဂူကျောင်းတိုက်မှ ဆရာတော် ဦးတိလောကသာရ၏မှတ်စုတွင် စွန်းလွန်းဆရာတော်ဘုရားကြီး ၏ ရဟန်းခံရက်ချုပ်ကို အောက်ပါအတိုင်းတွေ့ရှိရသည်။ (ရေးသူဘွဲ့အမည်ကို မသိရလေ၊ မိတ္ထီလာရေလယ်ဆရာတော်နှင့် ညောင်လွန့်ဆရာတော် တစ်ပါး ပါးပင် ဖြစ်မည်ထင်သည်ဟု ဆရာတော်များကအမိန့်ရှိသည်။)

## မြင်းခြံမြို့၊ကျေးဇူးရှင်စွန်းလွန်းဂူကျောင်း ဆရာတော်ဘုရားကြီး၏ ရဟန်းခံရက်ချုပ်

သက္ကျပုတ္တိယ သမဏဟူ၊နာမ မည်တွင်၊ အိုချစ်ရှင်။ ။အသင် သည်အဘယ်ကာလ၊ အဘယ်ဌာနဝယ်၊ ဥပဇ္ဈာယ်ဆရာတော်တို့ဖြင့် သာသနာထမ်း ရဟန်းဖြစ်ခဲ့ပါသနည်းဟု သိပ်သည်းစေ့ငု အာဂန္တု တို့က မေးမြန်းမူပြုသောအခါ သာသနာနှစ် (၂၄၆၄)ခု ၊ ကောဇာ သက္ကရာဇ် (၁၂၈၂)ခု ၊ ဂိမ္ဟန္တစန္ဒရနှင့်ဖဂ္ဂုန နက္ခတ်၊ မွန်းမတ်တည့် ရာ၊ မိန်ရာသီသမယ၊ ပန်းအင်ကြင်း ပျံ့သင်း လှုသော တပေါင်းလ လဆုတ်ပက္ခ (၁၂)ရက်၊ တနင်းလာနေ့၊ ချမ်းမြေ့သာယာ ညချမ်းခါ ဖြစ်သော၊နာရီပြန်လေးချက်၊ ကိုးမိနစ်ကျော်ထက်တွင် ကျက်သရေ စုံပို့၊ မိတ္ထီလာမြို့ အရှေ့တောင်ကျောင်း၊ တန်ဆောင်းတော်ရေလယ် တွင် ရှင်ကဝိဟု၊ မည်မှည့်ခေါ်ဝေါ်၊ တပည့်တော်သည်၊ သိက္ခာ ကာမ ဖြစ်တော်မူ သော ဟင်းရန့်ကန်တောရဆရာတော်ဘုရား ကြီးကို ဥပဇ္ဈာယ်ပြု၍၊ ညောင်လွန့်ဆရာတော်၊ ရေလယ်ဆရာတော် အမှူးရှိသောကမ္မဝါဆရာ၊ သံဃာတော် တစ်ကျိပ်ကျော်တို့က မျှော် ခေါ်စောင်မ၊ချီးမြှောက်ကြသဖြင့်၊ သက္ကျပုတ္တိယ၊ အဘိသေကသညာ၊



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

F4A

မင်္ဂလာမှု၊ ယဉ်စွာပြုလျက်၊ သုဒုလ္လဘ၊ ဥပသမ္ပန္န၊ ပဥ္စင်္ဂရဟန်းဖြစ်ပါကြောင်းကို ကောင်းမွန်စွာ ပြောပြ၍ အဘိသမာစာရိက ကျင့်ဝတ်ကို မချွတ်အောင်ပြုရပါမည် ငါ့ရှင်ပဥ္စင်းသစ်။

ဆရာတော်ဘုရားကြီးသည် အထက်တွင် ပြဆိုခဲ့သည့်အတိုင်း စာပေမတတ်ကျွမ်းသဖြင့် ကျမ်းတစ်စောင်တစ်ဖွဲ့မျှ ပြုစုထားရစ်တော် မမူခဲ့ချေ၊ သာသနာ့ဘောင်သို့ ဝင်ရောက်သည်မှ ပရိနိဗ္ဗာန်ပြုသည်အထိ နှစ်ပေါင်း (၃၀)ကျော်အတွင်းတွင် ဆရာတော်ဘုရားကြီးသည် တပည့်ဒါယိကာအပေါင်းတို့အား၊ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း **ဧကောဓမ္မော**-ဘုရားဟောတရားအနှစ်၊ ကိုယ်တိုင်တွေ့ ဓမ္မစစ်ကို နှုတ်ဖြင့်သာ ဟောပြောလမ်းညွှန်သွားတော်မူသည်။ ယင်းသို့နှုတ်ဖြင့် ဟောပြောလမ်းညွှန်သွားခဲ့သည်များကို စနစ်တကျ မှတ်သားဆည်းပူး ထားခဲ့ကြသည့် တပည့်ရင်း ဆရာတော်ကြီးများက နောင်လာနောက်သား များ၏ အကျိုးငှာ မိမိတို့မလွန်မီ ယခုကဲ့သို့ ပုံနှိပ်အက္ခရာတင်နိုင်ရန် စုဆောင်းပြုစု၍ ချီးမြှောက်တော်မူကြခြင်းသည် ရဟန်းရှင်လူအများအဖို့ လွန်စွာအကျိုး များလှပေသည်။ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင် သွန်သင်ပြသ တော်မူခဲ့သော အဆုံးအမ ဟုတ်-မဟုတ်၊ ဆရာတော်ဘုရားကြီးကိုယ်တိုင် မိန့်ကြားသွားတော်မူသော နည်းစနစ် ဟုတ်-မဟုတ်၊ ဆရာတော်ဘုရားကြီး ကိုယ်တိုင်မိန့်ကြားသွားသော အဆုံးအမ ဟုတ်-မဟုတ် စသည့်မေးခွန်း ပြဿနာများကို ဤစာအုပ်က အတိအကျ ရှင်းလင်းဖြေဆိုထားပေသည်။

ဥပမာအားဖြင့် "မျက်ကွယ်မျက်မှောက်" ပြဿနာနှင့်ပတ်သက်၍ ရည်ညွှန်းလိုပေသည်။ ဆရာတော်ဘုရားကြီး၏ တပည့်များအတွင်း၌ပင် ဤပြဿနာနှင့် ပတ်သက်၍ အဆိုအမိန့် နှစ်မျိုးကွဲလျက် ရှိနေခဲ့သည်။ အချို့က ဆရာတော်ဘုရားကြီးသည် မိမိထံရောက်လာကြသူ အပေါင်းအား "ဒီလို ဒီလိုရှု" ဟူ၍ လမ်းညွှန်ပြီး၊ မျက်ကွယ်ရာဖြစ်သောဂူ အသီးသီးသို့ ဝင်ရောက်အားထုတ်စေခဲ့သည်။ "ဆရာတော်ဘုရားကြီး မျက်မှောက်၌ အားထုတ်စေသည်ကို မတွေ့ဖူးပါ" ဟုဆိုကြသည်။ အချို့ကလည်း " ဆရာတော်ဘုရားကြီး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သည် တပည့်အပေါင်းတို့အား မိမိ၏မျက်မှောက်တွင် စုဝေးစေလျက် အားထုတ်စေခဲ့သည်မှာ အမှန်” ဟုဆိုကြသည်။ယင်းပြဿနာနှင့် စပ်လျဉ်း၍ အဖြေမှန်ကို ဤစာအုပ်တွင် ဖော်ပြထားပေသည်။ ဖြေဆိုပေးသူမှာ ယခုအခါ မတ္တရာမြို့ ရွှေပုထိုး စွန်းလွန်းဂူကျောင်းတိုက်တွင် သီတင်းသုံးတော်မူလျက် ရှိသော ကျေးဇူးရှင် မတ္တရာ ဆရာတော်ဘုရားကြီးပင်ဖြစ်သည်။ မတ္တရာ ဆရာတော်ဘုရားက-

“ဘုန်းကြီးဟာ ဆရာတော်ဘုရားကြီးထံတော်ရင်းမှာ ၁၄-နှစ်ကြာခဲ့တယ်၊ ၁၀-နှစ်လောက်အထိဟာတော့ မျက်ကွယ်ဆိုတာ မှန်တယ်၊ ဒါပေမယ့် အဲဒီ ၁၀-နှစ်ကကျော်တော့ ဆရာတော်ဘုရားကြီးဟာ တပည့်တွေကို အခုလိုပဲ မျက်မှောက်မှာစုပြီး အားထုတ်ခိုင်းတယ်၊ ဒါဘုန်းကြီးကိုယ်တွေ့ပဲ မျက်ကွယ်လို့ ပြောတဲ့သူတွေက ပထမ ၁၀-နှစ်ပိုင်းတုန်းက သူတို့မြင်တွေ့ သွားတာကို သူတို့ပြောတာ၊ ပထမ ၁၀-နှစ်ပိုင်းတုန်းကဆိုရင် ဟုတ်တယ်၊ သည်ဘက်ပိုင်းကျတော့ မဟုတ်တော့ဘူး၊ မျက်မှောက်ဖြစ်လာပြီ” ဟု မိန့်ကြားတော်မူသည်။ (အတွင်းတွင်ကြည့်လေ)။

ဆရာတော်ဘုရားကြီး ပရိနိဗ္ဗာန်ပြုတော်မူသည်မှာ (၁၉)နှစ်မျှသာ ကြာသေးသည်။ ဤ(၁၉)နှစ်အတွင်း၌ အဆိုအမိန့်များ ဤသို့ကွဲပြားစပြု နေလျှင် နောင်ယခုထက် ကာလရွေ့လျားလာခဲ့သော် ပို၍ကွဲပြားလာနိုင်စရာ အကြောင်းရှိပေသည်။ ဤအကြောင်းကြောင့်လည်း ဆရာတော်ဘုရားကြီး ၏ အဆုံးအမ ဩဝါဒများ ပျောက်ပျက်ခြင်း၊ တိမ်းပါးခြင်း၊ ကွဲပြားခြင်း မဖြစ်ရ အောင် ဆရာတော်ဘုရာကြီး၏တပည့်ရင်း ဆရာတော်များကိုယ်တိုင် စုဆောင်း ပြုစု၍ ယခုကဲ့သို့ ပုံနှိပ်အက္ခရာတင်ကာ ဓမ္မဒါနအဖြစ် ဖြန့်ဖြူး ရခြင်းဖြစ်ပေသည်။

ယခုအခါ ကျေးဇူးရှင်စွန်းလွန်းဆရာတော်ဘုရားကြီး၏ တပည့်ရင်း ဆရာတော်များသည် တပည့်ဒါယိကာ၊ဒါယိကာမ အပေါင်းတို့အား မျက်မှောက်တွင် ကိုယ်တော်တိုင် ကြပ်မတ်၍ စွန်းလွန်း ဥပနိဿယအတိုင်း ဖိဖိစီးစီး နည်းပြ လမ်းညွှန်တော်မူလျက်ရှိရာ “နှစ်ထောင်ကျော်ဟိုး ဈေးပေါင်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကျိုး” ၌ သံသရာမှ ထွက်မြောက်လိုသူမှန်သမျှသည် သဒ္ဓါဝီရိယထက်သန်စွာဖြင့် ထိထိရောက်ရောက် အားထုတ်ကြမည်ဆိုပါက ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့သည့်အတိုင်း မိမိတို့ ပါရမီရှိသလောက် ပေါက်ရောက်ကြမည်မှာ အမှန်ဖြစ်ပေသည်။

ဤစာအုပ်ကို ပုံနှိပ်ထုတ်ဝေ၍ ဓမ္မဒါနပြုရသော အကျိုးကြောင့် စွန်းလွန်းဆရာတော်ဘုရားကြီး၏ တပည့်ရင်းချာဖြစ်သော ကျွန်ုပ်တို့သည် ယခုဘဝ၌ပင်လျှင် နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုကြရပါလို၏။ ဤစာအုပ်ကိုလက်ဝယ်ရရှိဖတ်ရှုကြရသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် အပေါင်းတို့သည်လည်း၊ ဤစွန်းလွန်း ဥပနိဿရည်းကို ရယူကျင့်သုံးအားထုတ်ကြသော အကျိုးအားကြောင့် ယခုဘဝ၌ပင်လျှင် နိဗ္ဗာန်မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်ကြသည် ဖြစ်ပါစေသော်။

ဦးစောဦး

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကျေးဇူးရှင်
စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး၏

# အံ့ဖွယ်လေးဖြာ

၁။ ၁၂၈၂ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့၊ ည ၁၀ နာရီခန့်တွင်ပထမအကြိမ်တရားထူးကိုရတော်မူသည်။

၂။ ၁၂၈၂ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ စနေနေ့ည ၁၀ နာရီခန့်တွင်ဒုတိယအကြိမ် တရားထူးကိုရတော်မူသည်။

၃။ ၁၂၈၂ ခုနှစ်၊တော်သလင်းလပြည့်ကျော် ၁၃-ရက်၊ တနင်္လာနေ့၊ ည ၁၀-နာရီခန့်တွင် တတိယအကြိမ် တရားထူး ကိုရတော်မူသည်။

၄။ ၁၂၈၂-ခုနှစ်၊သီတင်းကျွတ်လပြည့်ကျော် ၁၃-ရက်၊ အင်္ဂါနေ့၊ ည ၁၁-နာရီခန့်တွင် စတုတ္ထအကြိမ် တရားထူးကို ရတော်မူသည်။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သမထ ဝိပဿနာ တရား အားမထုတ်မီ

## ပုဗ္ဗကိစ္စ ပရိကံပြုပုံ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
(သုံးခေါက်ဆို)

မြတ်စွာဘုရား ဘုရားတပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်တရားကို ယခု တရားအားထုတ်ဆဲအခါ၌ မြတ်စွာဘုရားအား နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းပါ၏ အရှင်ဘုရား၊ ကမ္မဋ္ဌာန်းဆရာ ဖြစ်တော်မူသော စွန်းလွန်းဂူကျောင်း ဆရာတော်ဘုရားကြီးဘုရား၊ ဘုရားတပည့်တော်၏ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို ယခုတရားအားထုတ်ဆဲအခါ၌ ဆရာတော်ဘုရားကြီးအား နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းပါ၏ အရှင်ဘုရား၊ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့သည် ကိုယ်စိတ် နှစ်ဖြာချမ်းသာကြပါစေ၊ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာချမ်းသာကြပါစေ၊ ဤကောင်းမှု ဤကုသိုလ်တို့၏ အဖို့ဘာဂကို၊ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကြကုန်သော ဝေနေယျ သတ္တဝါအပေါင်းတို့ အား အမျှပေးဝေပါကုန်၏၊ အမျှယူတော်မူကြပါ၊ အမျှ-အမျှ-အမျှ၊ သူတော်ကောင်းသူမြတ်လောင်းတို့၏ ပို့သသောမေတ္တာ၊ ပေးဝေသော ကုသိုလ်တို့ကိုလည်း အကျွန်ုပ်ကခံယူပါ၏ ။

သာဓု . . . သာဓု . . . သာဓု . . . ။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မြင်းခြံမြို့
ကျေးဇူးရှင် စွန်းလွန်းဂူကျောင်း ဆရာတော်ဘုရားကြီး၏

# သာရဏီယကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

အရဟတော-လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ သမ္မာသမ္ဗုဒ္ဓဿ-သစ္စာလေးပါးမြတ်တရားကို ပိုင်းခြား ထင်ထင် သိမြင်တော်မူတတ်သော ၊ တဿဘဂဝတော-ထိုမြတ်စွာဘုရားအား၊ နမော-ရှိခိုးခြင်းသည်၊ အတ္ထု-ဖြစ်စေသတည်း။

စောထွဋ်ဘုန်းရှိန်၊ လင်းလင်းထိန်၊ ဇိနိဒ် နမာမိ၊
ဓမ္မ ဆယ်ခံ၊ ရှစ် သံဃံ၊ အဟံ ဝန္ဒာမိ။

စွန်းလွန်းဆရာတော်ဘုရားကြီးသည် တပည့်များကို အသက်ထက်ဆုံး နှလုံးသွင်း အောက်မေ့အပ်သော(သရဏီယကထာ)စကားများကို အောက်ပါအတိုင်း ဆုံးမတော်မူသည်။

## ၁။ သတိကိုမွေးမြူ ၊ ဝေဒနာကို ကြပ်ကြပ်သည်းခံကြဟု ဆုံးမတော်မူပုံ

ကိုယ်တော်တို့ သတိကို မွေးမြူကြ၊ ဝေဒနာကို ကြပ်ကြပ်သည်းခံကြ၊ သတိကိုမွေးမြူတော့ သတိကတံခါးနားကပ်ပြီး ဆုံးမပေးလိမ့်မယ်၊ ဘယ်တံခါး

F.5.B

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လဲဆိုတော့ မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ လျှာတံခါး၊ ကိုယ်တံခါး၊ မနောတံခါး၊ အဲဒီတံခါးခြောက်ပေါက်ကနေပြီး ဆုံးမပေးလိမ့်မယ်တဲ့။

ဘယ်လိုများ ဆုံးမပေးသလဲဆိုတော့ ဒီအာရုံဟာ ကောင်းတယ်၊ လက်ခံ၊ ဒီအာရုံဟာ မကောင်းဘူး၊ လက်မခံနှင့်ဟု ဆုံးမပေးလိမ့်မယ်တဲ့၊ ကျမ်းဂန်မှာလဲ ဗလဝသတိဆိုလျှင် ပညာပါပြီတဲ့၊ ဝေဒနာကို ကြပ်ကြပ်သည်းခံတော့ အတွေ့ခံနိုင်တယ်၊ အထိခံနိုင်တယ်၊ ကျမ်းဂန်အတိုင်းပြောရလျှင် လောကဓံတရားရှစ်ပါးပေါ့၊ လောကဓံတရား ရှစ်ပါးက အကောင်းလေးပါး၊ အဆိုးလေးပါးပေါ့၊ အကောင်းလေးပါးနှင့်တွေ့လဲ ခြေဖျားမထောက်ဘူး၊ အဆိုးလေးပါးနှင့်တွေ့လဲ ငရန့်ပြာချ မဖြစ်ဘူး၊ ကြန္တြေရရနဲ့ ခံနိုင်တယ်၊ ဒါဖြင့်ဘယ်လိုသတိကို မွေးမြူရမည်လဲ၊ မျက်စိနှင့်အဆင်း ထိတော့ သိလိမ့်မယ်၊ အဲဒီသိတဲ့အပေါ်မှာ သတိထား၊ နားနှင့်အသံနှင့် ထိတော့ သိလိမ့်မယ်၊ အဲဒီသိတဲ့အပေါ်မှာ သတိထား၊ နှာခေါင်းနှင့်အနံ့ နှင့်ထိတော့ သိလိမ့်မယ်၊ အဲဒီသိတဲ့အပေါ်မှာ သတိထား၊ လျှာနှင့်အရသာ နှင့်ထိတော့ သိလိမ့်မယ်၊ အဲဒီသိတဲ့အပေါ်မှာ သတိထား၊ ကိုယ်နှင့်အတွေ့ နှင့်ထိတော့ သိလိမ့်မယ်၊ အဲဒီသိတဲ့အပေါ်မှာ သတိထား၊ စားလျှင်သတိနှင့် စား၊သွားလျှင် သတိနှင့်သွား၊ ရပ်လျှင်သတိနှင့်ရပ်၊ ထိုင်လျှင်သတိနှင့်ထိုင်၊ အိပ်လျှင်သတိ နှင့်အိပ်၊ တူရူကြည့်တယ်၊ တစောင်းကြည့်တယ်၊ သတိနှင့် တူရူကြည့်၊ သတိနှင့်တစောင်းကြည့်၊ ရှေ့တက်တယ် နောက်ဆုတ်တယ်၊ သတိနှင့် ရှေ့တက်၊ သတိနှင့်နောက်ဆုတ်၊ ကွေးတယ်၊ ဆန့်တယ်၊ သတိနှင့် ကွေး၊ သတိနှင့်ဆန့်၊ ကျင်ကြီးစွန့်တယ်၊ ကျင်ငယ်စွန့်တယ်၊ သတိနှင့်ကျင်ကြီးစွန့်၊ သတိနှင့်ကျင်ငယ်စွန့်၊ ဘယ်အမူအရာပဲဖြစ်ဖြစ် သတိတော့မလွတ်စေနဲ့ ပြုမူတဲ့အမူအရာအတိုင်း၊ ပြုမူတဲ့အမူအရာတိုင်း၊ သတိထားသတိပြု၊ ဘဝင်ကျပြီး အိပ်ပျော်သည်မှတစ်ပါး၊ သတိတော့မလွတ်စေနှင့် သတိဦးဆိုက်လျှင် ပညာပဲ့ဆိုက်မှာပါပဲ။

အားထုတ်တဲ့အခါ သည်အတိုင်းအားထုတ်၊ (အားထုတ်နည်းကို နောက်မှာပြောမှာပေါ့)၊ အဲဒီလိုအားထုတ်လျှင် ပါရမီမရှိလျှင် ပါရမီရှိလာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လိမ့်မယ်၊ ပါရမီရှိလို့ နုလျှင် ပါရမီရင့်လာလိမ့်မယ်၊ ပါရမီရင့်လျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရလိမ့်မယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရတော့ သာကောင်းမှန်းသိ၍ သာမလွှတ်တော့ဘူး၊ ဘာပြုလို့ သာကောင်းမှန်းသိ၍ သာမလွှတ်သလဲ၊ စိတ်ဟာ အာရုံနှင့်ကင်းမနေနိုင်ဘူး (အဲဒီတော့) ထိမှု၊ သိမှုရုပ်နာမ်အာရုံက လွဲလျှင် ကိလေသာအာရုံချည်းပဲ၊ အဲဒါကြောင့် သာကောင်းမှန်းသိ၍ သာမလွှတ်တော့ဘူး၊ ပရိနိဗ္ဗာန စုတိကျတော့မှ ဥပါဒိ-ဣဘင် ဆိုပြီး နောက်ထပ် မဥပါဒ်တော့မှ လွှတ်လိုက်မှာပဲ။

စားလျှင် သတိနှင့်စားဆိုတာကို အသေးစိတ်ရအောင် တစ်ချို့က စွန်းလွန်းနည်းဟာ ဓမ္မာရုံအတွင်းမှာသာ အားထုတ်တယ်၊ အပြင်ကျတော့ အားမထုတ်ရဘူးတဲ့၊ ဒါကအားထုတ်တဲ့ ပုဂ္ဂိုလ်ရဲ့တာဝန်ပဲ၊ စွန်းလွန်းနည်းက အမြဲတမ်းအားထုတ်ဖို့ ပေးထားတာပါ၊ ကဲ-စားလျှင် သတိနှင့်စားဆိုတာ ထမင်းပွဲရှေ့ရောက်ပြီ ဆိုကြပါစို့၊ ကိုယ်ကြိုက်နှစ်သက်တဲ့ ဣရိယာပုထ်ဖြင့် ထိုင်ပြီးပြီ၊ ထမင်းရှိရာကို လက်သွားတော့သိလိမ့်မယ်၊ အဲသည်သိတဲ့ အပေါ်မှာ သတိထား၊ အဲဒါထဲ လက်သွားတဲ့ အမူအရာကို ပြောတာ၊ လက်သွားတယ်ဆိုတဲ့ နာမည်မဟုတ်ဘူး၊ လက်သွားမှုနှင့် သိမှုနှင့်သတိနှင့်ပြိုင်ကျအောင်သတိထားပြီး လက်သွားဖို့ပြောတာ၊ ထမင်းနှင့် လက်ထိတော့ သိလိမ့်မယ်၊ သိတဲ့အပေါ်မှာ သတိထားကိုင်၊ ထမင်းကို ပါးစပ်ရှိရာယူတော့သိလိမ့်မယ်၊ အဲသည်သိတဲ့အပေါ်မှာ သတိထားပြီးယူ၊ ထမင်းကို ပါးစပ်ထဲခွံ့တော့ သိလိမ့်မယ်၊ အဲဒီသိတဲ့အပေါ်မှာ သတိထားပြီးခွံ့၊ ပါးစပ်ထဲ ထမင်းရောက်တော့ ဝါးတာသိလိမ့်မယ်၊ အဲသည် အသိပေါ်မှာ သတိထားဝါး၊ ထမင်းကို မျိုတော့ သိလိမ့်မယ်၊ အဲသည်သိတဲ့ အပေါ်မှာ သတိထားပြီးမျို၊ မျိုတယ်ဆိုတဲ့ နာမည်မဟုတ်ဘူး၊ မျိုတဲ့ အမူအရာကို သတိထားဖို့ပြောတာ၊ အဲဒါစားလျှင် သတိနှင့်စားလို့ ဆိုတာပဲ။

သွားလျှင် သတိနှင့်သွားဆိုတာက၊ ခြေထောက်နှင့် မြေကြီးနှင့် ထိတော့ သိလိမ့်မယ်၊ အဲသည်သိတဲ့အပေါ်မှာ သတိထားသွား၊ ခြေထောက်လို့ မြေကြီးလို့ မခွဲခြားနှင့်၊ ထိကာမျှ၊ သိကာမျှကလေးကိုသာ သတိထားသွား၊



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖျာနှင့်ထိထိ၊ ကောဇောနှင့်ပဲထိထိ၊ ဘာနှင့်ပဲထိထိ ထိကာမျှ၊ သိကာမျှကိုသာ သိအောင် သတိထားသွား။

ရပ်လျှင် သတိနှင့်ရပ်ဆိုတာလဲ သည်အတိုင်းပဲ၊ သို့သော် ရပ်တဲ့ အမူအရာပေါ်မှာလဲ ထားနိုင်ပါတယ်၊ ထိုင်လျှင် သတိနှင့်ထိုင်ဆိုတာလဲ သည်အတိုင်းပါပဲ၊ သို့သော် ဖျာရယ်လို့၊ တင်ပါးရယ်လို့တော့ မခွဲခြားနှင့်။

အိပ်လျှင် သတိနှင့်အိပ်ဆိုတာက၊ ရှေးဦးစွာ ဘုရားကန်တော့၊ ငါးပါး၊ ရှစ်ပါး ကိုယ်နှစ်သက်တဲ့ သီလကိုခံယူ၊ မိမိကိုယ်ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါးကို မြတ်စွာဘုရားနှင့်(ဆရာတော်ဘုရားကြီး)အား လှူလိုက် အမျှဝေ သူတော် ကောင်း သူမြတ်လောင်းတွေပို့သတဲ့ မေတ္တာ၊ ပေးဝေတဲ့ကုသိုလ် အဖို့လဲ သာဓုသုံးကြိမ်ခေါ်၍ခံယူ၊ ပြီးလျှင် စိတ်ကိုဓိဋ္ဌာန်လိုက်၊ ငါအိပ်လဲတရား နှင့်အိပ်မယ်၊ နိုးသည်နှင့်တပြိုက်တည်း ငါထ၍ တရားကို အားထုတ်မည်ဟု စိတ်ကို ဓိဋ္ဌာန်ပြီးပြီနော်၊လက်ယာနံတောင်းအောက်ကထား၊ လက်ဝဲနံတောင်း အပေါ်ကတင်၊ ဒူးနှစ်လုံးကို ဆင့်မထားနှင့်၊ ယှဉ်ထား၊ အဲသည်လိုအိပ် ခြင်းမျိုးကို မြတ်သောအိပ်ခြင်းလို့လဲခေါ်တယ်၊ ဘုရားရဟန္တာတို့အိပ်ခြင်းလို့လဲ ခေါ်တယ်၊လက်ဝဲနံတောင်းအောက်ကထား၊လက်ယာနံတောင်းအပေါ်က ထားပြီး အိပ်ခြင်းမျိုးကို ကာမဘောဂီအိပ်ခြင်းလို့ခေါ်တယ်၊ ပက်လက်လှန်၍ အိပ်ခြင်းကို ပြိတ္တာအိပ်ခြင်းလို့ခေါ်တယ်၊ မှောက်လျက်အိပ်ခြင်းကို တိရစ္ဆာန်တို့ အိပ်ခြင်းလို့ခေါ်တယ်။

မြတ်သောအိပ်ခြင်းဖြင့်အိပ်ပြီး မျက်စိကိုမှိတ်၊ ပါးစပ်ကိုပိတ်ပြီး ဝင်သက်ကစရှုပြီးအိပ်၊ ဝင်သက်ထွက်သက်က နှာသီးဖျားနှုတ်ခမ်းဖျားကို တိုးထိတော့ သိလိမ့်မယ်၊ အဲသည်ထိကာမျှ၊ သိကာမျှကိုသာ သတိထား သတိပြုပြီးအိပ်၊ ဘယ်အာရုံမျှ အဝင်မခံနှင့်၊ ဘယ်အာရုံမျှ ဆိုတာက သားရေး၊ သမီးရေး၊ စီးပွားရေးတွေ၊ ရပ်ရေးရွာရေး နိုင်ငံရေးတွေ အဝင်မခံနှင့်၊ ထိကာမျှ သိကာမျှကိုသာ သတိထား၊ သတိပြုပြီးအိပ်၊ အဲသည်လိုအိပ်တဲ့အခါမှာ သတိလွတ်ကင်းပြီး၊ ထိနမိဒ္ဓဝင်ပြီး ဘဝင်ကျ၊ အိပ်ပျော်သွားလိမ့်မယ်၊ အဲသည် လိုအိပ်ပျော်ပြီး အိပ်မက်ပြီး ရှုမနေလျှင်လည်း နိုးသည်နှင့် တစ်ပြိုင်တည်း



F.6.B

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သတိရပြီး ရှုနေပါလိမ့်မယ်၊ အဲသည်လိုနိုးသည်နှင့်တစ်ပြိုင်နက်ရှုတာကို စွန်းလွန်းဆရာတော်ဘုရားကြီးက "အိပ်သော် တစ်ရေး၊ ကိုယ်ကျိုးပေး၊ တရေးနိုးသော်အကြံပေါ်၊ ပေါ်သည့်အကြံ၊ တစ်သိန်းတစ်သန်းမက တန်" သတဲ့။

အဲသည်လိုမအိပ်လျှင် ဘယ်လိုများအိပ်မလဲ၊ တစ်နေ့လုံးလုပ်ခဲ့ကိုင်ခဲ့တာတွေဟာ အိပ်ရာဝင်တော့ လာပေါ်ကုန်ပြီ၊ ကိုယ်ထင်တိုင်းပေါက်တာ ၊ မှန်းတိုင်းရောက်တာတွေ လာပေါ်တော့ ကိုယ့်အလိုပြည့်ပြီး ပြုံးပြုံး-ပြုံးပြုံးနဲ့နေတတ်တယ်၊ ကိုယ်ထင်တိုင်းမပေါက်တာ မှန်းတိုင်းမရောက်တာတွေလာပေါ်တော့ ကိုယ့်အလိုမပြည့်လို့ ရှုံ့မဲ့ရှုံ့မဲ့နှင့်နေတတ်တယ်၊ တရားကိုနှလုံးမသွင်းမိတော့ ရုပ်မှန်းနာမ်မှန်းလဲမသိဘူး။

တရားကိုယ်ကောက်မယ်၊ ပြုံးပြုံး-ပြုံးပြုံးနဲ့နေတာ၊ လောဘ ရတယ်၊ ရှုံ့မဲ့ရှုံ့မဲ့နေတာ၊ ဆုတ်နစ်တဲ့ဒေါသ ရတယ်၊ ရုပ်မှန်းနာမ်မှန်းမသိတာ မောဟ ရတယ်၊ ကဲ-သက်သာသေးရဲ့လား၊ လောဘသည် ပြိတ္တာ၊ ဒေါသသည် ငရဲ၊ မောဟသည်တိရစ္ဆာန်၊ ကဲ-အဲသည်အပြစ်တွေ မကြောက်ဘူးလား၊ ကြောက်တယ်၊ ကြောက်လျှင် အိပ်သည့်အခါသတိနှင့်အိပ်၊ အဲသည်လိုသတိကို မွေးမြူတော့ သတိဦးဆိုက်ပြီး၊ ပညာပဲ့ ဆိုက်ပါလိမ့်မယ်၊ ပညာပဲ့ဆိုက်တော့ အကောင်းအဆိုး ခွဲခြားပြီးသိပါလိမ့်မယ်။ သိတော့မကောင်းတာကို ရှောင်ကြဉ်၊ ကောင်းတာကိုပွားများ အားထုတ်ပါလိမ့်မယ်။ အဲဒါကြောင့် "အပ္ပမာဒေါ အမတံ ပဒံ" တဲ့၊ မမေ့မလျော့ သတိနှင့်ပြည့်စုံခြင်းသည် နိဗ္ဗာန်ရောက်ခြင်းအကြောင်းတဲ့။ ( ဒါတွင်ကသေးသလား။)

အပ္ပမာ ဒေါတိပဒံ မဟန္တံ အတ္ထံ ဒီပေတိ မဟန္တံ အတ္ထံ ဂဟေတွာ တိဋ္ဌတိ သကလမ္ပိ ဟိ တေပိဋကံ ဗုဒ္ဓဝစနံ အာဟာရိတွာ ကထိယမာနံ အပ္ပမာဒ ပဒမေဝ ဩတရတိ။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အပ္ပမာဒေါတိပဒံ- အပ္ပမာဒဟူသော ဤပုဒ်သည်၊ ဝါ-မမေ့မလျော့ သတိဟူသော ဤပုဒ်သည်၊ မဟန္တံ-များစွာသော၊ အတ္ထံ- အနက်ကို၊ ဒီပေတိ-ပြ၏၊ မဟန္တံ-များစွာသော၊ အတ္ထံ-အနက်ကို၊ ဂဟေတွာ-ယူ၍၊ တိဋ္ဌတိ-တည်၏၊ ဟိသစ္စံ-ထိုစကားသည်၊ မလွဲဧကန် မှန်၏၊ သကလမ္ပိ-အလုံးစုံလည်းဖြစ်သော၊ တေပိဋကံ-ပိဋကသုံးပုံဖြစ်သော၊ ဗုဒ္ဓဝစနံ-မြတ်စွာဘုရား၏တရားတော်ကို၊ အာဟရိတွာ-ထုတ် ဆောင်၍၊ ကထိယမာနံ-ပြောဆိုအပ်သည်ရှိသော်၊ အပ္ပမာဒ-ပဒမေဝ- မမေ့မလျော့ သတိဟူသောပုဒ်သို့သာလျှင်၊ ဩတရတိ-သက်ဝင်၏ ။

အဲသည်တော့ ပိဋကသုံးပုံဟာ မမေ့မလျော့၊ သတိမှာသာလျှင် ပေါင်းဆုံသက်ဝင်၏။ စွန်းလွန်းဆရာတော်ဘုရားကြီးက သတိကိုမွေးမြူကြဟု ဆုံးမသောစကားနှင့် တသားတည်းကျနေတော့တာပဲ၊( ဓမ္မပဒ အဋ္ဌကထာ စာမျက်နှာ ၁၄၅၊ ပထမအုပ်) ဒါတွင်ကသေးသလား၊ ကုသိုလ်ဟူသမျှလဲ၊ သတိသာလျှင်မူလ သတိ၌သာလျှင် ပေါင်းဆုံကြကုန်၏။

**ယေကေစိ ကုသလာဓမ္မာ သဗ္ဗေတေ အပ္ပမာဒ မူလကာ အပ္ပမာဒ သမောသရဏာ** (ယင်းစာမျက်နှာ)

အကယ်၍သာ သတိမမွေးမြူဘဲ သတိလွတ်ပြီး ၊ မေ့မေ့လျော့လျော့ နေခဲ့သည်ရှိသော် အပါယ်လေးဘုံဟာ မိမိနေအိမ်ကြီးနှင့်တူတယ်တဲ့၊အာဂမ ယုတ္တိက၊ "ပမတ္တဿစ နာမစတ္တာရော အပါယာ၊ သကဂေဟ သဒိသာ" ၊ ပမတ္တဿစနာမ-မေ့မေ့လျော့လျော့ သတိကင်းလွတ်၍နေသော ပုဂ္ဂိုလ်မည်သည်ကား၊ စတ္တာရော-လေးပါးကုန်သော၊ အပါယာ ၄ရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်-အပါယ်လေးဘုံတို့သည် ၊ သကဂေဟသဒိသာ-မိမိ နေအိမ်ကြီးနှင့်တူ၏၊ အဲဒါကြောင့် စွန်းလွန်းဆရာတော်ဘုရားကြီးက မိမိ၏ တပည့်များအား သနားသဖြင့် သတိကိုမွေးမြူကြဟု ဆုံးမတော်မူသည်။

ဝေဒနာကို ကြပ်ကြပ်သည်းခံကြ၊ ဝေဒနာကိုသည်းခံတော့ အတွေ့ ခံနိုင်တယ်၊ အထိခံနိုင်တယ်ဆိုတာ ဝေဒနာကို ဘယ်လောက်အထိသည်းခံ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရမှာလဲ၊ သုခဝေဒနာကို ဒုက္ခလို့မြင်မှု၊ ဒုက္ခဝေဒနာကိုဆူးငြောင့်တို့ဖြင့် ထိုးဆွနေသလို မြင်နေမှု၊ ဥပေက္ခာဝေဒနာကို အနိစ္စလို့ မြင်နေမှုတဲ့၊ အဲဒီတော့ ဝေဒနာကို ပိုင်းခြားသိတယ်၊ ဝေဒနာကို ပိုင်းခြားသိမှု တဏှာကိုပယ်ဖြတ်နိုင်တယ်၊ သံယောဇဉ်ကို ပယ်နိုင်တယ်၊ မာနကို အကြွင်းမဲ့ပယ်ခြင်းကြောင့် ဆင်းရဲအဆုံးကို ပြုလေပြီတဲ့ ၊ (ခန္ဓဝဂ္ဂ၊ သဠာယတနဝဂ္ဂသုတ္တ ဝေဒနာသံယုတ်၊ စာမျက်နှာ-၄၀၉)၊

ဒါတွင်ကသေးလား၊ သာမာဝတီအမျိုးရှိတဲ့ မောင်းမငါးရာတို့သည် မီးလောင်တိုက် အသွင်းခံရတဲ့အခါ သေသည်အထိခံရတဲ့ ဝေဒနာကို သိမ်းဆည်းပြီး အထက်မဂ် အထက်ဖိုလ်ကို ရယူသွားသေးတယ်၊ (တချို့က ဒုက္ခဝေဒနာကို မရှုရဘူးတဲ့၊ အဲဒါဟာ မသိလို့ပြောတာ)။

**တာ ဂေဟေ ဈာယန္တေ ဝေဒနာပရိဂ္ဂဟ ကမ္မဋ္ဌာနံ**
**မနသိ ကရောန္တိယော၊ ကာစိ ဒုတိယဖလံ**
**ကာစိ တတိယဖလံ ပါပုဏိံ သု။**

(ဓမ္မပဒအဋ္ဌကထာ၊ ပထမအုပ်၊ စာမျက်နှာ-၁၄၁)

တာက္ကတ္တိယော-ထိုသာမာဝတီ အမျိုးရှိသော မောင်းမငါးရာတို့သည်၊ ဂေဟေ-အိမ်ကို၊ ဝါ-ပြာသာဒ်ကို၊ ဈာယန္တေ-မီးလောင်သည်ရှိ သော်၊ ဝေဒနာပရိဂ္ဂဟကမ္မဋ္ဌာနံ -ဝေဒနာသိမ်းဆည်းသောကမ္မဋ္ဌာန်းကို၊ဝါ-ဝေဒနာလိုက်သော ကမ္မဋ္ဌာန်းကို၊ မနသိကရောန္တိယော-နှလုံးသွင်းကြကုန်သည်ရှိသော်၊ ဝါ-နှလုံးသွင်းကုန်သော၊ ဝါ-ဝေဒနာလိုက်ကြကုန်သည်ရှိသော်၊ ဝါ-ဝေဒနာ လိုက်ကြကုန်သော၊ ကာစိ-အချို့ကုန်သော၊ က္ကတ္ထိယော-မိန်းမတို့သည်၊ ဒုတိယ ဖလံ-သကဒါဂါမိဖိုလ်သို့၊ ပါပုဏိံသု-ရောက်ကြကုန်၏၊ ဝါ-ဝေဒနာ လိုက်ကြကုန်သော၊ ကာစိ-အချို့ကုန်သော က္ကတ္ထိယော-မိန်းမတို့သည်၊ တတိယဖလံ-အနာဂါမိဖိုလ်သို့၊ ပါပုဏိံ သု-ရောက်ကြကုန်၏။

အဲသည်တော့ သာမာဝတီအမျိုးရှိတဲ့မောင်းမငါးရာတို့ သူတကာနှိပ်စက်တဲ့ သေသည်အထိခံရတဲ့ ဒုက္ခဝေဒနာကိုသုံးသပ်ပြီး၊ ဝေဒနာလိုက်ပြီး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အထက်မင်္ဂ အထက်ဖိုလ်ကို ရယူသွားလျှင် ငါတို့တတွေ နိဗ္ဗာန်ကို လိုချင်လို့ မင်္ဂဉာဏ် ဖိုလ်ဉာဏ်ရအောင် အားထုတ်တယ်၊ ဝိပဿနာလိုချင်လို့ သတိပဋ္ဌာန်အားထုတ်တယ်၊ သတိပဋ္ဌာန်လိုချင်လို့ ထိမှု၊ သိမှု၊ သတိပြုတယ်၊ သတိထားတယ်၊ ဝေဒနာလိုက်တယ်၊ အဲသည်တော့ ဝေဒနာနုပဿနာ အချိုးကျတော့ သုခသညာကိုပယ်တယ်၊ သုခသညာကို ပယ်တော့ လက်တွေ့ကိုယ်ထဲမှာ မခံသာမှု၊ ဆင်းရဲမှု၊ စိတ်ထဲမှာအလိုမရှိမှု၊ မနှစ်သက်မှုတွေ တွေ့လာလျှင် ကြပ်ကြပ်သည်းခံ ကြိုးစားသည်းခံပေါ့။ အဲသည်လို ခံရပေါင်း များတော့၊ ရှောင်မလွတ်တော့၊ သည်ခန္ဓာငါးပါးကြီးရှိလျှင် သည်လိုခံရမှာပဲလို့ သိလာလိမ့်မယ်၊သိတော့ မလိုချင်၊ မလိုချင်တော့မစွဲလမ်း၊ မစွဲလမ်းတော့ မပြုလုပ်၊ မပြုလုပ်တော့မရ၊ မရတော့ ငြိမ်းတာပေါ့၊ အဲဒါ အနာဂတ်အကျိုး မရတော့ဘူး၊ ပဋိစ္စသမုပ္ပါဒ်လည်ကြောင်း ၊ ပြတ်ကြောင်း နှစ်မျိုးမှာ အဲဒါဟာ ပြတ်ကြောင်းပဲ၊ လည်ကြောင်းက ဒုက္ခကို ဒုက္ခမှန်းမသိ၊ မသိတော့လိုချင်၊ လိုချင်တော့စွဲလမ်း၊ စွဲလမ်းတော့ ပြုလုပ်၊ ပြုလုပ်တော့ ရရှိ၊ ရရှိတော့ ခံရ ခံကြပေတော့လေတဲ့၊ မသိတာက အဝိဇ္ဇာ၊ လိုချင်တာက တဏှာ၊ စွဲလန်းတာက ဥပါဒါန်၊ ပြုလုပ်တာက သင်္ခါရ နှင့် ကမ္မဘဝ ၊ ရရှိတာက ဥပပတ္တိဘဝ၊ ဇာတိ။ အဝိဇ္ဇာနှင့်တဏှာ နှစ်ပင်ပူးလို့ အကြောင်းပြုလိုက်တော့ ဇာတိတရားဝဋ်ကောင်ကြီးရတာပေါ့၊ ဇာတိတရားဝဋ်ကောင်ကြီး ရတော့-ခံရမှာပေါ့၊ မညည်းကြနှင့်၊ ကြိုးစားခံကြတဲ့၊ အဲဒါကြောင့်စွန်းလွန်းဆရာတော်ဘုရားကြီးက ဝေဒနာကို ကြပ်ကြပ်သည်းခံကြဟု အမိန့်ရှိသည်။ ဝေဒနာကို သည်းခံလို့ရတဲ့ အကျိုးတရားတွေကတော့ များပါတယ်။

## ယံကိဉ္စိ ဝေဒယိ တံ သဗ္ဗံ တံ ဒုက္ခသ္မိန္တိ ဝဒါမိတိ
(ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ၊ ပထမအုပ်၊စာမျက်နှာ-၁၆၅)

အလုံးစုံသော ဝေဒနာတွေဟာ ဒုက္ခတွေချည်းပါပဲဟု ဘုရားဟောတော်မူပါသည်။ (တစ်နည်း)အဲသည်လို ဒုက္ခဝေဒနာတွေကို ခံရပေါင်းလဲများ၊ ရှောင်လို့လဲမလွတ်တော့လျှင် သည်ခန္ဓာငါးပါး အကျိုးတရား ဒုက္ခသစ္စာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြီးဟာ မည်သူ့ကြောင့်ဖြစ်သတုံးဟု အကြောင်းကိုရှာလိုက်တော့ ရှေးရှေးဘဝက လိုချင်တဲ့လောဘ၊ တဏှာ၊ သမုဒယတဏှာကို မြင်ပါရော၊ မြင်တော့ ပယ်နိုင်တဲ့ဉာဏ်က ပယ်လိုက်ပါရော၊ အဲသည်လိုပယ်လိုက်တော့စိတ်၊ စေတသိက်၊ ရုပ်ဆိုတဲ့ တရားသုံးပါးဟာ ဖရိုဖရဲဖြစ်ပြီး၊ အကြောင်းအကျိုး ပြတ်သွားပါရော၊ အကြောင်းအကျိုးပြတ်တော့နိရောဓဆိုက်ပါရော၊ ဆိုက်တော့ သစ္စာလေးပါး တစ်ပြိုင်တည်းရတော့တာပေါ့၊ ဒုက္ခကြီးကို ပိုင်းခြားသိတာက ဒုက္ခသစ္စာ၊ဘယ်သူ့ကြောင့်တုံးဟု စိစစ်လိုက်တော့ လုပ်ပေးတတ်တဲ့ လောဘတဏှာ၊ သမုဒယသစ္စာကို မြင်တာက သမုဒယသစ္စာ၊ ပယ်နိုင်တဲ့ဉာဏ်နှင့် ပယ်လိုက်တာက မဂ္ဂသစ္စာ။ စိတ်၊စေတသိက်၊ရုပ်ဆိုတဲ့ တရားသုံးပါးဟာ ဖရိုဖရဲဖြစ်ပြီး၊ အကြောင်းအကျိုးပြတ်သွားတာက နိရောဓသစ္စာ။ သစ္စာလေးပါး တစ်ပြိုင်နက်တည်း ရတော့တာပေါ့၊ သို့သော် ရနိုင်တဲ့အကြောင်းကို သာပြောတာ၊ လောကုတ္တရာမဟုတ်၊ လောကီပေါ့၊ (ဤကား-ဝေဒနာကိုကြပ်ကြပ်သည်းခံကြဟူသော စွန်းလွန်းဆရာတော်ဘုရားကြီး၏ အဆုံးအမ အဖွင့်တည်း။)

ဒုက္ခမေဟိ သမ္ဘောတိ၊ဒုက္ခံ တိဋ္ဌတိ ဝေတိစ နာညတြ
ဒုက္ခသမ္ဘောတိ ၊ နာညံ ဒုက္ခံ နိရုဇ္ဈတိ ။
(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဒုတိယအုပ်၊စာမျက်နှာ၂၂၈)

ဒုက္ခသည်သာလျှင် ဖြစ်တယ်၊ ဒုက္ခသည်သာလျှင် တည်တယ်၊ဒုက္ခကို ကြဉ်ဖယ်ပြီးဖြစ်တဲ့တရားမရှိဘူး၊ ဒုက္ခမှတစ်ပါး ချုပ်တဲ့တရား မရှိဘူး၊ အဲသည်တော့ သည်ခန္ဓာငါးပါးကြီးဟာ ဒုက္ခသစ္စာပဲ၊ ဒုက္ခလို့ သိရလျှင် ပယ်သင့်ပယ်ထိုက်သော ဇော်ပယ်မှာပဲ။

## ၂။ တရားအားထုတ်ပုံ အားထုတ်နည်း

တရားအားထုတ်ပုံကတော့ ရှေးဦးစွာ ပရိကံယူ၊ ဘယ်လိုပရိကံ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ယူရမည်ဆိုလျှင်၊ နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ သုံးခေါက်ဆို၊ ပြီးတော့ မိမိခန္ဓာငါးပါးနှင့် ရုပ်နာမ်နှစ်ပါးကို တရားအား ထုတ်ဆဲအချိန်မှာ မြတ်စွာဘုရားနှင့် စွန်းလွန်းဆရာတော် ဘုရားကြီးအား လှူပါ၊ပြီးလျှင် မေတ္တာပို့ အမျှဝေပါ။ ပြီးလျှင် သူတော်ကောင်း သူမြတ်လောင်း တို့ပို့သသော မေတ္တာနှင့်ပေးဝေသော ကုသိုလ်အဖို့ဘာဂကို သာဓုသုံးကြိမ် ခေါ်၍ ခံယူပါ၊ပြီးလျှင် မိမိနှစ်သက်တဲ့ ဣရိယာပုတ်ဖြင့်ထိုင်၊ အချိန်ကို မပိုင်းနှင့်၊ မျက်စိကိုမှိတ်၊ ပါးစပ်ကိုပိတ်၍ ဝင်သက်ကစရှုပါ၊ စွမ်းနိုင်သမျှ ထိမှု၊သိမှု သတိပြုပါ။ အချိန်ပိုင်းနှင့်ဆိုသော်လည်း မိနစ်သုံးဆယ်၊ လေးဆယ်ထက် မနည်းစေနှင့်၊ စွန်းလွန်းဆရာတော်ဘုရားကြီး အမိန့်ရှိသည့် **"ထိမှု၊ သိမှု ထိုနှစ်ခု သတိကြပ်ကြပ်ပြု"** ဆိုတဲ့အတိုင်း၊ ထိကာမျှ သိကာမျှ ကိုသာ သိအောင် သတိပြု သတိထား၍ရှုပေတော့၊ (အာနာပါန ဆိုသော်လည်း တခြားနည်းတွေနှင့်တော့ သိသိကွာတယ်၊ တခြားနည်းတွေကတော့ ထွက်တယ်၊ ဝင်တယ်နှင့်လဲရှုတယ်၊ တိုတယ်၊ ရှည်တယ်နှင့်လဲ ရှုတယ်၊ အစ၊ အလယ်၊ အဆုံးနှင့်လဲ ရှုတယ်၊၁-၂-၃-၄-၅--စတဲ့ဂဏနာနည်း၊ဝါရတွေနှင့်လဲ ရေတွက်၍ရှုတယ်၊ စွန်းလွန်း နည်းက နှာသီးဖျားနှင့် နှုတ်ခမ်းဖျားကို ထွက်လေ ဝင်လေက တိုးထိတိုင်း တိုးထိတိုင်း၊ ထွက်လို့ပဲထိထိ၊ ဝင်လို့ပဲထိထိ၊ ထိကာမျှ သိကာမျှကိုသာ သိအောင် သတိပြု သတိထားရှုတယ်၊ ကျမ်းနှင့်ညှိပြောရလျှင် ဖုသနနည်းနှင့် အလားတူတယ်။

အဲရှုတဲ့အခါ သူ့ထိမှုနဲ့၊ သူ့သိမှုနဲ့၊ သတိနှင့် ပြိုင်ပြိုင်ကျအောင်သာ ရှုပေတော့၊ နှာခေါင်းလို့ မှတ်မရှုနဲ့၊ ထွက်သက် ဝင်သက်လို့ မှတ်မရှုနဲ့၊ ထိကာမျှ သိကာမျှကိုသာ သိအောင်သတိပြုရှု ၊ သတိထားရှု ၊ အဲသည်လိုရှုတဲ့အခါမှာ အတွင်းလဲမလိုက်နဲ့၊ အပြင်လဲမလိုက်နဲ့၊ အတိုအရှည် မျှအောင်ရှု ၊ အနှေးအမြန် မျှအောင်ရှု ၊ အဲဒီရှုတဲ့အခါ မှာ မောလဲမနားနဲ့၊ ညောင်းလဲမပြင်နဲ့၊ ဝိသေသ-မပြီး ခပ်တင်းတင်း၊ ခပ်ပြင်းပြင်းလေးရှုပေး၊ အဲသည်လိုရှုတော့၊ တောင်ရောက် မြောက်ရောက်၊ ဟိုဟိုသည်သည်ပြေး



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သွားတဲ့စိတ်တွေ ငြိမ်လွယ်တယ်၊ ထိမှု သိမှု အာရုံလဲပေါ်လွင်တယ်၊ ပျင်းတဲ့စိတ်၊ ထိုင်းမှိုင်းတဲ့စိတ်၊ တွေဝေတဲ့စိတ်၊ ထိနမိဒ္ဓကောသဇ္ဇတွေကို တွန်းလှန်နိုင်တယ်၊ ဖြိုဖျက်နိုင်တယ်၊ တော်ရုံတန်ရုံဒုက္ခဝေဒနာကို သည်းခံနိုင်တယ်၊ အဲဒါကြောင့် ခပ်တင်းတင်း၊ ခပ်ပြင်းပြင်းရှုပေးရတယ်၊ အဲသည်လိုရှုလို့ ခန္ဓာကိုယ်ပေါ်မှာပေါ်နေတာတွေဟာ တရားလို့သာအောက်မေ့ပေတော့၊ တရားရှာ ကိုယ်ပေါ်မှာတဲ့၊ သမာဓိပွားများတဲ့ပုဂ္ဂိုလ်အား သမာဓိကြောင့် ယထာဘူတတရားတွေပေါ်နေတယ်လို့ အောက်မေ့၊ "သမာဓိ ဘိက္ခဝေ ဘာဝေထ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ" ဆိုတဲ့ အတိုင်းပေါ်နေတာ၊ သူ့သဘောအတိုင်း သူပေါ်နေတာ၊ အဲဒါ ရှုကွင်း ရှုကွက်၊ ရှုရမည့်အာရုံပဲ၊ အဲသည်အတိုင်းသိအောင် သတိပြု သတိထားနေတာ-ရှုတတ်တဲ့ဉာဏ်၊ ရှုနေတာ မည်တော့တာပဲ၊ အဲဒါဟာ ကျင့်စဉ်အားထုတ်မှုဆိုတဲ့ အကြောင်းတရားကြောင့်၊ ဖြစ်စဉ်အကျိုးတရား၊သဘောပရမတ်တွေ ပေါ်နေတာ၊ အဲသည်ပေါ်တဲ့ အတိုင်းသိအောင်သတိပြု သတိထားနေတာဟာ သဘောပရမတ်သိတဲ့ ရှုတတ်တဲ့ဉာဏ်လို့ခေါ်တယ်၊ အပြောပရမတ်လုပ်လျှင် အများကြီးပဲ၊ အဲသည်တော့ ထိမှု၊ သိမှု၊ သတိပြု သတိထားရှုနေတာဖြစ်၍ ဤနေရာမှာ အပြောပရမတ်ကို လျှစ်လျူရှုထားကြစို့။

ကိုင်း၊ ထိမှုသိမှုကို သတိပြုသတိထားပြီး၊ ရှုနေပြီ၊ ထိကာမျှ သိကာမျှကိုသာသိနေပြီ၊ ထိကာမျှ သိကာမျှကိုသာသိပြီး၊ ရှုနေတဲ့အချိန်၊ သူ့ထိမှုနှင့်၊ သူ့သိမှုနှင့်သတိနှင့် ပြိုင်ပြိုင်ကျနေတဲ့အချိန်မှာ နှာခေါင်းဆိုတဲ့ သတ္တဝါအယူကို စွန့်နေတယ်၊ နှာခေါင်းဆိုတဲ့ သတ္တသညာဟာ ကွာနေတယ်၊ (ရုပ်ပေါ်၊ နာမ်ပေါ် ရောက်နေတယ်၊) အဲသည်လို နှာခေါင်းဆိုတဲ့ သတ္တဝါအယူကို စွန့်တော့၊ နှာခေါင်း ဆိုတဲ့သတ္တသညာကွာနေတော့ ထိကာမျှ၊ သိကာမျှ၊ သိ-သိနေတဲ့ အချိန်မှာ နှာခေါင်းဟာ ငါ့ကိုယ်လို့ စွဲယူတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်သေးသလား၊ နှာခေါင်းဟာ ငါ့ကိုယ်လို့ စွဲယူတဲ့ သက္ကာယဒိဋ္ဌိမဖြစ်တော့ဘူး၊ နှာခေါင်းမှာ သက္ကာယဒိဋ္ဌိကွာတယ်၊ နှာခေါင်းမှာ သက္ကာယဒိဋ္ဌိကွာတော့ တစ်ကိုယ်လုံးသက္ကာယဒိဋ္ဌိကွာတော့တာပါပဲ၊ အဲသည် သက္ကာယဒိဋ္ဌိကွာတဲ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စိတ်နဲ့ထိမှု၊ သိမှု သတိပြု သတိထားရှုနေလျှင် နှာခေါင်းမှာ ငါလို့စွဲယူတဲ့ မာနမဖြစ်တော့ဘူး၊ နှာခေါင်းမှာ မာနမဖြစ်လျှင် နှာခေါင်းမှာ မာနကွာတယ်၊ နှာခေါင်းမှာကွာတော့ တစ်ကိုယ်လုံး မာနကွာတော့တာပါပဲ၊ အဲသည်လို မာနကွာတဲ့ စိတ်နဲ့ ထိမှု၊ သိမှု၊ သတိပြု သတိထားရှုနေလျှင် နှာခေါင်းဟာ ငါ့ဟာ၊ ငါ့ဥစ္စာဟု စွဲယူတဲ့တဏှာမဖြစ်တော့ဘူး၊ နှာခေါင်းမှာ တဏှာကွာလျှင် တစ်ကိုယ်လုံး တဏှာကွာတော့တာပါပဲ၊ ဒိဋ္ဌိစွဲက ငါ့ကို၊ မာနစွဲက ငါ၊ တဏှာစွဲက ငါ့ဟာ ငါ့ဥစ္စာ၊ အဲသည် တဏှာမာန၊ ဒိဋ္ဌိကိုပဲ ပပဉ္စတရား၊ သံသရာချဲ့ထွင်တဲ့ တရားလို့ ခေါ်တယ်၊ အဲသည် တဏှာ၊ မာန၊ ဒိဋ္ဌိဟာတဒင်္ဂသေပြီး၊ တဒင်္ဂကနေပြီး သမုစ္ဆေဒသွားမှာပါပဲ၊ အဲသည်အခါမှာ အဝိဇ္ဇာနုသယ၊ ပဋိဃာနုသယလဲ တဒင်္ဂသေတော့တာပါပဲ၊ သေပုံကို သွင်းပြပါမယ်။

အဲသည် ထိမှု၊သိမှု၊သတိပြု သတိထားနေတဲ့ အချိန်အခါမှာ မသိမှုမောဟ မဖြစ်တော့ဘူး၊ မသိမှုမောဟ မဖြစ်လျှင် အဝိဇ္ဇာနုသယလဲ တဒင်္ဂပယ်သည်မည်တော့တာပါပဲ၊ အဲသည်အခိုက်မှာ ကြမ်းတမ်းခက်ထန်ပြစ်မှားတဲ့ ဒေါသမဖြစ်တော့ဘူး၊ မဖြစ်လျှင် ပဋိဃာနုသယလဲ တဒင်္ဂပယ်သည်မည်တော့တာပါပဲ၊ အဲသည်အချိန်မှာ ဘုရားယုံမှားခြင်းလည်း ကင်းနေတယ်၊ တရားယုံမှားခြင်းလဲ ကင်းနေတယ်၊ သံဃာယုံမှားခြင်းလဲကင်းနေတယ် အကျင့်သိက္ခာလဲ ယုံမှားခြင်းကင်းနေတယ်၊ အတိတ်လဲ ယုံမှားခြင်း ကင်းနေတယ်၊ အနာဂတ်လဲ ယုံမှားခြင်းကင်း နေတယ်၊ အရှေ့စွန်း နောက်စွန်းလဲ ယုံမှားခြင်း ကင်းနေတယ်၊ ပဋိစ္စသမုပ္ပါဒ်လဲ ယုံမှားခြင်းကင်းနေတယ်၊ အဘိဓမ္မာမှာ ယုံမှားခြင်းရှစ်ပါးကို အဲသည်လိုပြတယ်၊ အဲသည်လို ယုံမှားခြင်း ကင်းနေလျှင် ဝိစိကိစ္ဆာ လဲမဖြစ်တော့ဘူး၊ ဝိစိကိစ္ဆာမဖြစ်လျှင် ဝိစိကိစ္ဆာနုသယကို တဒင်္ဂပယ်သည်မည်တော့တာပါပဲ၊ တဒင်္ဂနေပြီး သမုစ္ဆေဒသွားမှာပါပဲ၊ လောဘာ နုသယကို ကာမရာဂါနုသယ၊ ဘဝရာဂါနုသယ နှစ်ပါးခွဲလိုက်လျှင် အနုသယ ခုနှစ်ပါး၊ အန္တောဂတဝင်ပြီး အနုသယခုနှစ်ပါးကို တဒင်္ဂပယ်သည်မည်တော့တာပါပဲ-အကြောင်းကား ထိကာမျှ၊ သိကာမျှကို သတိပြုသတိထားနေတဲ့အခါမှာ မရှိပညတ် ရှိပညတ်တွေ လွန်မြောက်နေတယ်၊

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

အဲသည်လိုနေလျှင် ဝိပဿနာဉာဏ် ဖြစ်တယ် ၊ ဝိပဿနာဉာဏ်ဖြစ်လျှင် အနုသယခုနစ်ပါးကို တဒင်္ဂပယ်နိုင်ပါတယ်၊ ပယ်နိုင်လျှင် အနုမာနသိဒ္ဓိဖြင့် နိဗ္ဗာန်ကို မှန်းဆ၍ အာရုံလဲ ပြုနိုင်ပါတယ်၊ (လောဘက္ခယနိဗ္ဗာန်၊ မောဟက္ခယနိဗ္ဗာန်၊ ဒေါသက္ခယနိဗ္ဗာန်၊ နိဗ္ဗာန် နှစ်ဆယ့်ငါးပါး အပြားရှိသည်။ အနုမာန သိဒ္ဓိ တဒင်္ဂပဟာန်ပေ့ါ)။

**ဘာဝနာယ ပန ဝဍ္ဎမာနာယ ပညတ္တိံ သမတိက္ကမိတွာ သဘာဝေယေဝ စိတ္တံ တိဋ္ဌတိ။**

(ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ ပထမအုပ်၊ စာမျက်နှာ-၂၆၆)

ပန-ဝိပဿနာအာရုံ၌ စိတ်ထားပုံကိုဆိုဦးအံ့၊ ဘာဝနာယ-ဝိပဿနာဘာဝနာကို၊ ဝဍ္ဎမာနာယ-ပွားများအားထုတ်သည်ရှိသော်၊ဝါ-ပွားများအား ထုတ်ဆဲခဏ၌၊ ပညတ္တိံ-မရှိပညတ် ရှိပညတ်ကို၊ သမတိက္ကမိတွာ-ကောင်းကောင်းကြီးလွန်မြောက်၍၊ သဘာဝေယေဝ-သဘာဝ သဘော - သဘာဝ သက်သက်၌သာလျှင်၊ စိတ္တံ-ပွားများအားထုတ်သော စိတ်သည်၊ တိဋ္ဌတိ-တည်၏။ ဝါ-တည်အောင်ထား၊ (အဓိပ္ပာယ်ရေးပြခဲ့ပြီ၊) ဒါတွင် ကသေးသလား။

**သတ္တဿ အဒဿနတော ပဉ္စာယ သတ္တသညာ ဥဂ္ဃာဋိတာ ဟောတိ၊ သတ္တသညံ ဥ ဂ္ဃ ာဋိတ စိတ္တေန သင်္ခါရေ ပရိဂ္ဂဏှာ တော ၊ ဒိဋ္ဌိ နုပ္ပဇ္ဇတိ ဒိဋ္ဌိယာ အနုပ္ပဇ္ဇမာနာယ ဒိဋ္ဌိ ဥဂ္ဃာဋိတာ နာမ ဟောတိ ဒိဋ္ဌိ ဥဂ္ဃာဋိတ စိတ္တေန သင်္ခါရေ ပရိဂ္ဂဏှာတော မာနော နုပ္ပဇ္ဇတိ မာနေ အနုပ္ပဇ္ဇန္တေ မာနော သမုဂ္ဃာဋိတော နာမ ဟောတိ ၊ မာနသမုဂ္ဃာဋိတ စိတ္တေန သင်္ခါရေ ပရိဂ္ဂဏှာ တော တဏှာနုပ္ပဇ္ဇတိ တဏှာယ အနုပ္ပဇ္ဇန္တိယာ နိကန္တိ ပရိယာ ဒိဏ္ဏာ နာမ ဟောတိ။**

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဒုတိယအုပ်၊ စာမျက်နှာ-၂၆၃)

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သတ္တသ-သတ္တဝါအယူကို၊ ဝါ-ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်အယူကို၊ အဒဿနတော-မမြင်သောအခါမှ၊ ဝါ-ထိကာမျှ၊ သိကာမျှ သိသောအခါမှ၊ ပဋ္ဌာယ-စ၍၊ သတ္တသညာ-သတ္တသညာသည်၊ ဥပ္ပ ဇ္ဇိတာ-ကွာသည်၊ ဟောတိ ဖြစ်၏၊ သတ္တသညာံဥပ္ပ ဇ္ဇိတ စိတ္တေန-သတ္တသညာ ကွာသောစိတ်ဖြင့်၊ သင်္ခါ ရေ-သင်္ခါရတို့ကို၊ ဝါ-ထိမှု၊သိမှုတို့ကို၊ပရိဂ္ဂဏှတော-သိမ်းဆည်းသော ပုဂ္ဂိုလ်အား၊ ဝါ-သတိပြု သတိထားသော ပုဂ္ဂိုလ်အား ၊ ဒိဋ္ဌိ-ဒိဋ္ဌိသည်၊ နုပ္ပဇ္ဇတိ-ဖြစ်၏၊ ဒိဋ္ဌိယာ-ဒိဋ္ဌိသည်၊ အနုပ္ပဇ္ဇမာနာယ-မဖြစ်သည်ရှိသော်၊ ဒိဋ္ဌိဥဂ္ဃာဋိတ စိတ္တေန-ဒိဋ္ဌိကွာသည်မည်သည်၊ ဟောတိ-ဖြစ်၏၊ ဒိဋ္ဌိဥဂ္ဃာဋိတ စိတ္တေန-ဒိဋ္ဌိကွာသောစိတ်ဖြင့်၊ သင်္ခါရေ-သင်္ခါရတို့ကို၊ ဝါ-ထိမှု၊ သိမှုတို့ကို၊ ပရိဂ္ဂဏှ တော- သိမ်းဆည်းသော ပုဂ္ဂိုလ်အား၊ ဝါ-သတိပြုသော ပုဂ္ဂိုလ်အား၊မာနော-မာနသည်၊ နုပ္ပဇ္ဇတိ-မဖြစ်၊ မာနေ-မာနသည်၊ အနုပ္ပဇ္ဇန္တေ-မဖြစ်သည်ရှိသော်၊ မာနော-မာနသည်၊ သမုဂ္ဃ ဇ္ဇိတောနာမ-မာနကွာသည် မည်သည်၊ ဟောတိ ဖြစ်၏၊ မာနသမုဂ္ဃ ဇ္ဇိတစိတ္တေန-မာနကွာသောစိတ်ဖြင့်၊ သင်္ခါရေ-သင်္ခါရ တို့ကို၊ ဝါ-ထိမှု၊ သိမှုတို့ကို၊ ပရိဂ္ဂဏှတော-သိမ်းဆည်းသောပုဂ္ဂိုလ်အား၊ ဝါ-သတိပြုသောပုဂ္ဂိုလ်အား၊ တဏှာ-တဏှာသည်၊ အနုပ္ပဇ္ဇတိ-မဖြစ်၊ တဏှာယ-တဏှာသည်၊ အနုပ္ပဇ္ဇန္တိယာ-မဖြစ်သည်ရှိသော်၊ နိကန္တိ ပရိယာ ဒိဏ္ဏာ နာမ-တဏှာကုန်သည် မည်သည်၊ ဟောတိ-ဖြစ်၏။

အဲသည်လို ထိကာမျှ၊ သိကာမျှ၊ သိနေတဲ့ အခါမှာ ဒိဋ္ဌိ မဖြစ် တော့ ဘူး၊ ဒိဋ္ဌိ မဖြစ်လျှင် မာနမဖြစ်၊ မာနမဖြစ်လျှင် တဏှာမဖြစ်၊ တဏှာမဖြစ်လျှင် တဏှာကုန်တော့တာပါပဲ၊ အကျယ်ရေးခဲ့ပြီးပါပြီ၊ ဒါတွေဟာ ထိမှု၊ သိမှု၊ သတိပြုရလို့ ရခဲ့တဲ့အကျိုးတရားတွေပါပဲ။

အပ္ပမာဒေန သမ္ပာဒေထ။ ။ ထိမှုသိမှုထိုနှစ်ခု သတိကြပ်ကြပ်ပြု၊ ထိတော့ သိလိမ့်မယ်၊ သိတဲ့အပေါ်မှာ သတိထား၊ အလုပ်ကိစ္စအားဖြင့် ထိတော့သိ၊ သိတဲ့အပေါ်မှာ သတိပြု၊ သတိထား၊ (သတိကို ကြပ်ကြပ် မွေးမြူကြ။)

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကဲ-"အရှုရပ် ၊ ခန္ဓာကိုယ်စိုက် ဝေဒနာလိုက်"လို့ ဆိုတဲ့အခါ ကျတော့၊ ဝေဒနာလိုက်လို့ဆိုတာက၊ ပြင်းပြင်းထန်ထန် ရှုလာတဲ့အရှုကို လျှော့ပြီး၊ ရှုနေကျအရှုမျိုးနဲ့ရှုရင်း ခန္ဓာကိုယ်တစ်ကိုယ်လုံးမှာ ရှုထားတဲ့ သမာဓိအရှိန်ကြောင့်ပေါ်နေတဲ့ဝေဒနာတွေကို ပေါ်နေတဲ့အတိုင်း ပေါ်နေသလို ပေါ်မှုနဲ့ သိမှုနဲ့ သတိနဲ့ ပြိုင်ပြိုင်ကျအောင်သာ သတိပြု၊ သတိထားနေဖို့ပြောတာ၊ ပစ္စုပ္ပန်တည့်တည့်ကိုသာ သူ့-ပေါ်မှုနှင့်၊ သူ့-သိမှုနှင့် သတိနှင့်ပြိုင်ပြိုင်ကျအောင် သတိပြု သတိထားနေ၊ အတိတ်ကိုလဲ မပြန်စေနှင့်၊ အနာဂတ်ကိုလဲ မကြံနဲ့၊ သတိပြု၊ သတိထားတာနဲ့ အောက်မေ့တာဟာ အတူတူပါပဲ။ ။သရဏလက္ခဏာသတိ-သရဏလက္ခဏာ၊အောက်မေ့ခြင်းလက္ခဏာသည်၊ သတိ-သတိမည်၏၊ (သရဏံသတိ၊ သရဏံ-အောက်မေ့ခြင်း၊ သတိ-အောက်မေ့ခြင်း။)

ပညတ်အာရုံကို သညာနှင့် မမှတ်နှင့်၊ ပရမတ်အာရုံဖြစ်တဲ့ ခံစားမှုနဲ့ သိမှုနဲ့ သတိနှင့် ပြိုင်ပြိုင်ကျအောင်သာ သတိပြု သတိထား၊ အဲသည်လို သတိပြုသတိထားနေတာကို ဝေဒနာလိုက်တယ်လို့ခေါ်တာပါပဲ၊ ကောင်းတာ ခံစားတာကို သုခဝေဒနာလို့ခေါ်တယ်၊ မကောင်းတာ အခံရခက်တာကို ဒုက္ခဝေဒနာလို့ခေါ်တယ်၊ မသိမသာ အလယ်အလတ်ခံစားတာကို ဥပေက္ခာဝေဒနာလို့ခေါ်တယ်၊ သုခဝေဒနာပေါ်လျှင် ကောင်းကောင်းနေကာမျှမှာသာ နေအောင်သတိပြု၊ သတိထားနေ၊ ဒုက္ခဝေဒနာပေါ်လျှင်လည်း မကောင်း မကောင်းကာမျှမှာသာ (မကောင်းတာကို မနှစ်သက်တဲ့ ဒေါသမဖြစ်အောင်) သတိပြု၊ သတိထားနေ၊ ဥပေက္ခာဝေဒနာပေါ်လျှင်လည်း မသိမသာလေး သိသာအောင် သတိပြု၊ သတိထားနေ၊ အဲသည်လိုနေတာကို ဝေဒနာပစ္စယာ ဝေဒနာလို့ခေါ်တယ်၊ အဲသည်လို ဝေဒနာပစ္စယာဟာ ဝေဒနာမှာတွင်နေတော့ တဏှာချုပ်တယ်၊ တဏှာချုပ်တော့ ဥပါဒါန်ချုပ်တယ်၊ ဥပါဒါန်ချုပ်တော့ ဘဝချုပ်တယ်၊ ဘဝချုပ်တော့ အစဉ်အတိုင်းချုပ်တယ်၊ အဲသည်ချုပ်ပါများတော့ ကြာလျှင်ပြတ်လိမ့်မယ်တဲ့။

တစ်ချက် ပစ္စုပ္ပန်တည့်လျှင် တစ်ပတ် သံသရာရပ်မယ်၊ နှစ်ချက်

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပစ္စုပ္ပန်တည့်လျှင် နှစ်ပတ်သံသရာရပ်မယ်၊ အဲဒါဟာ ပဋိစ္စသမုပ္ပါဒ် သံသရာ စက်ကို ပစ္စုပ္ပန်အစပ်၊ ဝေဒနာနှင့်တဏှာ ခြားကနေ ဖြတ်သည်မည်တော့ တာပါပဲ၊ အဲသည်လို ပစ္စုပ္ပန်ဝေဒနာအကျိုးထူးတော့၊ သုခဝေဒနာမှာ ဖြစ်ခြင်း ငှာထိုက်တဲ့ လောဘာနုသယအကြောင်း သေတယ်၊ ဒုက္ခဝေဒနာမှာ ဖြစ်ခြင်း ငှာထိုက်တဲ့ ပဋိဃာနုသယအကြောင်း သေတယ်၊ ဥပေက္ခာဝေဒနာမှာ ဖြစ်ခြင်း ငှာထိုက်တဲ့ အဝိဇ္ဇာနုသယအကြောင်း သေတယ်၊ အဲသည်လို အကြောင်းသေ တော့ အနာဂတ်အကျိုးမရတော့ဘူး၊ အဲသည်ကစပြီး ကောင်းပါတယ်။

ဝေဒနာပစ္စုပ္ပန် အကျိုးထုတော့၊ အကြောင်းသေတယ် ဆိုတာကို ဥပမာနှင့်ပြမည်။ ဥပမာ အဆန်အောင်တဲ့ မျိုးစေ့ဆိုကြပါစို့၊ အဲသည် အဆန်အောင်တဲ့မျိုးစေ့ကို မြေဥတု၊ ရေဥတုကို ချလိုက်စမ်း၊ အညွန့် အညှောက်ပေါက်ပြီး၊ အပင်မဖြစ်ပေဘူးလား ၊ အပင်ဖြစ်တယ်။ အဲသည် အောင်တဲ့မျိုးစေ့ကို မီးအိုးကင်းထဲထည့်ပြီး ကျွမ်းအောင်လှော်လိုက်စမ်း ကျွမ်းပြီနော်၊ ကဲ-မြေဥတု၊ရေဥတု ချလိုက်စမ်း၊ အညွန့်အညှောက် ပေါက်သေးရဲ့လား၊ အပင်ကောဖြစ်သေးသလား၊ အပင်မဖြစ်တော့ဘူး အဲဒါအကျိုးသစ်စေ့ကို မီးအိုးကင်းတွင်ထည့်၍ လှော်ခြင်းကြောင့် အကြောင်း အပင်မဖြစ်ဘဲသေတာ၊ အဲဒါကြောင့် မီးအိုးကင်းတွင်မလှော်သောမျိုးအောင် တဲ့သစ်စေ့ကို မြေဥတု၊ရေဥတု၌ ချလိုက်လျှင် အညွန့်အညှောက် ပေါက်ခြင်း ငှာထိုက်၏။ အပင်သည်ဖြစ်၏။ အဆန်အောင်သောမျိုးစေ့ကို မီးအိုးကင်း ထဲထည့်၍ လှော်ပြီးနောက် မြေဥတု၊ရေဥတု၌ ချလျှင်ကား၊ အညွန့် အညှောက်ပေါက်ခြင်းငှာ ထိုက်သောမျိုးစေ့သည် အညွန့်အညှောက်လည်း မပေါက်၊ အပင်လည်း မဖြစ်တော့ဘဲသေ၏။ ဥပမေယျကား သုခဝေဒနာ၌ ဖြစ်ခြင်းငှာထိုက်သော လောဘာနုသယသည်ဖြစ်ပေါ်၏။ သတိပြုသတိ ထားတော့ မဖြစ်ဘဲ ချုပ်သွား၏။ ဒုက္ခဝေဒနာပေါ်သောအခါမှာလဲ သတိမပြု၊ သတိမထားတတ်လျှင် ဒုက္ခဝေဒနာဖြစ်ခြင်းငှာထိုက်တဲ့ ပဋိဃာနုသယ သည်ဖြစ်၏။ သတိပြု သတိထားတော့ မဖြစ်ဘဲချုပ်သွား၏။ ဥပေက္ခာဝေဒနာ ပေါ်လာသောအခါမှာလဲ သတိမပြုသတိမထားလျှင် ဥပေက္ခာဝေဒနာမှာ

(စတုတ္ထအကြိမ်)

ဖြစ်ခြင်းငှာထိုက်တဲ့ အဝိဇ္ဇာနုသယသည်ဖြစ်၏။ သတိပြု သတိထားတော့ မဖြစ်ဘဲချုပ်သွား၏။

သတိဦးဆိုက်လျှင် ပညာပဲ့ဆိုက်တယ်။ သတိဖြင့် ခံစားမှုအာရုံကို သိမ်းဆည်းပြီး၊ ပညာဖြင့်ရှုနေတယ်တဲ့။

**သတိယာ အာရမ္မဏံ ပရိဂ္ဂဟေတွာ ပညာယ အနုပဿတိ။** ။

သတိကို ဆိုသဖြင့်ပညာကိုလဲ ယူပါတဲ့။

**ဟောတိ ဝစနေ နေဝ ဉာဏံ ဝိဂဟိတမေဝ။** ။ပစ္စုပ္ပန် ဝေဒနာ အကျိုးကို ထုသဖြင့် ဖြစ်ခြင်းငှာထိုက်တဲ့ အကြောင်းသေတယ် ဆိုတာရှင်းပါပြီ၊ ကဲ-မဖြစ်ဘဲ ချုပ်သွားတာကို ရှင်းအံ့-

မဖြစ်တာသည် အနုပ္ပာဒ၊ ချုပ်တာသည် နိရောဓ၊ အနာဂတ် အကျိုးကိုမရတော့ဘူး ဖြစ်တာသည် ဥပ္ပတ္တိ ၊ ထိုက်တာသည် ရဟ။

အနုသယကိလေသာသည် သတိပြုသတိထားတော့ မဖြစ်ဘဲချုပ်၏။ ဘင်္ဂနိရောဓ၊ အနုပ္ပာဒနိရောဓ နှစ်မျိုးတို့တွင် ဘင်္ဂနိရောဓ သည် ဖြစ်ပြီး ပျက်သွားတာကိုပြောတာ၊ အနုပ္ပာဒနိရောဓသည် အကြောင်းချုပ်တာကို ခေါ်သည်။အဲဒါကြောင့် အနာဂတ်အကျိုးမရတော့ဘူး။ကံလေးမျိုးမှာအသုက္က အကဏှကံမျိုးပေါ့၊ ကံလေးမျိုး ဆိုတာက သုက္ကကံ၊ ကဏှကံ၊ သုက္ကကဏှကံ၊ အသုက္ကအကဏှကံ-ရယ်လို့ လေးမျိုးရှိတယ်။ သုက္ကကံ ဆိုတာက ဖြူစင်တဲ့ ကုသိုလ်ကံ၊ အထက်သံသရာကိုလည်တဲ့ကံ၊ ကဏှာကံဆိုတာက မည်းညစ်တဲ့ အကုသိုလ်ကံ၊ အောက်သံသရာကိုလည်တဲ့ကံ၊ သုက္ကကဏှာကံဆိုတာက မိဿကကံ၊ ဖြူစင်တဲ့ကုသိုလ်ကံနှင့် မည်းညစ်တဲ့ အကုသိုလ်ကံ ရောနေတယ်၊ ဝေမာနိကနတ်သမီးများလိုပေါ့၊ နေ့စံ၊ ညခံ၊ ခုနှစ်ရက်ခံတဲ့ ကံမျိုးပေါ့၊ အသုက္ကအကဏှာကံဆိုတာက ဖြူစင်တဲ့ကုသိုလ်ကံလဲမဟုတ်ဘူး၊ မည်းညစ်တဲ့ အကုသိုလ်ကံလဲ မဟုတ်ဘူး၊ ပဋိသန္ဓေကို အကျိုးမပေးဘူး၊ ပဝတ္တိကိုသာလျှင် အကျိုးပေးတယ်၊ မဂ်ကိုသာလျှင် အထောက်အပံ့ ကျေးဇူးပြုတယ်၊



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝိပဿနာကံပေ့ါ၊ မဂ္ဂင်ကံပေ့ါ။

(ဤကား စွန်းလွန်းဆရာတော်ဘုရားကြီး၏ အဆုံးအမ၊ အသက်ထက်ဆုံး အောက်မေ့အပ်တဲ့ သာရဏီယကထာ အဖွင့်အကျယ်တည်း။)

ထိမှု သိမှု ထိုနှစ်ခု သတိကြပ်ကြပ်ပြု၊ ထိတော့ သိလိမ့်မယ်၊ သိတဲ့အပေါ်မှာ သတိထား၊ အလုပ်ကိစ္စအားဖြင့် ထိတော့သိ၊ သိတဲ့အပေါ်မှာ သတိထား။

ထိ သိနှစ်ပါး၊ သတိထား၊ ရဩား နိဗ္ဗုတာ၊
ထိ သိပေါ်၌၊ သတိစိုက်၊ မျှော်လိုက် နိဗ္ဗုတာ၊
ထိ သိပေါ်တွင် သတိထင်၊ အစဉ်ချမ်းသာမှာ၊
ထိ သိနှစ်ခု၊ သတိပြု၊ ကျင့်မှု ဤအတိုင်းပါ။

## ၃။ လောကီရေးရာအဖြာဖြာနှင့် ပတ်သက်၍ဆုံးမတော်မူပုံ

စွန်းလွန်းဆရာတော်ဘုရားကြီးသည် လောကုတ္တရာရေးသာမဟုတ်၊ပစ္စုပ္ပန် ယခုဘဝအတွင်း လောကီနေရေးထိုင်ရေးများလည်း ဆုံးမဩဝါဒ ပေးတော်မူပါသည်၊ ဆုံးမတော်မူပုံကား-

ကိုယ်တော်တို့ တပည့်ဖြစ်အောင်နေ၊ ဓားပဲ့(ထားပဲ့)မဖြစ်ကြစေနဲ့တဲ့၊ ဓားများဟာ အလယ်ကပဲ့နေလျှင် စွန့်ပစ်လိုက်ရတော့တာပဲ တပည့်ဆိုတာက ဆရာသမားများ၏ အဆုံးအမကို မျက်မှောက် မျက်ကွယ် အဆုံးအမအတိုင်း တစ်သဝေမတိမ်းလိုက်နာ ဆောင်ရွက် တယ်၊ ဓားပဲ့ကတော့ ဆရာသမား အဆုံးအမကို ရှေ့တွင်မျက်မှောက်တော့ တင်ပါ့ဘုရား၊ မှန်ပါ့ဘုရားနှင့်ဝန်ခံပြီး၊ မျက်ကွယ်ကျတော့ သူထင် သလိုနေ၊ ထင်သလိုပြော၊ ထင်သလိုလုပ်တယ်၊ အဲဒါအလယ်ခေါင်က ပဲ့လို့ ပစ်လိုက်ရတဲ့ဓားပဲ့ ပဲ၊ အဲသည်လိုပုဂ္ဂိုလ်မျိုးကို စွန်းလွန်းဆရာတော်ဘုရားကြီးက "တို့မျက်မှောက်မှာတော့တပည့်၊ ကွယ်ရာကျတော့ တို့တပည့်မဟုတ်ဘူး" ဟု ဆုံးမတော်မူသည်။

**ရေသွားတဲ့လမ်းလိုဖြစ်ပါစေ၊ မီးသွားတဲ့လမ်းလိုမဖြစ်စေနှင့်တဲ့** ရေသွားတဲ့လမ်းကတော့ အမှိုက်လဲမရှိဘူး၊ သန့်ရှင်းတယ်၊ ညီညီညာညာ

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

လဲရှိတယ်၊ မီးသွားတဲ့လမ်းကတော့ မီးသွေးတွေ၊ ပြာတွေ၊ ကျင်းချိုင့် တွေနှင့်တဲ့၊ အဲဒါကြောင့် ရေသွားတဲ့လမ်းလို ဖြစ်ပေစေ၊ မီးသွားတဲ့ လမ်းလို မဖြစ်စေနှင့်ဟု ဆုံးမတော်မူသည်။

ပင့်ကူများလို မဖြစ်ကြစေနှင့်တဲ့၊ ပင့်ကူများဟာ နေလဲကားယား ကားယား၊ သွားလဲကားယား ကားယား၊ သေလဲကားယား ကားယားပဲတဲ့၊ (အဓိပ္ပာယ်ပေါ်ပါသည် )။

**သူများကိုလက်ညှိုးတစ်ချောင်းထိုးလျှင်ကိုယ့်ကိုယ်ကိုသုံးချောင်းပြန်ပြီးထိုးနေသတဲ့၊** သူတကာ အကြောင်းကြည့်ပြီး၊ သူတကာ အကြောင်းပြောလျှင် ပြောသည်နှင့်တစ်ပြိုင်တည်းလွန်နေပြီ၊ သူမကောင်းလျှင် သူခံပေ့ါ၊သူကောင်းလျှင်သူစံပေ့ါ၊ သူ့ခမြာထက်ကိုယ့်ခမြာ အရေးကြီးသည်၊ သူများမကောင်း မထောင်းတာ၊ ကိုယ်မကောင်း ခက်လိမ့်မှာတဲ့၊ ကိုယ့်ကိုယ်ကို ကြည့်ညိုအောင်နေကြ၊ ကိုယ့် ကိုယ်ကိုကြည်ညိုမှ သူတစ်ပါး ကြည်ညိုတယ်တဲ့၊ သီလ၊ သမာဓိ၊ ပညာဟာ လူချစ်၊ နတ်ချစ်တယ်တဲ့၊ လောဘ၊ ဒေါသ၊ မောဟ၊ မာနဟာ လူမုန်း နတ်မုန်းတယ်တဲ့။

လောကမှာ မရှိတာထက်မသိတာခက်သည်၊ မသိတာထက် မသိချင်တာကပိုခက်သည်တဲ့၊ မရှိတာကရှာလျှင်လွယ်တယ်၊ မသိတာကရှာလို့မလွယ်ဘူး၊ သို့-မလွယ်ပေမယ့် သိအောင်ကြိုးစားအားထုတ်ပါ၊ တစ်နေ့နေ့တော့ သိလာပါလိမ့်မယ်၊ သိလဲမသိဘူး၊ သိလဲမသိချင်ဘူး၊ အဲဒါကြောင့် မသိတာထက် မသိချင်တာကပိုခက်သည်ဟု ဆရာတော်ဘုရားကြီး ဆုံးမတော်မူသည်။

ဦးသုန္ဒရ

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ၄။ ၁၃၀၁-ခုနှစ်၊ ဝါခေါင်လဆုတ် ၈-ရက်နေ့တွင် စွန်းလွန်းဆရာတော်ဘုရားကြီးအား ရန်ကုန်မြို့သို့ ကြွရောက်ပါမည့်အကြောင်း ရန်ကုန်မြို့မှဒါယကာများကပင့်လျှောက်သည့်အခါ ပြန်လည်မိန့်ကြားပုံ။

ဘုန်းကြီးတို့ ရှေ့တုန်းအခါက ငွေဒင်္ဂါးတွေသုံးခဲ့ရတယ်၊ အဲသည် ငွေဒင်္ဂါးတွေသုံးတဲ့အခါတုန်းကငွေဒင်္ဂါးတွေ ဟူသမျှမှာ လူတစ်ယောက် လက်မှ လူတစ်ယောက်လက်သို့ ပြောင်းတိုင်း ပြောင်းတိုင်းဟာ ဟိုကတီးကြ၊ သည်ကတီးကြနှင့် ခဏခဏ အတီးအခေါက်ခံနေရတယ်၊ အဲသည် ငွေဒင်္ဂါး တွေထဲမှာ တစ်ခုတစ်လေသောငွေဒင်္ဂါးမှာ အသံတိုနေ၊ အသံအ-နေသော ကြောင့် မည်သူမှ လက်မခံ အသုံး မပြုကြတော့သဖြင့် ငွေကလဲ အစစ်အမှန် ဖြစ်တော့ လွှင့်လဲမပစ်နိုင်၊ သည်တော့ သေတ္တာထဲထည့်ပြီး သိမ်းထားလိုက် ရတော့တယ်၊ ထိုသို့သော ဒင်္ဂါးအ ကဲ့သို့ အသံမထွက်အောင် နေသော်လည်း ငွေ၏တန်ဖိုးကို သိကျွမ်းလိမ္မာ ဉာဏ်ပညာနှင့်ပြည့်စုံသော ဦးကျော်စိန်၊ ဦးစံသိမ်းတို့လို လူတွေနှင့်တွေ့တော့၊ ထုံးဘူးဖလား လုပ်ရပါလျှင် လွန်စွာ ကျေးဇူးများနိုင်ပါ၏ဟု လျှောက်ထားသဖြင့် ဒါယကာကြီးတို့ ရန်ကုန်ကို လိုက်ရပြန်တာပေါ့ကွယ်. . . . ဟု စွန်းလွန်းဆရာတော်ဘုရားကြီးသည် ပြောဆိုမိန့်ကြားတော်မူလေသည်။

**ဦးသုမန**

## ၅။ ဆရာတော်ဘုရားကြီးကိုယ်တော်တိုင်တရားနာခဲ့ပုံ

စွန်းလွန်းဆရာတော်ဘုရားကြီးသည် ဘေးပတ်ဝန်းကျင် မြင်မြင် သမျှသော သတ္တဝါတို့အား၊ များသောအားဖြင့် လောဘ၊ ဒေါသ၊ မာနတရား တို့သည်သာလျှင် များစွာဖြစ်တတ်လေရာ ထိုသို့သော သတ္တဝါတို့သည် လောဘချင်းပြိုင်ကြ၊ ဒေါသချင်းပြိုင်ကြ၊ မာနချင်းပြိုင်ကြသည်တို့ကို မြင်ရ တွေ့ရသောအခါ တရားနာတတ်အောင် ဆုံးမဩဝါဒ ပေးသော အားဖြင့်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာတော်ကြီးကိုယ်တိုင်တရားနာခဲ့ပုံကို ဟောတော်မူပါသည်၊ ဟောတော်မူပုံကား . . .

ဘုန်းကြီးဟာ လူဝတ်ဘဝတုန်းက တောင်သူလုပ်ကိုင် စားသောက်ခဲ့တာဖြစ်တော့ နွားကျောင်းရတာပေါ့၊ နွားတွေဟာ သူ့နွား၊ ကိုယ့်နွား များစွာစုရုံး မိတော့ သည့်အထဲမှာ နွားသိုးတွေကလဲပါတော့ တစ်ကောင် နှင့် တစ်ကောင် တွန်းကြ၊ စောင်ကြနှင့် တော်တော်ကြာကျတော့ ခေါင်းချင်း တည်မိပြီး ဝှေ့ကြတော့တာပေါ့၊ ဝှေ့ကြလို့ တော်တော်ကြာတော့ အားသာတဲ့ နွားက နိုင်ပြီး အားနည်းတဲ့နွားဟာပြေးရော၊ အဲသည်တော့ နွားနှစ်ကောင် ဟာ ချိုရင်းမှာ သွေးစက်လက်နှင့် ခေါင်းကလေးတစ်ခါခါနှင့် နေကြဟယ်၊ သည်တော့မှ အင်း-သူတို့နှစ်ကောင်ဟာ ဒေါသချင်းပြိုင်ကြတဲ့ အကောင်တွေပဲ၊ ဒေါသဆိုတဲ့တရားဟာ အခိုက်အတန့်ကာလခဏကလေးသာ ဖြစ်သော အာဂန္တုကခဓာတ်ဟာ အစွမ်းကောင်းသောဝရမ်းပြေးနှင့်တူတယ်၊ ဘယ်လိုပင် ဝှေ့ကြသော်လဲ ဒေါသကို ဘယ်သောအခါမှ မထိဘူး၊ ဒေါသတည်းဟူသော ဝရမ်းပြေးကို လက်ခံသော ခန္ဓာအိမ်သည်သာလျှင် ခေါင်းကလေးတစ်ခါခါနှင့် ကျန်ရစ်ခဲ့ပါကလားဟုစဉ်းစားဆင်ခြင်ပြီး၊ "နင်-ဟိုအကောင်တွေကဲ့သို့ ဒေါသတည်းဟူသောဝရမ်းပြေးကို လက်မခံနှင့်၊ လက်ခံခဲ့ပါလျှင် ဟိုအကောင်တွေကဲ့သို့ ဆင်းရဲဒုက္ခရောက်ရမည်မှာအမှန်ဟု ဉာဏ်မျက်စိဖြင့် မြင်အောင်ကြည့်ရှုကြပါလေ၊ တပည့်ယောဂီတွေတို့"ဟူ၍ ဖြစ်ပေသည်။

တစ်နေ့သောအခါ စွန်းလွန်းဆရာတော်ဘုရားကြီးသည် စွန်းလွန်းရွာတွင် ပရိတ်ရွတ်၊ ဆွမ်းစဉ်ကိစ္စဖြင့် ပင့်လျှောက်သဖြင့် ကြွသွားရာမှ ပြန်လာသောအခါ ရွာထဲတွင် ကလေးမနှစ်ယောက်သည် ခိုက်ရန်ဖြစ်ပွား အချင်းများလျက် တစ်ယောက်သည်တစ်ယောက်အား နင်ဘယ့်နှယ် ငါဘယ်လိုစသည်ဖြင့် ရွာကျော်ရပ်ကျော် ပြောဆို အော်ဟစ်နေကြသည်ကို တွေ့တော်မူလျှင် ဆရာတော်ကြီးက ကပ္ပိယဒါယကာ-ကိုပြောင်းအား၊ "ဟေ့-မောင်ပြောင်း၊ ဟောဟိုခလေးမနှစ်ယောက်ဟာ တရားဟောနေကြတယ်ကွ၊ မောလှရော့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မယ်ထင်တယ်၊ ဟောသည် ငှက်ပျောတစ်ဖီးကို ထက်ဝက်ခွဲပြီး တစ်ယောက် တစ်ခုစီ သွားပေးစမ်း၊ အဲဒါ တရားပူဇော်ပါတယ်၊ အမောပြေအောင်စား ပြီးမှ ဆက်ဖြစ်ချင်ရင်လဲ ဖြစ်ကြသေးတာပေါ့”လို့ ပြောခဲ့ရန် မှာကြားစေလွှတ် တော်မူသည်၊ အဲသည်လို ငှက်ပျောသီးပေးလိုက်တော့ ခလေးမနှစ်ယောက် ဟာ ဟိုကြည့်သည်ကြည့်နှင့် ဘာမှမပြောတော့ဘဲ ငှက်ပျောသီးကိုကိုင်ပြီး ငြိမ်သက်စွာနေကြသည်ကို ရပ်သူရွာသားများ မြင်ကြသောအခါ “ဘယ့်နှယ်လဲ ဟေ့-ရန်ဖြစ်နေသော ကလေးမ နှစ်ယောက်ကို ဦးကဝိက ငှက်ပျောသီးမန်းပြီး ပေးခဲ့လေရော့သလား” ဟု များစွာအံ့ဩ ပြောဆိုနေကြလေသတည်း။

ဦးတိလောကသာရ

၆။ ဆင်ဦးစီးပြုလုပ်ခဲ့ဖူးသော ရဟန်းတစ်ပါးအား ဆရာ တော်ဘုရားကြီးရှင်းလင်းဟောပြောဆုံးမတော်မူခဲ့ပုံ

စွန်းလွန်းဆရာတော်ဘုရားကြီး၏ ထံတော်ရင်းသို့ ဘုန်းကြီးရောက် သည့်နှစ်က ထိုင်၍တရားအားထုတ်သည့်အခါ နောက်မှနေ၍ ခေါင်းကို တင်းပုတ်ကြီးဖြင့် အထုခံရဘိသကဲ့သို့ဖြစ်သည်၊ ၎င်းဝေဒနာကို နှစ်ရက် သုံးရက်မျှခံရသည်၊ ဤကဲ့သို့ ခံရကြောင်းကို ဆရာတော်ဘုရားကြီးအား လျှောက်ထားရာ၊ အရှင်ဘုရား ယခင်ကဆင်စီးပြီး၊ ဆင်၏ဦးခေါင်းများကို ထုဖူးပါသလားဟု မေးတော်မူသည်၊ ဘုန်းကြီးက ဆင်ဦးစီးလုပ်ခဲ့ဖူးပြီး ဆင်၏ ဦးခေါင်းကိုထုခဲ့ဖူးကြောင်း လျှောက်ထားရာ၊ သူများထုခဲ့ဖူးလို့ ကိုယ်တော် အထုခံရတာပေါ့၊ ယခုတရားအားထုတ်ပြီး ကြွေးဆပ်ရသည်မှာ တော်သေး သည်။ နောင်အခါကျမှ ခံရလျှင် သည်ထက်ဆိုးမည်ဟု မိန့်ကြားဆုံးမ တော်မူသည်။

ဦးဝိသုဒ္ဓ

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၇။ ၁၂၈၇-ခုနှစ်၊ တော်သလင်းလဆန်း (၃)ရက်နေ့၊ ညနေ (၆)နာရီအချိန်တွင်ဖက်ပင်အိုင်ဆရာတော်ဘုရား ကြွလာတော်မူသောအခါ ဆရာတော် ဦးပုည၊ ဦးဇာဂရ စသောရဟန်းတော်များနှင့်တကွဒါယကာများ ဆည်းကပ်နေကြ စဉ်၊ ဖက်ပင်အိုင်ဆရာတော်ဘုရား က မြင်းခြံစွန်းလွန်းဆရာတော်ဦးကဝိအားမေးမြန်း ပြောဆိုပုံ(ထေရုပ္ပတ္တိမှ)။

မေး။ ။ ဦးကဝိရဲ့၊ ယခု သီတင်းလဲကျွတ်ခါနီးပြီ၊ ယခု ဝါတွင်းဘာကိုများ အာရုံပြုပြီး သီတင်းသုံးနေပါသတုန်းဘုရား။

ဖြေ။ ။ သာသနာတော်ကို အာရုံပြုနေပါတယ်ဘုရား။

မေး။ ။ သာသနာတော်ကို ဘယ်ပုံအာရုံပြုပါသတုန်းဘုရား၊ သာသနာဆိုတာပရိယတ်၊ ပဋိပတ် နှစ်ပါးရှိတယ်၊ ထိုနှစ်ပါးတို့တွင် ဘယ်သာသနာကို ဘယ်ပုံအာရုံပြုနေသတုန်း ဘုရား။

ဖြေ။ ။ ဘုရားတပည့်တော်မှာ စာကလဲမတတ်တော့၊ပရိယတ္တိသာသနာတော်ကိုချီးမြှင့်ခြင်းငှာမစွမ်းနိုင်ပါ၊ဒါကြောင့်ပဋိပတ္တိသာသနာပေါ်တွင်သာ သမာဓိမရသေးသောပုဂ္ဂိုလ်များလဲ၊သမာဓိရလေအောင်၊ ရပြီးသောပုဂ္ဂိုလ်များလဲ ရင့်သည်ထက်ရင့်အောင်၊ ရင့်ပြီးသော ပုဂ္ဂိုလ်များလဲ လိုရင်းကိစ္စပြီးစီးကြအောင် ဟာအာရုံပြုနေရပါ၏ ဘုရား။

မေး။ ။ ဒါဖြင့်လျှင် မေတ္တာပေါ့ဘုရား။

ဖြေ။ ။ မှန်လှပါဘုရား။

မေး။ ။ မေတ္တာဆိုတော့ သတ္တပညတ်အပေါ် စိတ်ကိုထား၍ လောကီရှိပါသေးတယ်၊လောကုတ္တရာ၌ကော၊ဘယ်လိုအာရုံပြုပြီး၊ စိတ်ကိုထားပါသတုန်းဘုရား၊ လောကုတ္တရာမှာကော စိတ်ကိုမထားဘူးလား။

(စတုတ္ထအကြိမ်)

F.8.A

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြေ။ ။ လောကုတ္တရာပေါ်မှာလဲ စိတ်ကို ထားပါရဲ့ဘုရား။

မေး။ ။ အဲသည် လောကုတ္တရာပေါ်မှာချည်း စိတ်တွေကို ထားပါတော့လား ဘုရား။အဘယ့်ကြောင့်လောကီစိတ်တွေဆီသို့ ရောက်နေရသေးသလဲ။

ဖြေ။ ။ လောကုတ္တရာပေါ်မှာချည်းသက်သက်စိတ်ကိုမထားနိုင်ပါဘုရား၊ ခန္ဓာဝန်ကြီးက အလွန်လေးပါသောကြောင့် လောကီတစ်လှည့်၊ လောကုတ္တရာတစ်လှည့် ပြောင်းခံနေရပါ၏ဘုရား။

မေး။ ။ ကဲ-ဒါဖြင့် လောကီပညတ် အာရုံပြုပုံကိုတော့ ထားလိုက်ပါ ဦးတော့ ဘုရား၊ လောကုတ္တရာ ပရမတ်ကိုတော့ ဘယ်လိုအာရုံပြုပါသတုန်းဘုရား။

ဖြေ။ ။ မိမိမြင်ဖူးတာကို အာရုံပြုပါတယ်ဘုရား။

မေး။ ။ ဒါဖြင့် တခြားစာတွေ ထားလိုက်ပါဦးတော့ သင်္ဂြိုဟ် ဆိုတဲ့အတိုင်း မဂ္ဂံ ဖလဥ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိပဏ္ဍိတော စသည်ဖြင့် ပစ္စဝေက္ခဏာပေါ့။

ဖြေ။ ။ မှန်လှပါဘုရား။

မေး။ ။ ဒါဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို အာရုံပြုရတာနှင့် ပညတ်ကို အာရုံပြုရတာဘယ်ကသာ၍ ခက်သတုန်းဘုရား၊ မဂ်ဖိုလ်နိဗ္ဗာန်ကို အာရုံပြုရတာကသာ၍ မခက်ပေဘူးလားဘုရား။

ဖြေ။ ။တပည့်တော်သဘောဖြင့် ဘယ်ဒင်းမှ မခက်ပါဘုရား။

မေး။ ။ မဂ်ကို အာရုံပြုပုံ ပြောစမ်းပါဘုရား။

ဖြေ။ ။ ဥပမာ-ယောဂီ ပုဂ္ဂိုလ်တစ်ယောက်သည် ဝိပဿနာတရားအား ထုတ်၍ တက်လာတယ်ဆိုပါတော့ ဘုရား၊ အဲသည်တော့ ဘဝင် အနည်းငယ်မျှ ကျသွားပြီးနောက် ရှေ့စိတ်သုံးပါးက ကိလေသာ တရားကို ဖယ်ရှားပေးပါရော ဘုရား ၊ နောက်စိတ်က အဝိဇ္ဇာ နုသယနိဗ္ဗာန်ကိုမြင်ပါရော၊ ဒါနဲ့စိတ်၊ စေတသိက်၊ရုပ်ဆိုတဲ့ တရားသုံးပါးဖြစ်ချုပ်၊ ဖြစ်ချုပ် ဖြစ်နေတာကိုပင် ကြီးစွာသော



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆင်းရဲကြီးပါကလား၊ ဒီဆင်းရဲဟာ ဘယ်သူ့ကြောင့် ဖြစ်သလဲလို့ စစ်လိုက်တော့ ၄င်းစိတ်၊ စေတသိတ်၊ ရုပ်ကိုပြုလုပ်ပေးတတ်တဲ့ လောဘကိုမြင်ပါရောဘုရား၊ ယခုပြောနေတာက တစ်ခုစီ ပြောရလို့ ကြာနေတာပါဘုရား၊ ဟိုမှာတော့ ဘာမှမကြာပါဘုရား၊ ဆင်းရဲကို သိတာနှင့်တစ်ပြိုင်နက်တည်း ဖြစ်သွားတာပါ။

မေး။ ။ ကဲ-ပြောသာပြောပါ ဘုရား။

ဖြေ။ ။ အဲသည်လို လုပ်ပေးတဲ့ သူကမြင်တော့ နိုင်တဲ့သူက ဖြုန်းကနဲ ပြုလုပ်ပေးတဲ့သူကို သတ်လိုက်ပါရော၊ အဲဒါက မဂ်ပါဘုရား၊ သည်တော့စိတ်၊ စေတသိက်၊ ရုပ်များလဲ ဖရိုဖရဲ ဖြစ်သွားသလို ဖြစ်သွားတော့ အကြောင်းအကျိုး ပြတ်သွားပါရောဘုရား၊ အဲဒါ နိဗ္ဗာန်ပါပဲ ဘုရား၊ ဒါနဲ့ နောက်တော့ ဖိုလ်ဇောအုပ် သွားပါရော၊ အဲဒါ မြင်ဖူးတာတွေပါပဲ ဘုရား။

မေး။ ။ နေစမ်းပါအုံးဘုရား၊ သည်မဂ်ဖြစ်တဲ့အခါများ ထင်ထင်ရှားရှား မဂ်ဖြစ်မှန်းသိရဲ့လား။

ဖြေ။ ။ မသိပါဘုရား၊ နောက်ဆင်ခြင်မှ သိရပါဘုရား။

မေး။ ။ နောက်ဆင်ခြင်မှ သိရတယ်ဆိုတာဟုတ်ရဲ့လား။

**ယထာပိ မူလေ အနုပဒ္ဒဝေ ဒဠှေ**
**ဆိန္နောပိ ရုက္ခော ပုနဒေဝ ရူဟတိ**
**ဧဝံ တဏှာ နုသယေ အနူပဟတေ**
**နိဗ္ဗတ္တတေ ဒုက္ခမိဒံ ပုနပ္ပုနံ။**

အနုပဒ္ဒဝေ- စိမ်းစိမ်းလတ်လတ် မသတ်ဖြတ်သေးသောမူလေ-ရေသောက်မြစ်ကြီးသည်၊ ဒဠှေ - မြဲမြဲခိုင်ခံ့သည်ရှိသော်၊ ဆိန္နောပိ-အခက်အရွက် အပင်ပြတ်သော်လည်း၊ ရုက္ခော-သစ် ပင်သည်၊ ပုနဒေဝ-တစ်ဖန်သာလျှင်၊ ရူဟတိယထာ-ပေါက်ရောက်ပြန်

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သကဲ့သို့၊ ဧဝံ-ဤအတူသာလျှင်၊ တဏှာ နုသယေ-အဖန်ဖန် ကိန်းတတ်သော တဏှာကို၊ အနုပဟတေ-မဂ်ဖြင့်မပယ်အပ် သေးသည်ရှိသော်၊ ပုနပ္ပုနံ-အဖန်တလဲလဲ၊ ဣဒံဒုက္ခမိ- ဤသံသ ရာဝဋ်ဆင်းရဲသည်လည်း၊ နိဗ္ဗတ္တတေ- ဖြစ်ရဦးမည်ကား မုချမလွဲ တည်းဟု ကျမ်းဂန် လာတဲ့အတိုင်း၊ လောဘကိုမဂ်ကပယ်တယ် ဆိုတာဟုတ်ပါရဲ့၊ သို့သော်လည်း ယခုလောကမှာ တိုင်းတပါးက ရန်သူစစ်သည်ကို တိုက်ခိုက် သတ်ဖြတ်ရန် ထွက်သွားသော စစ်သူကြီးသည် မိမိတစ်ယောက်တည်းမသွားဘဲ နောက်လိုက် နောက်ပါ စစ်သည် ဗိုလ်ပါများစွာတို့နှင့်ထွက်၍၊ ရန်သူစစ် သည်ကို တိုက်ခိုက်သတ်ဖြတ်သလို၊ ယခုလောကုတ္တရာမဂ်ဟာလဲ လောဘကိုသတ်ဖြတ်ရန် အဖော်များရှိသေးသလား၊ တစ်ယောက် ထဲပဲသက်ကြွရှောသလား။

မေး။ ။ အဖော်ရှိပါသေးရဲ့ဘုရား။

မေး။ ။ အဖော်က ဘယ်သူတုန်း၊ ထည့်ပေးစမ်းပါ။

ဖြေ။ ။ ဥပမာ-ယောဂီပုဂ္ဂိုလ်တစ်ယောက်သည် ဝိပဿနာတရား အားထုတ်၍ အထွတ်အထိပ်သို့ရောက်ခါနီး၊ ရှေ့စိတ်သုံးပါးက ကိလေသာတရားကင်းစင်သွားအောင် ပယ်ရှားလိုက်ပါရောဘုရား၊ အဲသည်လို ကိလေသာစင်တော့ နိဗ္ဗာန်ကိုမြင်တဲ့စိတ် ပေါ်ပေါက် လာပါရောဘုရား၊ ၄င်းစိတ်က နိဗ္ဗာန်ကိုမြင်တော့ ၄င်းစိတ်မြင် သောနိဗ္ဗာန်ကို မဂ်ကမှီခိုတွယ်ကပ်ပြီး၊ လောဘကိုပယ်သတ် လိုက်ပါရောဘုရား။

မေး။ ။ မဂ်တော့သဘောကျပါပြီ ဦးကဝိရယ်၊ အလွန်သိမ်မွေ့ခက်ခဲနက် နဲတဲ့နေရာတွေနော်၊ တပည့်တော်များကတော့ စာတွေ့ ပြောရတာ။ ဒါနဲ့ မဂ်နောက်ဖိုလ်ဇောအုပ်လိုက်တယ်ဆိုတာစိတ်ထဲမှာ ဘယ့်နှယ်နေသတုန်းဘုရား။

ဖြေ ။ ။ ကောင်းကောင်း မသိလိုက်ရပါဘုရား။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မေး။ ။ မဂ်နောက်ဖြစ်တဲ့ ဖိုလ်က အနန္တရိက ဖိုလ်ခေါ်တယ် ဘုရား၊ နှစ်ကြိမ် သုံးကြိမ်တည်းဖြစ်တော့ စိတ်ကလဲ အလွန်လျင်မြန်သဖြင့် ကောင်းမွန်စွာသိနိုင်မှာမဟုတ်ဘူး၊ ဒါထက် မဂ်ကိုဆင်ခြင်တဲ့အခါ သိရှိပုံများ ဘယ်လိုနေသတုန်းဘုရား။

ဖြေ ။ ။ ဥပမာ - ယောဂီပုဂ္ဂိုလ်တစ်ယောက်ဟာ သောတာပတ္တိမဂ်ကိုရတယ်ဆိုပါတော့၊ ၄င်းပုဂ္ဂိုလ်ဟာ မိမိရသောမဂ်ကို ဆင်ခြင်သောအခါ၊ ငါသောတာပတ္တိမဂ်ကို ရပြီဟု သိရုံပါပဲ ဘုရား။

မေး။ ။ ဖိုလ်ကို ဆင်ခြင်တဲ့အခါ ဘာကိုအာရုံပြုသတုန်းဘုရား။ အဲသည်ဖိုလ်စိတ်ဖြစ်နေတဲ့အခါ စိတ်ထဲမှာ ဘယ်လိုများနေသတုန်းဘုရား။

ဖြေ ။ ။ မိမိ မြင်ဖူးတဲ့ အကြောင်းအကျိုးပြတ်ရာကလေးကို အာရုံပြုလိုက်တာနှင့် ဖိုလ်စိတ်ဖြစ်လာပါရောဘုရား။ အဲသည်တော့စိတ်ချမ်းသာပြီး မှိန်းနေပါရောဘုရား။

မေး။ ။ အဲသည်လို ဆင်ခြင်ပြီး၊ ဝင်စားတာက ဝသဋ္ဌနဖိုလ်ခေါ်တယ်၊ အဲသည်ဖိုလ်မှ သေသေချာချာသိရတယ်၊ တယ်ပြီးသိမ်မွေ့တယ် ဘုရား။

{မြင်းခြံဆရာတော်က မဂ်၏အဖော်သည် နိဗ္ဗာန်ပင်တည်းဟုဖြေဆိုသည်ကို ဦးဓမ္မိက-က သဘောမကျ၊ မကျေနပ်လှ၍၊ဖက်ပင်အိုင်ဆရာတော်ကြီး၏နောက်သို့လိုက်ပြီးမေးလျှောက်လေတော့သည်။}

မေး။ ။ ဆရာတော်ဘုရား၊ မြင်းခြံဆရာတော်ဘုရားက လောဘတည်းဟူသော သမုဒယသစ္စာကို မဂ်ကပယ်သောအခါ မဂ်၏အဖော်နိဗ္ဗာန်တည်းဟု ဖြေဆိုခြင်းကို တပည့်တော် သဘောမကျပါ ။ အဘယ့်ကြောင့်ဆိုသော် မဂ္ဂဝီထိ၌ သစ္စာလေးပါးသည် ပဋိပနည်းအားဖြင့် တစ်ပြိုင်နက်ဖြစ်ခြင်းကြောင့် နိဗ္ဗာန်သာ မဂ်၏အဖော်မဟုတ်၊ ဒုက္ခသစ္စာ-သမုဒယသစ္စာလည်း မဂ်၏အဖော် ဖြစ်သေး၏ဟု နှလုံးသွင်းမိပါသည်အရှင်ဘုရား။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြေ ။ ။ မဟုတ်ဘူး၊ ဦးဓမ္မိကရဲ့ "မဂ္ဂေါဒုက္ခသစ္စံ ပဇာနာတိ" ဆိုတဲ့အတိုင်း မဂ်သည် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း၊ သမုဒယသစ္စာကိုပယ်ခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း ဆိုတာမဂ်ကိစ္စ ၊ မဂ်၏စွမ်းနိုင်သောသတ္တိတွေ၊ အဖော်မဟုတ်သေးဘူး။

မေး။ ။ ဒါဖြင့်လျှင်ဘုရား၊ ယမိုက်ပရိညာဝါရအတိုင်း၊ ဉာတပရိညာ၊ တီရဏပရိညာ ၊ ပဟာနပရိညာဆိုတဲ့ ပရိညာသုံးပါးသည် မဂ်ခဏ၌ တစ်ပြိုင်နက်ရသောကြောင့် ၎င်းပရိညာသုံးပါးကို မဂ်၏အဖော်ဟူ၍မဆိုသင့်ပေဘူးလားဘုရား။

ဖြေ ။ ။ တစ်ပြိုင်နက် ဖြစ်ရုံမျှဖြင့် မဂ်၏အဖော်ဟု မဆိုသင့်ဘူးဦးဓမ္မိကရဲ့၊ အဖော်ဆိုတာ တစ်ပါးကိုတစ်ပါး မှီရတာကိုဆိုတာပါ။

မေး။ ။ တစ်ပါးကိုတစ်ပါးမှီရတာကိုအဖော်ဆိုလျှင် " စိတ္တေန နိယုတ္တံ စေတသိကံ" ဆိုသလို မဂ်နှင့်အတူ ယှဉ်ဖော်ယှက်ဖက်ဖြစ်တဲ့ စေတသိက် ၃၆ ပါးကို မဂ်၏ အဖော်လို့ မခေါ်ထိုက်ပေဘူးလားဘုရား။

ဖြေ။ ။ အဲသည် ၃၆ ပါးသော စေတသိက်လဲ မဂ်၏အဖော် မဟုတ်သေးဘူး၊ မဂ်နှင့် သဟကာရီကာရဏ သာဖြစ်သေးတယ်၊ သမုဒယသစ္စာကို ပယ်ရာ၌ မဂ်အားရှိအောင် အားကိုးအားထားမှီခိုစရာမဟုတ်သောကြောင့် အဖော်မဟုတ်သေးဘူး။

မေး။ ။ ဒါဖြင့် မဂ်၏အဖော်ကို တပည့်တော်သဘောကျအောင် အမိန့်ရှိပါဦးဘုရား။

ဖြေ။ ။ဟော-မဂ္ဂဝီထိမှာမနောဒွါရာဝဇ္ဇန်းဖြစ်ပြီးနောက်၊သင်္ခါရုပေက္ခာဆိုတဲ့၊ ပရိကံ၊ ဥပစာ၊ အနုလုံဇော များက ကိလေသာတရား ကင်းစင်သွားအောင်ပြုပေးလို့ ဂေါတြဘူက နိဗ္ဗာန်ကိုမြင်ရရော၊ ဒီတော့ ဂေါတြဘူက သည်မှာနိဗ္ဗာန်လို့ သညာပေးလိုက်တာနှင့် ဂေါတြဘူ၏သညာသို့လိုက်၍ ၎င်း ဂေါတြဘူ

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သညာ ပေးသောနိဗ္ဗာန်ကို အမှီတံကဲ သဟဲပြုပြီး မဂ်ကအနုသယ
ကိုပယ်တာ ဦးမမွိကရဲ့၊ ဦးကဝိပြောတာ ဟုတ်လိုက်တာဗျာ၊
အလွန်သိမ်မွေ့တဲ့ နေရာတွေဗျ။

ဦးသောဘဏ

၈။ **ကိုယ့်ဘာသာကိုသူများဖျက်တာမကြိုက်လျှင် သူများဘာသာကို မဖျက်နှင့်၊သူများဘာသာကိုဖျက်တော့ ငရဲကြီးတတ်တယ်၊ ကိုယ့်ငန်းကိုယ်ကြည့်ရိတ်၊ သူများငန်းကြည့်ရိတ်တော့ မြွေကိုက် တတ်တယ်ဟူ၍ ဆုံးမတော်မူပုံ။**

ကိုယ့်ဘာသာကို သူများကဖျက်တာ မကြိုက်လျှင် သူများ ဘာသာကို မဖျက်နှင့်၊ သူများဘာသာဖျက်တော့ငရဲကြီးတတ်တယ်တဲ့၊ ကိုယ့်ငန်းကိုယ်ကြည့်ရိတ်၊ သူများငန်းကြည့်ရိတ်တော့ မြွေကိုက်တတ်တယ်တဲ့။

ဘာသာဆိုတာ ယခုလောကကြီးထဲမှာ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာ၊ မဟာမေဒင်ဘာသာလို့ ဘာသာကြီးလေးမျိုး ရှိတယ်လို့ဆိုတယ်။ သို့သော်တကယ်တမ်း စိစစ်လိုက်မည်ဆိုလျှင် လူတစ်ယောက်တစ်ဘာသာ၊ လူဦးရေကုဋေတစ်ရာရှိလျှင် ဘာသာပေါင်း ကုဋေတစ်ရာ ရှိတယ်၊ ၎င်းလူတွေဟာကိုယ့်ဘာသာနှင့်ကိုယ်၊ အလံကလေး တွေတစ်လူလူနှင့် သွားလာလှုပ်ရှားနေကြတယ်၊ ကြည့်တတ်သူတိုင်းမြင်လိမ့်မယ်၊ အလံဆိုတာ လောဘအလံ၊ဒေါသအလံ၊မာနအလံ၊ သီလအလံ၊ သမာဓိအလံ၊ ပညာအလံ အဲသည်အလံကလေးတွေဟာ လူတိုင်းလူတိုင်းမှာ ကိုယ့်အလံနှင့်ကိုယ်၊ ကိုယ့်ဘာသာ နှင့်ကိုယ် ပြောဆိုလှုပ်ရှား သွားလာနေထိုင် ကြတာပါပဲ။အဲဒါကို သိချင်လျှင်အပြောအဆို၊အနေအထိုင်၊အသွားအလာ၊အမူအရာ ဟူသမျှမှာ ကြည့် လောဘ၊ ဒေါသ၊ မာနအလံက သူများသိစေလိုသော စိတ်မပါဘဲ နောက်က သူ့ဟာသူထွက်နေလေတော့သည်၊ လောဘအလံဟာလွန်လာလျှင် လက်နှင့်ကိုင်ပြသကဲ့သို့ ထင်ရှားလာတော့သည်။ သည်ထက်လွန်ကဲလာလျှင် မြှောက်ပြသလို ဖြစ်တော့သည်။ အဲဒါကိုပင်လျှင် လောကလူများပြောနေကြတာက၊ ကွာ-သည်လူဟာ အလျှုရှင်မှန်းသိအောင် မဏ္ဍာပ်တိုင်တက်

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တာပါကွာ-ဟုပြောစကားသည် လူတိုင်းသိနိုင်ပါတယ်၊ လူတိုင်းဆိုသော်လည်း၊ လူနှင့်တူတဲ့အကောင် မပါဘူး၊ လူနှင့်တူတဲ့အကောင်ဟာ ဘယ်လိုလဲဆိုလျှင်၊ မဏ္ဍာပ်တိုင် တက်ပြသကဲ့သို့ ထင်ရှားပေါ်လွင်အောင်ပြသော လောဘ အလံကို မြင်သော်လည်း၊ လောဘဖြစ်မှန်းမသိသောကြောင့် ထိုသူ၏အတုကို လိုက်၍ပြုလုပ်သောသူကို လူနှင့်တူတဲ့အကောင်ဟု ဆိုလိုသည်။ လောဘ အစရှိသော ကိလေသာတရားများဟာ မဂ်ဖြင့်မပယ်သေးသမျှကာလပတ်လုံး ပုထုဇဉ်ဟူသမျှမှာ ရှိနေသောတရားဖြစ်ပါတယ်၊သို့သော်လည်း လောဘ ကင်းရှင်း စင်ကြယ်အောင် တရားအားထုတ်နေသော ယောဂီများသည် ဝိသမ လောဘ မဖြစ်ရအောင် သတိပြု သတိထားရန်သာ ဖြစ်ပါသည်။ ဒါကြောင့် နောက်ကဖြူစင်စွာထွက်နေသော အလံဟာ ညစ်နွမ်းသွားလိမ့်မည်။မြောက်၍ ပြလျှင် အဖြူပျောက်ကင်း၊ မည်းနက်သောအဆင်းသာလျှင် ဖြစ်ရတော့သည်။

ထိုကဲ့သို့ သူတစ်ပါး၏ ကောင်း၊ မကောင်းကိုလည်း အမှန်းအဆ အားဖြင့် သိနိုင်သောနည်း၊ သိတတ်စေ၊ မိမိကိုယ်၏ကောင်း၊ မကောင်း ကိုလည်း တတ်တတ်ထင်ထင်အမှန်အတိုင်းသိတတ်စေ၊ သိကြပြန်၊ သိသော် လည်း သူကြိုက်လို့ သူ့ဟာသူ လုပ်နေတာကို၊ ဤဟာမကောင်းဘူး၊ မလုပ် နှင့်ဟု မပြောလေနှင့် ။ ဥပမာလူတစ်ယောက် အရက်သောက် နေတာ မြင်လျှင် မင်းဟာအရက်မသောက်နှင့်ကွ၊ ငရဲကြီးတတ်တယ်ဟု ပြောလျှင် သူကြိုက်မှာ မဟုတ်ဘူး။ သူမကြိုက်တာကိုပြောလျှင် ဘာသာဖျက်ရာရောက် တော့တာပဲ။ အရက်သောက်သောလူတစ်ယောက်ကို ပြသဖြင့် များစွာသော လူတို့သည် ကိုယ့်အကြိုက်နှင့်ကိုယ်၊ ကိုယ့်အယူ ကိုယ့်ဝါဒအတိုင်း ပြောဆို လုပ်ကိုင် နေထိုင် သွားလာပြုလုပ်နေကြသည်ကို ပြောသင့်ပြောထိုက် ပြောရမည့်သူမဟုတ်ပါဘဲလျက်နှင့် ထိုသူ၏ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် စကား ပြောကြားမိပါက သူများဘာသာကို ဖျက်ရာရောက်တော့သည်။ ဖီလာဆန့်ကျင်သောစကားပြောကြားမိပါက သူများငန်း ကြည့်ရိတ်ရာ ရောက်တော့သည်။ သူများငန်းဆိုတာ ကိုယ် နှင့်မဆိုင်သော သူတစ်ပါး၏ အလုပ်ကို ဝေဖန်စိတ်ကူးပြောဆိုသောကြောင့် ကိုယ်မှာ လောဘ၊ ဒေါသ

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ၉။ အဆင်ယူ၊ ချည်တူမှ ဟူ၍ - ရက်ကန်း ရက်သော ဥပမာဖြင့် ဆိုဆုံးမတော်မူပုံ။

ဤအဆုံးအမကို ဆရာတော်ဘုရားကြီးသည် ရက်ကန်းရက်သော ဥပမာဖြင့် နှိုင်းယှဉ်၍ မိန့်ကြားတော်မူခဲ့သည်. ၄င်းဥပမာ၏သဘောသို့ ရှေးဦးစွာ ပြောမှသာလျှင် ထင်ရှားပေါ်လွင် သိလွယ်ကြ ပေလိမ့်မည်။

ဥပမာ၏ သဘောကား၊ ငါ့တပည့်ခံယူလျှင် ငါပြောသည့် အတိုင်း ငါလုပ်သလို တူအောင်လုပ်၊ ငါပေါက်ရောက်သိမြင်သလို သင်တို့လည်းတူလျှင် ပေါက်ရောက်သိမြင်ကြလိမ့်မည်။

ဥပမာကို ဥပမေယျနှင့် ဟပ်လိုက်သည်ရှိသော် ဆရာတော် ဘုရားကြီး၏ ခန္ဓာပဥ္စကဒြပ်သည ဝါ-အားထုတ် ပြုလုပ်မှု သဘောသည် အဆင်းနှင့် ဥပမာတူ၏၊ ဆရာတော်ဘုရားကြီး၏ အဆုံးအမဩဝါဒ စကားများသည် ချည်နှင့်ဥပမာတူ၏။ ဆရာတော်ဘုရားကြီးသည် ကိုယ်တိုင်လုပ်သည့်အတိုင်း သူတစ်ပါးကို ပြောဟောခြင်း၊ သူတစ်ပါးကို ပြောဟောသည့်အတိုင်း ကိုယ်တိုင်းလုပ်ခြင်းသည် ချည်နှင့်အဆင်း၊ အဆင်း နှင့် ချည် တူသော ဥပမာဖြစ်၏။ ထိုကဲ့သို့ စွန်းလွန်းဆရာတော်ဘုရားကြီး၏ ဆိုလိုရင်း အာဘော်ကို ထိမိကျရောက်ရလေအောင်၊ စွန်းလွန်းအမည် ခံယူသူ၊ စွန်းလွန်းဆရာတော်ကြီး၏ တပည့်ဖြစ်သူ ဟူသမျှတို့သည် ဆရာတော်၏ အဆုံးအမ ဩဝါဒအတိုင်း ကိုယ်တိုင်လည်း ဆရာနှင့် တူအောင်လုပ်၍ မိမိကို မှီခိုအားထားကိုးကွယ်ဆည်းကပ်ကြသော တပည့်များ၊သူတစ်ပါးအားလည်း ဆရာတော်ဘုရားကြီး၏ အဆုံးအမ ဩဝါဒ အတိုင်းသာလျှင် ဖြောင့်မှန်စွာ ဟောပြောပြသ ဆိုဆုံးမကြပါမူကား အဆင်နှင့်ချည်တူသဖြင့် နူးညံ့ချောမော ခိုင်ခံ့သော အထည်ကောင်းကြီးကို ဝတ်ရုံဆင်မြန်းရဘိသကဲ့သို့ ချမ်းမြဇကြည်၊ မင်္ဂဖိုလ်တည်းဟူသော အထည်ကို အတည်မလွဲ အမြဲဆင်မြန်းနိုင်ပါလိမ့်မည်။

၄င်းဥပမာ၌ ပြောပြခဲ့သော စကားများသည် အားလုံးကုန်အောင်

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မပြည့်စုံသေးသဖြင့် ကြွင်းကျန်သော စကားများကို ထပ်မံပြောပါဦးမည်၊ အဆင်ဟူသည် ဆရာတော်ဘုရားကြီး၏ ဒြပ်နှင့်ဂုဏ်နှစ်ခုကိုရသည်၊ ချည်ဟူသည် ဆရာတော်ကြီး၏ အဆုံးအမသြဝါဒများကိုရသည်။ ထိုသို့ အဆင်နှင့်ချည်နှစ်မျိုးမှာ အရကား သုံးခုဖြစ်သည်။ ထိုသုံးခုတို့တွင် စွန်းလွန်း ဆရာတော်ဘုရားကြီး၏ တပည့်ဟုပြောကြားခြင်းသည် ဆရာတော်ဒြပ်၏ အမည်ကိုယူသောကြောင့် အဆင်ယူသည်မည်တယ်၊ ထိုသို့ အဆင်ကိုယူလျှင် ဆရာတော်ဘုရားကြီး၏အဆုံးအမ သြဝါဒတိုင်းလုပ်မှသာလျှင် ပြောဆိုသည့်အတိုင်း တပည့်ဟုတ်လေသည်၊ ဒါကြောင့် အဆင်ယူလျှင် ချည်တူမှ အထည်ကောင်းဖြစ်မည်ဟု ဆိုလိုရင်းသဘော၊ ချည်ယူပြီး အထည် ဖြစ်အောင်လုပ်လျှင် ဘယ်နေရာပဲလုပ်လုပ် အထည်ကောင်းဖြစ်တော့သည်၊ အကြောင်းဆိုသော် လုပ်မှုသဘောသည်ပင်လျှင် အဆင်ဖြစ်သောကြောင့် အဆင်နှင့်ချည်တူမျှလေသည်။

ချည်ယူလျှင် အဆင် တူတော့သည်၊ အဆင်သာတူလျှင် ချည်မတူဘဲ ဖြစ်နိုင်သည်။

နာမည်လည်းယူ ဆုံးမတူ ထိုသူ မဂ်ရမြဲ ။
နာမည်ယူပြား ဆုံးမကား ကွဲပြားပါလျှင် မဂ်မဝင်။

## ၁၀။ သာသနာပြုတယ်ဆိုတာ ကိုယ့်သာသနာကိုယ်ပြုတာ ကောင်းတယ်ဟူ၍ ဆုံးမတော်မူပုံ။

သာသနာပြုတယ်ဆိုတာ ကိုယ့်သာသနာကိုယ်ပြုတာ ကောင်းတယ် ဟု စွန်းလွန်းဆရာတော်ဘုရားကြီးက မိန့်ကြားတော် မူသည်။ ဤသို့မိန့်ဆိုခြင်း သည် ပဋိပတ်သာသနာပြုပုံ အလုံးစုံကို ကိုယ်တိုင်ပြု၊ ကိုယ်တိုင်သိ သောကြောင့်သာလျှင် ကောင်းတယ်ဟု ပြောခြင်းဖြစ်ပေလိမ့်မည်။ သာသနာ ဟူသည် အနန္တလောကဓာတ်အတွင်းမှာ တစ်ဆူတည်းသော ပွင့်ထွန်းပေါ် ပေါက်တော်မူလာသော မြတ်စွာဘုရား၏ အဆုံးအမသြဝါဒ စကားများ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သာလျှင် သာသနာ မည်ပါတယ်၊ ထိုသို့သော အဆုံးအမများကို မြတ်စွာဘုရား အလိုတော်အတိုင်း သိအောင်ပြု၍ လိုက်နာကျင့်ကြံအားထုတ် ပြုလုပ်သော သူကို သာသနာပြုပုဂ္ဂိုလ်ဟုခေါ် ဆိုရပါတော့သည်။ ဒါကြောင့် လူတိုင်းလူတိုင်း သည် မြတ်စွာဘုရား အလိုတော်အတိုင်း သိအောင်ပြု၍ လိုက်နာကျင့် ကြံအားထုတ်ပြုလုပ်ကြပါမူ၊ ပြုလုပ်သောသူဟူသမျှတို့သည် သာသနာပြု ပုဂ္ဂိုလ်ချည်း ဖြစ်ရပါတော့သည်။

ပဋိပတ်သာသနာပြုအလုပ်မှာ စိတ်အလုပ်ဖြစ်၍ သူတစ်ပါးနှင့် ဆက်စပ်မှုမရှိ၊ မိမိကိုယ်တိုင် ကြားကာမြင်ကာမျှနှင့် အတိတ်သံသရာက အဆက်အနွယ် ပါလာသောသူများသာ လုပ်ချင်စိတ် ဖြစ်ပေါ်ပြီး အားထုတ် နိုင်ပါသည်။ ဘာ့ကြောင့်လဲဆိုလျှင် ယခုမျက်မြင်လောကထဲ မှာပင် ပဋိပတ် အကျင့်နှင့်စပ်လျဉ်း၍ များစွာသော ဓမ္မကထိကပုဂ္ဂိုလ် တို့ကလည်း၊ ကောင်းမွန် မြင့်မြတ်ကြောင်း ဟောကြပြောကြသဖြင့်လည်းကောင်း၊ ကျမ်းတတ် ဂန်တတ်ပုဂ္ဂိုလ်တွေကလည်း စာအုပ်တွေ ထုတ်ဝေ ဖြန့်ချိကြသ ဖြင့်လည်းကောင်း၊ ကြားကြမြင်ကြသော လူတစ်ရာ တစ်ထောင်တွင် ဘယ် နှစ်ယောက်လောက်များ လုပ်ချင်စိတ်ဖြစ်ပေါ်နိုင်ပါမည်နည်းဟု စဉ်းစား ဆင်ခြင်လျှင် အနည်းငယ်မျှသာရှိနိုင်သည်ကို တွေ့ကြရမည်။

စိတ်အလုပ်ဖြစ်၍ သူတစ်ပါးနှင့် ဆက်စပ်မှုမရှိဟု ပြောဆိုခဲ့ရာ၊ အနည်းငယ် ရှင်းပြလိုပါသည်။ ယခု သတ္တလောကကြီးအတွင်း၌ အကျဉ်းချုံး လိုက်လျှင် ကိုယ်နှင့်သူ၊ နှစ်မျိုးပဲရှိတယ်။ ကိုယ်ဆိုတာ တစ်ဦးတစ်ယောက် တည်းဖြစ်ပြီး၊ သူမှာကား များစွာဖြစ်လေသည်။ ဥပမာ-ဝိပဿနာတရားကို သင်ယူစဉ်အခါ သူတစ်ပါးနှင့်ဆက်စပ်သော်လည်း၊ သင်ယူပြီး၍ တရားအား ထုတ် သောအခါ မည်သူနှင့်မျှ မဆက်စပ်တော့ဘဲ တစ်ဦးတစ်ယောက် တည်းသာ ဖြစ်သောကြောင့် ဆရာတော်ဘုရားကြီးက သာသနာပြုတယ် ဆိုတာ ကိုယ့်သာသနာ ကိုယ်ပြုတာ ကောင်းတယ်ဟု မိန့်ဆိုခြင်း ဖြစ်ပေသည်။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ၁၁။ ဟိုဂိုဏ်း သည်ဂိုဏ်း စသည်ဖြင့် ဂိုဏ်းတွေများစွာရှိရာ တို့တော့ ဘယ်ဂိုဏ်းမှ မပါဝင်လို၊ ပင်မက နေတာ ကောင်းတယ်ဟု ဆုံးမတော်မူပုံ-

ဟိုဂိုဏ်းသည်ဂိုဏ်း စသည်ဖြင့် ဂိုဏ်းတွေများစွာရှိရာ၊ တို့တော့ ဘယ်ဂိုဏ်းမှ မပါဝင်လို၊ ပင်မက နေတာကောင်းတယ်တဲ့၊ အဲဒါ ဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရား သာသနာတော်မြတ်ကြီးကို သစ်ပင်ကြီး ဥပမာဖြင့် နှိုင်းယှဉ်၍ မိန့်ဆိုခြင်းဖြစ်သည်။ သစ်ပင်ကြီးကို အထက်နှင့် အောက်နှစ်ပိုင်းခွဲ၍ အထက်ပိုင်းမှာ အကိုင်းအခက်တွေ များစွာရှိသဖြင့် လေတိုက်သောအခါ နည်းနည်းတိုက်လျှင် နည်းနည်းလှုပ်တာပဲ၊ များများ တိုက်လျှင်လည်း များများလှုပ်တာပဲ၊ လေပွေကြီးများတိုက်လိုက်လျှင်လည်း အကိုင်းအခက်တွေတောင် ကျိုးပြတ်ပဲ့ပြီး ကျတတ်သေးတယ်၊ လေပြင်း လေမုန်ကြီးများ တိုက်နေလျှင်လည်း အကိုင်းချင်းပွတ်ကြိတ်ပြီး မီးများတောင် ထလောင်လာတတ်သေးတယ်၊ သစ်ပင်ကြီးအောက်ပိုင်းမှာကား တစ်ခုတည်း ဖြစ်ပြီး မြေနှင့်ဆက်စပ်နေသဖြင့် ယိမ်းယိုင်လှုပ်ရှား ကွဲပြားခြင်းမရှိ၊ တည်မြဲ ခိုင်ခံ့တယ်၊ ထိုသို့သော သစ်ပင်ကြီးနှင့်တူစွာ သစ်ပင်ကြီး၏အထက်ပိုင်းကဲ့သို့ ဂိုဏ်းတွေ ဂဏတွေ ဖွဲ့စည်းပြုလုပ်ပါမူ သစ်ပင်ကြီးမှာ အကိုင်းအခက်တွေ များစွာ စည်ကားသကဲ့သို့ ဖွဲ့စည်းလိုက်သော ဂိုဏ်းမှာလည်း၊ ဂိုဏ်းသူ ဂိုဏ်းသားတွေ လွန်စွာစည်ကားများပြားလာလျှင် ထိုဂိုဏ်းသူဂိုဏ်းသားတို့၏ စိတ်သည် တစ်ခုတည်းကဲ့သို့ ညီညွတ်ရန် ခဲယဉ်းပေလိမ့်မည်။ ထိုသို့ မညီမညွတ် ဖြစ်ခဲ့ပါလျှင် စိတ်တွေကအမျိုးမျိုးအဖုံဖုံ ဖြစ်သောကြောင့် လောဘ၊ ဒေါသ၊ မာန တည်းဟူသော လေပွေ၊ လေကြမ်း၊ လေသရမ်းတို့က တိုက်ခိုက် လိုက်ပါလျှင် သစ်ပင်ကြီး၏ အကိုင်းအခက်တွေသည် ပြုတ်ကျ လွင့်ပျောက်၊ အနှံ့အပြား ရောက်ကုန်ဘိသကဲ့သို့၊ ပဋိပတ်သာသနာသည် ပျောက်ပျက်ကင်းစင် မရှိလျှင်ကား ၊ ပဋိဝေဓ သာသနာ ဖြစ်ရန်မှာ ဘယ်မှာ လျှင်မျှော်လင့်ချက် ရှိနိုင်ပါတော့မည်နည်း၊ ဒါကြောင့် စွန်းလွန်းဆရာတော်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဘုရားကြီးသည် အတက်ကို မတက်လိုပဲ ပင်မက-နေခြင်းမှာ သာသနာနှင့် ပင်မ တစ်ခုချင်းတူကြသော ဥပမာဖြင့် ထွက်မြောက်ကြောင်းလမ်းမှန်ကို ညွှန်ကြားတော်မူလေသည်။

ကိုယ့်သာသနာ ကိုယ်ပြုတာနှင့် ပင်မက-နေတာ သည်နှစ်ခုဟာ သဘောမှာတစ်ခုတည်းဖြစ်သည်၊ ဘယ်လိုလဲဆိုလျှင် ကိုယ့်သာသနာ ကိုယ်ပြုတာသည်ပင်လျှင် ပင်မကနေတာသည်ပင်လျှင် ကိုယ့်သာသနာ ကိုယ်ပြုတာ ဖြစ်လေသည်။ မြတ်စွာဘုရား၏ အဆုံးအမ သာသနာမှာလည်း သံသရာမှ လွတ်မြောက်ခြင်း၏ အကြောင်းတစ်ခုတည်းဖြစ်၍ ကွဲပြားခြင်းမရှိ၊ ထိုကဲ့သို့ ကွဲပြားခြင်းမရှိသော မြတ်စွာဘုရား၏ ပဋိပတ် သာသနာတော်ကို လူတိုင်း လူတိုင်းသည် လုပ်ချင်စိတ် ဖြစ်ပေါ်၍ အားထုတ်ပြုလုပ်ကြပါမူ၊ ပြုလုပ်သူ အားထုတ်သူဟူသမျှတို့သည် ပဋိဝေဓသာသနာ ဝိမုတ္တိချမ်းသာကို အမြဲအစဉ် မလွဲပင်ခံစားကြရပေလိမ့်မည်။

**၁၂။ သူတစ်ပါးကို လက်ညှိုးတစ်ချောင်းထိုးလျှင် ကိုယ့်ဘက်မှာ သုံးချောင်းထိုးပြပြီးဖြစ်တယ်၊ ထောင်သားချင်း စကားပြောသလိုလည်း မဖြစ်ကြစေနှင့်ဟုဆုံးမတော်မူပုံ။**

သူတစ်ပါးကို လက်ညှိုးတစ်ချောင်းထိုးလျှင် ကိုယ့်ဘက်မှာ သုံးချောင်းထိုးပြီး ဖြစ်တယ်တဲ့၊ ဥပမာ ဟိုကောင်မိုက်တယ်တဲ့အကောင်လို့ဆိုလျှင် ကိုယ့်က သူ့ထက်သုံးဆမိုက်တယ်ဟု ပြောခြင်းဖြစ်လေသည်။

ထောင်သားချင်း စကားပြောသလိုလည်း မဖြစ်ကြစေနှင့်တဲ့၊ ထောင်သားချင်း စကားပြောတော့ ဘယ်လိုလဲဆိုလျှင်၊ ဟိုဂိတ်ပေါက်က သံကြိုးနှင့်တွဲပြီးဆွဲလာသော လူတစ်ယောက်ကိုမြင်လျှင် "ဟော့-ဟိုအကောင်တော့ ထောင်ကျလာပြန်ပြီပေါ့ကွာ" ဆိုပြီး ကြည့်နေရင်း၊ အနားရောက်လာတော့ "မင်းဘာမှုနဲ့ ထောင်ကျလာသလဲလို့" မေးလိုက်တယ်၊ "သည်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တော့ ကျွန်တော်ကြက်ခိုးမှုနဲ့ ထောင်ကျပါတယ်” ဟုပြောတော့ ထောင်ထဲမှာရှိနှင့်သောသူက “မင်းတယ်မိုက်တဲ့အကောင်ပဲ၊ သူများကြက်ကိုသွားခိုးတာကိုး” လို့ပြောတော့ “ဒါဖြင့် ခင်ဗျားကောဘာဖြစ်လို့ သည်ထောင်ထဲရောက်နေရတာလဲ” လို့ လူသစ်ကပြန်မေးတယ်၊ သည်တော့ ထောင်ကျလူဟောင်းက “ငါလဲ ဓားပြတိုက်လို့ ရောက်နေတာတဲ့”၊ အဲသည်လိုဆိုတော့ ယခုပစ္စုပ္ပန်ထောင်ထဲမှာ ရှိနေသမျှသောလူတွေဟာ အားလုံးကုန်အပြစ်ရှိနေသောလူတွေဟာ အားလုံးအပြစ်ရှိနေသော သူချည်းသာဖြစ်နေသလို၊ ယခုသတ္တလောကအတွင်းရှိသမျှသော သူတို့သည် ငါလည်းသံသရာထောင် အတွင်းက မလွတ်ကင်းသေးပါကလားဟု စဉ်းစားဆင်ခြင်ဉာဏ်ပညာဖြင့် မြင်နိုင်ကြပါစေသတည်း။

ယခု-ပစ္စုပ္ပန်လောကထောင်မှာလည်း ထောင်၏စည်းကမ်းအတိုင်း၊ အပြစ်ကင်းရှင်း စင်ကြယ်အောင်နေပါမူ လျော့ရက်ရတယ်၊ ဆယ့်နှစ်မှတ်၊ ဗာရာဆိုတဲ့ ဂုဏ်ထူးဦးထုပ်ကလေးရတယ်။ အဲသည်တော့ အများထောင်သားတွေထက် ချမ်းသာရာရတယ်၊ ထိုသို့ မဟုတ်ပါပဲ ထောင်၏စည်းကမ်းကို ဖောက်ဖျက်လွန်ကျူးပါမူ၊ ဂျုံကျိတ်၊ ကော်စား ဆိုတဲ့ အပြစ်ဒဏ်ကိုလဲ ခံရတတ်တယ်၊ သည်ထက်ကြီးသော အပြစ်ကိုလွန်ကျူးခဲ့ပါမူ နှစ်တိုးခြင်းဟူသော အပြစ်ဒဏ်ကိုလဲ ခံရတတ်တယ်။

သံသရာထောင်မှာလဲ လူတို့၏စည်းကမ်းအတိုင်း အပြစ်ကင်းရှင်းစင်ကြယ်အောင် နေပါမူဆယ့်နှစ်မှတ်၊ ဗာရာဆိုတဲ့ ဂုဏ်ထူးဦးထုပ်ကလေးရဘိသကဲ့သို့ အထက်သံသရာမှာလည်းပြီး ချမ်းသာရာရနိုင်ပါတယ်၊ ထို့ထက်အလွန် ဝိပဿနာတရားကို ကြိုးစားအားထုတ်သဖြင့် ပစ္စုပ္ပန်တည်၍ သမ္မသနဉာဏ်အချိုးကျခဲ့ပါမူ၊ တစ်နေ့နေ့မှ သံသရာမှလွတ်ရမည်မှာ ဧကန်အမှန်ဟု မျှော်မှန်းယုံကြည်နိုင်ပါပြီ၊ ထို့ထက်အလွန် အမြင်ဉာဏ် ဥဒယဗ္ဗယကို ကိုယ်တိုင်ဒိဋ္ဌတွေ့မြင်ကမူ၊ ယခုဘဝ ပစ္စက္ခတွင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို လိုချင်လျှင် မုချဧကန်ရနိုင်ပါပြီ၊ ထိုကဲ့သို့ မဂ်ဖိုလ်ကို ရပြီးသူသည် သံသရာထောင်အတွင်း ကျန်ကြွင်းသောရက်ကား နှိုင်းယှဉ်၍

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

စွန်းလွန်းဆရာတော်ဘုရားကြီးသည် တပည့်များအား ညွှန်ကြားဆုံးမ ဩဝါဒပေးတော်မူခဲ့လေသည်။

ကောင်း မကောင်းကို သေချာတိကျ ပိုင်နိုင်စွာ သိတော်မူပြီးသော စွန်းလွန်းဆရာတော်ဘုရားကြီးသည် အတိတ်သံသရာရှေးအခါက များစွာသောလူတို့၏ မှီခိုအားထားရာ ဆေးဆရာကြီး ဖြစ်ခဲ့ဖူးလေသည်။ ထိုစဉ်အခါက ယုံကြည်အားကိုး မြတ်နိုးဆည်းကပ်ကြသော တပည့်များသည် ယခုအခါ လူတို့ရွာတွင် အသင့်ဖြစ်ပေါ်၊ ရှိကြပါသော် ငါမခေါ်ဘဲ ကြားရုံထဲနှင့်၊ စိတ်စွဲထက်သန်၊ လာမည်မှန်၏ ထိုကဲ့သို့အဆက်အနွယ် ရှိခဲ့ပါမူ ဘယ်မှာပဲနေနေ၊ ကြားလျှင်လာကြလိမ့်မည်၊ တို့တော့ ဘယ်ကိုမှသွားလာ လှည့်ပတ်၍ တရားမဟောဘူး၊ အဆက်အနွယ်မပါလျှင် တရား ဟောသော်လည်း အကောင်းမထင်၊ ဆင်းရဲပင်ဖြစ်တော့သည်၊ ဒါကြောင့် ချမ်းချမ်းသာသာ ကိုယ့်သာသနာ ကိုယ်ပြုရင်း ရောက်လာသော တပည့်များကိုသာ နည်းပေး လမ်းပြ၊ ဆုံးမဩဝါဒပေးရန် စောင့်ဆိုင်း၍နေရပေတော့သည်ဟု ဆရာတော်ဘုရားကြီး ပြောဆိုမိန့်ကြားခဲ့ဖူးပါသည်။

မြတ်စွာဘုရား ဟောကြားတော်မူရာတွင်လည်း ဗုဒ္ဓဝေနေယျ၊ သာဝကဝေနေယျဟု နှစ်မျိုးရှိပါသည်၊ ထိုနှစ်မျိုးတို့တွင် ဗုဒ္ဓဝေနေယျဆိုတာ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြုခါနီးမှာ နောက်ဆုံးဟောတော်မူခဲ့တဲ့ သုဘဒ္ဒပရိဗိုဇ်လို၊ စူဠပန် မထေရ်တို့လို ပုဂ္ဂိုလ်မျိုး ဖြစ်ပါတယ်၊ သာဝကဝေနေယျဆိုတာ မြတ်စွာဘုရား၏ တပည့်သားသာဝက ဟူသမျှတို့သည် အတိတ်သံသရာ ရှေးအခါက ကိုယ်နှင့်ဆက်စပ်ရာ ဆက်စပ်ရာ ဖြစ်သော ကိုယ့်ဝေနေယျနှင့်ကိုယ် ဟောပြောပြသ ဆိုဆုံးမ၍ ကျွတ်တန်းဝင်သွားကြလေပြီ။

ယခုအခါမှာလည်း အတိတ်သံသရာက အဆက်အနွယ်ကောင်းလို့ ကိုယ့်ဝေနေယျဖြစ်ပါလျှင်၊ ကောင်းရာကိုတွေ့မြင် အမှန်ဟုထင်နိုင်ပါသည်၊ ထိုသို့မဟုတ် အတိတ်သံသရာက အဆက်အနွယ်မကောင်း ဖြစ်ခဲ့ပါလျှင် မကောင်းကိုတွေ့မြင်၊ အမှားဟုထင်နိုင်ပါသည်၊ဒါကြောင့် ဆရာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တော်ဘုရားကြီးသည် သည်တိုက်ထဲရောက်လာကြသူတိုင်း အားလုံးကုန် အကောင်းချည်းမထင်ကြနှင့်၊ တစ်ချို့က ပတ္တမြားလုံးကလေးကို ကောက် ယူသွားကြတယ်၊ တစ်ချို့က မီးခဲကလေးကို ယူသွားကြတယ်ဟု ဆရာတော် ကြီး ပြောဆိုမိန့်ကြား ခဲ့ဖူးပါသည်။

## ၁၃။ တရားအားထုတ်သောယောဂီဟူသမျှတို့သည်သမုဒယအကြောင်းမသိကြလို့၊ သမုဒယအကြောင်းများ သိလျှင်ရေထဲဆင်းသေစရာကောင်းတယ်ဟု ဆုံးမတော်မူပုံ။

တရားအားထုတ်သော ယောဂီဟူသမျှတို့သည်သမုဒယ အကြောင်း မသိကြလို့ သမုဒယအကြောင်းများသိလျှင် ရေထဲဆင်းသေစရာ ကောင်းတယ်တဲ့၊ ဆရာတော်ကြီး၏ဆိုလိုရင်းအာဘော်ကို ထိမိကျ ရောက်အောင် စဉ်းစားဆင်ခြင်ကြပါစို့ စဉ်းစားဆင်ခြင်ကြရအောင်။

**(၁)သမုဒယအကြောင်းသိလျှင်၊ (၂) ရေထဲဆင်း၊ (၃)သေစရာ (၄)ကောင်းတယ်**ဟု လေးခုခွဲ၍ ကြည့်လိုက်လျှင် **သမုဒယအကြောင်း သိလျှင်**ဟူသော **တစ်**အချက်၌ သမုဒယအကြောင်းကို ကိုယ်တိုင်ဒိဋ္ဌတွေ့ မြင်သိရှိရအောင် ကြိုးစားအားထုတ်ပြုလုပ်ပါဟု **ဆိုလိုရင်း** ဖြစ်ပေသည်။ **သေစရာ**ဟူသော **သုံး**အချက်၌ **သေစရာ** ဟူသည် သမုဒယမှတစ်ပါး အခြားသေစရာမရှိ **သမုဒယပင်** ဖြစ်တော့သည်။ ထိုသို့သေစရာဖြစ်သော သမုဒယသေလျှင် ရေထဲဆင်းဟူသော **နှစ်**အချက်၌ ရေထဲဆင်းလျှင် အပူ ခပ်သိမ်း ငြိမ်းဘိသကဲ့သို့ သမုဒယသေလျှင် ငြိမ်းမှု ချမ်းသာကို ကိုယ် တိုင်ဒိဋ္ဌ တွေ့ထိခံစားရသောကြောင့် ဆရာတော်ကြီးသည် **လေး**ချက်၊ **ကောင်းတယ်**ဟု ပြောခြင်းဖြစ်လေသည်။ ညောင်လွန့်ဆရာတော်သည် တရားအားထုတ်ရာတွင် မတင်မကျဖြစ်နေ၍ ဦးကဝိကြွလာပါရန် မှာကြား ပင့်လျှောက်သဖြင့် ဆရာတော်ဘုရားကြီးကြွသွားရာ၊ ညောင်လွန့် သို့ရောက် လျှင် ညောင်လွန့်ဆရာတော်က သူတွေ့မြင်သမျှကိုပြောကြား လေသည်။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ထိုအခါ ဆရာတော်ဘုရားကြီးက "သည်လိုဆိုလျှင် ဆရာတော်မေးလွဲနေပြီဘုရား့၊ မေးလွဲတယ်ဆိုတာ ဟောသည်ကတက်လာပြီး သည်ရောက်တော့၊ ဘယ်ဘက်တစ်လမ်း၊ ညာဘက်တစ်လမ်း ၊ လမ်းခွဲသွားတယ်၊ ဟောဒီ-ဘယ်ဘက်ကလမ်းကို လိုက်နေလို့မေးလွဲတယ် ပြောတာ၊ လိုက်ရမှာက ညာဘက်ကလမ်းဖြစ်သော ခန္ဓာကိုယ်မှာဖြစ်ပေါ်လာသော ဝိပဿနာအာရုံဝေဒနာကိုသာလျှင် မပျောက်မပျက်မလစ်လပ်ရအောင် မြဲမြံသောသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်ဖို့ပါပဲဘုရား" ဟု ညွှန်ကြားပြောဆိုသောကြောင့် ညွှန်ကြားထားသည့်အတိုင်းကျင့်ကြံ အားထုတ်သော ညောင်လွန့်ဆရာတော်သည် "တွေ့ပြီ၊ တွေ့ပြီ၊ ဟောသည်ကိုယ်ထဲက ပုလဲလုံးကလေးတွေ ပွတ်ပွတ်-ပွတ်ပွတ်နှင့် ထွက်လာသလို ထွက်နေတာမြင်ရတယ် ဦးကဝိရဲ့" လို့ပြောတော့ ဆရာတော်ကြီးက "အင်း-သူ စာတတ်ဆိုပြီးတော့ ကိုယ်တိုင်တွေ့တော့ စာလိုမပြောတော့ဘူး၊ မြန်မာလိုပြောလာတယ်၊ "စာလိုကတော့ ဘယ်လိုခေါ်ရမှာလဲဘုရား" ဟုပြန်၍မေးလိုက်တယ် အဲသည်တော့ ညောင်လွန့်ဆရာတော်က "မြန်မာလိုကတော့ဖြစ်ပျက်မြင်တယ်ပေါ့၊ စာလိုက ဥဒယဗ္ဗယဉာဏ်ခေါ်တာပဲ၊ ဥဒယဗ္ဗယဉာဏ်ဆိုတာ မြင်ပြီးတော့ သိရတာမျိုးဖြစ်လို့ အဲဒီမြင်မှုသဘောကို စာလိုပြောရင်-ဒိဋ္ဌိလို့ခေါ်တယ်၊ စင်ကြယ်မှုသဘော က ဝိသုဒ္ဓိ၊ ဒါကြောင့် မြန်မာလိုပြောရင် အမြင်စင်ကြယ်တယ်၊ စာလိုကတော့ ဒိဋ္ဌိဝိသုဒ္ဓိ လို့ခေါ်တာပါပဲ" ဟုပြောလေသည်။

ထိုသို့သော ဒိဋ္ဌိဝိသုဒ္ဓိ ဥဒယဗ္ဗယဉာဏ်ကို ကိုယ်တိုင်ဒိဋ္ဌသိမြင်ပြီးသော၊ ညောင်လွန့်ဆရာတော်သည် မလျှော့သောလုံ့လဖြင့် ပြုလုပ်အားထုတ်ရာ၊ တစ်နေ့သောအခါ ကိုယ်တိုင်တွေ့မြင် သိရှိရလေသော တရားများကို စွန်းလွန်းဆရာတော်ကြီးအား ပြောဆိုလျှောက်ထားလေသည်။ ထိုအခါ စွန်းလွန်းဆရာတော်ကြီးက "သည်လိုဆိုလျှင် ပဋိသန္ဓေစိတ်သိမ်းလာပြီ၊ ဆရာတော်သေတော့မယ်၊ သတိထားနေ၊ လှေများမှပဲ့ကိုင်သလိုပဲ၊

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပဲ့တက်မငြိမ်လျှင် လှေဦးက ဟိုယမ်းသည်ယမ်းနှင့် ယမ်းသွားတတ်တယ်၊ ပဲ့တက်ငြိမ်အောင် ဖြောင့်မတ်စွာ ကိုင်ပြီးအထက် က အသာကလေး မျှောချလိုက်၊ အဲသည်လို အထက်ကမျှောချလိုက်တော့ အာရုံက ဟိုကိုလှမ်းလိမ့်မယ်၊ လှမ်းပြီးတော့ ဟိုသွားတွယ်တယ်၊ ဟိုသွား တွယ်တော့ သည်ဘက်က လွတ်သွားရော၊ အဲဒါသတ္တဝါတွေ သေကြတာ တစ်အိမ်မကောင်းလို့ တစ်အိမ်ပြောင်းတာ၊ ယခုဆရာတော်သေမှာက သည်လိုမဟုတ်ဘူး၊ အာရုံက ဟိုကိုလှမ်းလိမ့်မယ်၊ ဟိုကိုလှမ်းတော့ ဟိုမှာတွယ်စရာမရှိဘူး ဟိုမှာတွယ်စရာမရှိတော့ သည်အပေါ်မှာပြန်ကျပြီး သေရတော့မှာ ပါဘုရား၊ ကြောက်စရာလဲမဟုတ်ပါဘူး၊ သေပြီးအေးမှာပဲ၊ ယုံကြည်သော စိတ်ထားဖြင့် ကြိုးစားအားထုတ်ပါရန် လျှောက်ထားပါသည်ဘုရား" ဟု လမ်းညွှန်တော်မူသည်။ ထိုသို့ ဆရာတော်ကြီး ညွှန်ကြားသည့်အတိုင်း ညောင်လွန့်ဆရာတော်သည်ကြိုးစားအားထုတ် ပြုလုပ်ရာ၊ များစွာထူးခြား တရားများကို ပိုင်းခြားထင်ထင်၊ကိုယ်တိုင်မြင်သိရရှိပြီးသော်၊ ကိုယ်စိတ်ပျော်ရွှင်၊ လွန်ကြည်လင်သော ညောင်လွန့်ဆရာတော်သည် မိမိ တွေ့ရှိသောတရားများကို ဆရာတော်ကြီးအား လျှောက်ထားရန် စိတ်အကြံနှင့် လာသည်ကို ဆရာတော်ကြီးမြင်လျှင် "ဩ-ဆရာတော်တော့ တရားတွေ့လာပြီ" ဟုသိသဖြင့် တစ်ဘက်သို့ လှည့်၍ အသာထိုင်နေလေသည်။

ညောင်လွန့်ဆရာတော်လည်း အနီးသို့ရောက်လာကာ "ဦးကဝိ" ဟုခေါ်သဖြင့် "ဘုရား" ဟုပြန်ထူးလိုက်ရာ ညောင်လွန့်ဆရာတော်က "ကိုယ်တော်၊ သူများစိတ်သိရဲ့လား" ဟုမေးလေသည်။သည်တော့ဆရာတော်ကြီးက "အို-သည်လိုမလုပ်စမ်းပါနဲ့၊ ဆရာတော်ဘယ်လိုများတွေ့မြင်လာလို့တုန်း၊ အမိန့်ရှိပါဦး၊ နာပါရစေ" ဟုဆိုလျှင် ညောင်လွန့်ဆရာတော်သည် တွေ့မြင်သမျှကို အကုန်အစင်ပြောတော့သည် ၊ ဆရာတော်ကြီးက "သည်လိုဆိုရင် နောက်ဆုံးမှာ မဆင်ခြင်ဘူးလား" ဟုမေးရာ "ဆင်ခြင်ပါတယ်" တဲ့ အဲသည်လိုဆင်ခြင်ပြီးတော့ ဘယ်လိုစိတ်ဖြစ်သေးသလဲ" ဟု ဆက်မေးရာ ဘယ်လိုမှ စိတ်မဖြစ်ပါဘူးတဲ့၊ သည်တော့

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာတော်ကြီးက "ဖြစ်ပါလိမ့်ဦးမယ်၊သေသေချာချာစဉ်းစားပါဦး" ဟုပြောတော့ ညောင်လွန့်ဆရာတော်ကြီးသည် "ဩ-တွေ့ပြီ ၊ တွေ့ပြီ၊ ဘယ်လိုလဲဆိုလျှင် ကုသိုလ်တာနတ်ပြည်၊ ဘုရားလောင်းအနီးအနားသွား ဖြစ်ချင်တဲ့စိတ်ဖြစ်တယ်" ဟု လျှောက်ထားလေသည်။ အဲသည်တော့ ဆရာတော်ကြီးက "ဆရာတော်ဘုရား၊ ဘာ့ကြောင့် သံသရာထဲရှည်နေချင် ရသေးတုန်း၊ ယခုဘဝ ပြီးရင်လဲအေးတာပဲမဟုတ်လား၊ နတ်ဖြစ်ချင်တဲ့ နိကန္တိကိုစွန့်ပြီး ဆက်လက်အားထုတ်ပါဘုရား" ဟုလျှောက်ပြောဆိုသော ကြောင့် ညောင်လွန့်ဆရာတော်သည် ဆက်လက်အားထုတ်ရာ ကိစ္စပြီး မြောက် အဆုံးတိုင်ရောက်ပြီးသော ပုဂ္ဂိုလ်ထူးဖြစ်သည်ဟု ထင်ပေါ် ကျော်ကြားတော်မူလေသည်။

စွန်းလွန်းဆရာတော်ဘုရားကြီးသည် မဂ်စိတ်ဖြစ်ပေါ်ပုံ အလုံး စုံကို မည်သူမျှ မပြောရဘဲနှင့် ကိုယ်တိုင်သိနိုင်သော၊ ကိုယ်တိုင်သိရသော အကြောင်းကို သိစေရန် လောကသတ္တဝါများသေပုံနှင့် ကိလေသာ သေ ပုံကို ယှဉ်တွဲ၍ သိရှိနားလည်ကြရအောင် ပြောဆိုမိန့်ကြားတော်မူခဲ့ပါ သည်။

## ၁၄။ တစ်ခါသေဖူးမှ ပျဉ်ဖိုးနားလည်သည်ဟုဆုံးမတော်မူပုံ

တစ်ခါသေဖူးမှ ပျဉ်ဖိုးနားလည်တယ်၊ ဘယ်လိုလဲဆိုလျှင် မျက်စိ ပြင်တယ်၊ နားပြင်တယ်၊ နှာခေါင်းပြင်တယ်၊ လျှာပြင်တယ်၊ ကိုယ်ပြင်တယ်၊ မြင်ရာကြားရာ စသည်မှာ အသေမှန်လျှင် ပြင်ပြင်သွားလိမ့်မယ်၊ သေတာ ဘယ်လိုလဲဆိုလျှင် လောကသတ္တဝါများ သေခါနီးမှာလဲ အာရုံကလှမ်း တာပဲ၊ အာရုံလှမ်းတာချင်းမှာတူတယ်၊ သို့သော် ဟိုမှာတွယ်စရာမရှိ၍ သည်ဘက်ပြန်လိုက်တော့ ကိလေသာတွေ ဆက်သွားတယ်၊ ဒါ့ကြောင့် အာရုံအလှမ်းချင်းမှာ တူသော်လည်း၊ အသေချင်းမှာ မတူကြဘူး၊ ဘယ်လိုလဲဆိုလျှင် မဂ်စိတ်ဖြစ်သော ကိလေသာသေတယ်၊ ဟိုမှာ တွယ်စရာ ရှိလို့တွယ်တော့ အိမ်ပြောင်းသွားတယ်၊ အဲဒါကိုပဲ လောက



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဝေါဟာရအားဖြင့် သေတယ်ဟု သမုတ်ကြတယ်၊ ဒါကြောင့် အမှန်သေတာက ရုပ် ၊ နာမ်၊ ပရမတ်၊ အိမ်ပြောင်းတာက ဘာမှမသေဘူး။

## ၁၅။ ရှိတာရှာလျှင် တွေ့ရမည်ဟု ဆုံးမတော်မူပုံ

ရှိတာရှာလျှင် တွေ့ရမည်တဲ့၊ ရှိတာဟာ ဘာတရားများလဲ ဆိုလျှင်၊ သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက၊ တည်းဟူသော လောကသုံးပါးတွင် ရုပ်၊ နာမ်၊ ပရမတ်မှတစ်ပါး အခြားမရှိ ရုပ်နာမ် ပရမတ်သာလျှင် ဖြစ်တယ်၊ ရုပ်နာမ်ပရမတ်သာလျှင် ပျက်တယ်၊ ထိုသို့ အမြဲတမ်းဖြစ်ပျက်နေသော ရုပ်နာမ်ပရမတ်ဟာ သတ္တဝါတိုင်း၏ ခန္ဓာကိုယ်ပေါ်မှာအမြဲတမ်းရှိနေပါသည်။ သို့သော်လည်း မြတ်စွာဘုရားပွင့်တော်မူသော အခါမှသာလျှင် မြတ်စွာဘုရားက ဤသည်ကား အနိစ္စ၊ ဤသည်ကားဒုက္ခ၊ ဤသည်ကား အနတ္တစသည်ဖြင့် ပရမတ်တို့၏ နာမည်ပညတ်တို့ကို သမုတ်ခေါ်ဝေါ် ပညတ်တော်မူခဲ့သောကြောင့်သာလျှင် လူ၊နတ်၊ဗြဟ္မာ၊ သတ္တဝါဟူသမျှတို့သည် ပညတ်အားဖြင့် သိကြရလေတော့သည်။ ထိုသို့ပညတ်အားဖြင့် သိပြီးသောသူသည် ခန္ဓာကိုယ်ပေါ်မှာ ဘယ်လိုရှာရမလဲဆိုလျှင်၊ ခန္ဓာကိုယ်ပေါ်မှာ အမြဲတမ်း ရှိနေသော အမှန်ပရမတ်ကို ကိုယ်တိုင်ဒိဋ္ဌတွေ့ချင်၊ သိချင်၊ မြင်ချင်လို့ ရှာချင်ပါတယ်ဆိုလျှင် အမြဲတမ်းရှိနေသော ခန္ဓာကိုယ်ပေါ်မှာသာလျှင် ရှာရပေလိမ့်မည်၊ ခန္ဓာကိုယ်ပေါ်မှာ ဘယ်လိုရှာရမဲဆိုလျှင်၊ ခန္ဓာကိုယ်မှာ ထိတိုင်း၊ ထိတိုင်း၊ သိသိနေလိမ့်မယ်။ အဲသည်လိုသိတဲ့အပေါ်မှာ သတိပြုသတိထားနေဖို့ပါပဲ၊ သတိပြုထားသည်ပင်လျှင် ရှာသည်မည် တော့သည်၊ အမြဲတမ်း ရှိနေသော ဖောက်ပြန်မှုအနိစ္စ၊ မခံသာမှု ဆင်းရဲဒုက္ခ၊ ဤဖောက်ပြန်မှု၊ မခံသာမှုများကို ကိုယ်က ဟိုလိုဖြစ်ပါ၊ သည်လိုဖြစ်ပါ စသည်ဖြင့်ပြုပြင်၍ မရမှုအနတ္တတို့ကို ကိုယ်တိုင်ဒိဋ္ဌတွေ့ရ သိရပါလိမ့်မည်၊ ဒါကြောင့် ရှိတာရှာလျှင် တွေ့ရမည်ဟု မိန့်ဆိုခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ ကိုယ်တိုင်တွေ့ရ သိရတဲ့ တရားဟာ ကျင့်စဉ်၊ ဖြစ်စဉ်

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၊ ဝေဒနာစဉ် ဟူ၍ သုံးမျိုးရှိရာတွင် ဖြစ်စဉ်တရားမျိုး ဖြစ်ပါတယ်၊ ဒါကြောင့် စွန်းလွန်းဆရာတော်ကြီးက အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ တရား ဟာ ကိုယ့်အလိုနှင့် လုပ်ရတဲ့ တရားမျိုးမဟုတ်ဘူး၊ ထိမှု၊ သိမှု၊ သတိ ပြု သောကျင့်စဉ် နည်းလမ်းအတိုင်းကျင့်နေသဖြင့်၊ ဝါ-ပညာခွာပြီး ပရမတ်ကို ရှုနေသဖြင့် သူ့ဟာသူသိလာရမည့် တရားမျိုးဖြစ်တယ်၊ ပညတ်ခွာတာ ဘယ်လိုလဲဆိုလျှင် ဥပမာ-သစ်တုံးကြီးတစ်တုံး ကိုခွဲချင် စိတ်ချင်လျှင် လွှစဉ်ပေါ်တင်ပြီး မျဉ်းကြိုးကို အိုးမည်းသုတ်၍ မျဉ်းရိုက်ပြီးအထက် တစ်ယောက်၊ အောက်တစ်ယောက် ဆွဲကြသောအခါ၊ မျဉ်းကြောင်းထိပ်နှင့် လွှသွားထိရာကလေးကိုသာလျှင် မတိမ်းမစောင်းဖြောင့်ဖြောင့်ကြီးဖြစ် ရလေအောင် အာရုံစိုက်ပြီး ဆွဲကြတယ်၊သို့သော် အထက်သို့ တက်၍တက် ၍လာသော လွှသွားနှင့်အောက်သို့ဝင်၍ဝင်၍ သွားသောလွှသွားတို့ကို မမြင်သည်ကားမဟုတ်၊ မြင်ကားမြင်၏ အာရုံမပြု ဂရုမစိုက်ကြကုန်၊ ကိုယ်အမူအရာဖြင့် ကုန်းလိုက်၊ လက်မြှောက် လိုက်ဖြင့် အားထုတ်သည် ကိုလည်း မသိသည်မဟုတ်၊ သိကားသိ၏ အာရုံမပြု၊ ဂရုမစိုက်ကြပေ၊ ထိုကဲ့သို့ ဟိုဘက်သည်ဘက် ထွက်သက်၊ ဝင်သက် သွားလာသောလွှသွား နှင့် အားထုတ်မှုလုံ့လအမူအရာတို့ကို အာရုံမပြု၊ ဂရုမစိုက်ဘဲ မျဉ်း ကြောင်းထိပ်နှင့် ထိဆဲလွှသွားကိုသာလျှင် ဂရုစိုက်ပြီး ဆွဲကြသဖြင့် ဖြောင့်တန်းစွာလိုရာကိစ္စ ပြီးကျသလို၊ ပညတ် ကွာလျှင် အမှန်ရှိသော ပရမတ်ကို ကိုယ်တိုင်ဒိဋ္ဌ၊ သူ့ဟာသိသိလာရမည့် တရားမျိုးဖြစ်တယ်၊ ထိုအသိမှာလည်း ရှေးဦးစွာအထင်သိ၊ နောက်အမြင် သိလိမ့်မယ်တဲ့၊ အထင်သိ ဆိုတာ စာလိုပြောလျှင် ကာယသာဒနှင့် တွေ့ထိပြီး သိတာ မျိုးဖြစ်လို့ အတွေ့သိပါပဲ၊ ၄င်းအတွေ့သိဟာ မရှိပညတ် ရှိပညတ် နှစ်ခုလုံးကို အာရုံမပြု၊ ဂရုမစိုက်ဘဲ၊ ထိဆဲပရမတ် အခိုက် အတန့် ကလေးကိုသာ၊ ဝါ-ထိမှု သိမှု သတိ၊ သုံးခုပြိုင်၍ ပြိုင်၍ကျနေ သကဲ့သို့ သောပစ္စုပ္ပန်အခိုက်အတန့်ကလေးအပေါ် ထပ်ကာထပ်ကာ ကျနေ သည်ကို သိသော အသိဉာဏ်သည်ပင်လျှင် အတွေ့သိ၊ သမ္မသန ဉာဏ်တဲ့။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သည်သမ္မသနဉာဏ် ဖြစ်လာလျှင်ပဲ မလုပ်ဖူးတဲ့ သူနှင့်စာလျှင် တော်တော် ကျေးဇူးများလှပါပြီ၊ ဘာကြောင့်လဲဆိုလျှင် လောဘ၊ ဒေါသ မောဟ၊ ဒိဋ္ဌိ၊ မာနတရားများကို တဒင်္ဂပယ်လိုက်ပြီးဖြစ်၍ မင်္ဂမျိုးစေ့ကို သန်သန်ကြီး ရပြီးဖြစ်သောကြောင့် တစ်နေ့နေ့မှာ မုချဧကန်ပေါက်ရမည် အမှန်ဖြစ်သောကြောင့်တည်း။ (ဒါကြောင့် စွန်းလွန်းဆရာတော်ကြီးက ပစ္စုပ္ပန်တစ်ချက်တည့်လျှင် သံသရာတစ်ချက် ရပ်သည်ဟူ၍လည်း ကောင်း၊ လောဘ၊ ဒေါသ၊ မောဟ အစရှိသောတရားတို့ကို သမ္မသနဉာဏ်က စ၍ အမြဲတမ်း ပယ်နေသည်ဟူ၍လည်းကောင်း ပြောဆိုမိန့်ကြားခဲ့ပါသည်။)

အမြဲတမ်းပယ်နေတယ် ဆိုတာ ဘယ်လိုလဲဆိုလျှင် ထိဆဲ၊ သိဆဲ၊ ပရမတ် အခိုက်အတန့်ကလေးကို အကယ်၍ သတိမပြု၊ သတိမထားခဲ့ ပါမူ အမေပြောလို့မှတ်ထားဖူးတဲ့၊ ဘာမှမရှိတဲ့ ငါထိတယ်၊ ငါသိတယ်၊ စသည်ဖြင့် စွဲယူမှတ်ထင်လျှင် လောဘ၊ ဒေါသ တစ်ခုခုဖြစ်ရမည်၊ ထိုကဲ့သို့မဖြစ်ရလေအောင် ထိလိုက်၊ သိလိုက်၊ သတိအုပ်လိုက်၊ ချုပ်သွားလိုက်၊ ထိလိုက်၊ သိလိုက်၊ သတိအုပ်လိုက်၊ ချုပ်သွားလိုက်နှင့် ထပ်ကာထပ်ကာ ပစ္စုပ္ပန်ပရမတ်ပေါ်သာ ကျရောက်နေပါလျှင် လောဘ၊ ဒေါသဖြစ်ရန် အခွင့်နေရာမရ၍ မဖြစ်တော့သည်ကိုပင် ပယ်နေသည် မည်တယ်။

သံသရာရပ်တယ်ဆိုတာ ဘယ်လိုလဲဆိုလျှင် ပဋိစ္စသမုပ္ပါဒ်မှာ ဝေဒနာသည် ပစ္စုပ္ပန်အကျိုးအဆုံးဖြစ်တယ်၊ တဏှာသည် ပစ္စုပ္ပန်အကြောင်းအစဖြစ်တယ်၊ ထိုနှစ်ခုတို့၏ အစပ်ဖြစ်သော ပစ္စုပ္ပန်အကျိုး ဝေဒနာကိုသာလျှင် သတိပြု၊ သတိထားနေပါလျှင်၊ ဝါ-ဝေဒနာပေါ်လိုက် ၊ သတိအုပ်လိုက်၊ ချုပ်သွားလိုက်နှင့် ဝေဒနာပစ္စယာ ဝေဒနာဆိုဘိသ ကဲ့သို့ ဝေဒနာ၊ ဝေဒနာ ဝေဒနာချည်း ထပ်ကာထပ်ကာကျနေ၍ သံသရာ လည်ခြင်း၏ အကြောင်းတဏှာမဖြစ်သည်ကိုပင် သံသရာရပ်သည်မည် တယ်။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ပေါက်ရောက်သိမြင်လိုသူအဖို့ သမ္မသန ဉာဏ်အချိုးတည့်မှုသည်သာလျှင် လိုရင်းပဓာန အရေးအကြီးဆုံး အချက်

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြစ်သည်။ သမ္မသနဉာဏ် အချိုးတည့်ပြီးသူသည် ၄င်းသမ္မသနဉာဏ်ကိုသာလျှင် အမြဲတမ်းလုပ်နေဖို့လိုသည်။ သေသည့်တိုင်အောင်၊ ပရိနိဗ္ဗာန်စုတ်တိုင်အောင် လုပ်ရသည့် တရားဟူ၍ မှတ်ကြကုန်၏။

ဥပမာ သရက်ပင်စိုက်သောသူသည် ရေလောင်းမှု၊ ပေါင်းသင်မှု၊ ခြံကာမှု၊ မပျက်စီးအောင် စောင့်ရှောက်မှုသည်သာလျှင် ကိုယ့်အလုပ်ကိုယ့်တာဝန်ဖြစ်၍ အသီးသီးမှုသဘောမှာ ကိုယ့်အလိုမဖြစ်ဘဲ သူ့အချိန်တန်မှ သူ့ဟာသူသီးလာသကဲ့သို့ ထို့အတူ သမ္မသနနည်းကို သာလျှင်မပျောက်မပျက် မလစ်လပ်လေရအောင် ထိန်းသိမ်း စောင့်ရှောက်နေပါမှုအသီးနှင့်တူသော ဥဒယဗ္ဗယဉာဏ်အစ၊ ပစ္စဝေက္ခဏာ ဉာဏ်အဆုံး၊ နောက်ဉာဏ်များဟာ သူ့အချိန်တန်လျှင် သူ့ဟာသူ အစဉ်အတိုင်း ဖြစ်ပေါ်လာလိမ့်မည်။ထိုသို့ဖြစ်ပေါ်လာသော အခါ ဘယ်သူကမှမပြောရဘဲနှင့်ကိုယ်တိုင်ဒိဋ္ဌတွေ့ရသိရပါလိမ့်မည်။ ဒါကြောင့်"ပြောမယုံ၊ကြုံတော့သိလိမ့်မည်" ဟု စွန်းလွန်းဆရာတော်ကြီး ကပြောဆို မိန့်ကြားခဲ့ပါသည်။

ပညတ် ပရမတ် ၊ တွဲသည်မှတ်၊ သူမြတ်မဆိုသာ၊
ပညတ် ပရမတ် ၊ ကွဲသည်မှတ်၊ သူမြတ်မဆိုသာ၊
ပညတ် ပရမတ် ၊ နှစ်ခုစပ် ၊ သိတတ်သူမှ မြတ်သည်သာ။

ထိုစကားတို့တွင် တွဲသည်-ကွဲသည်မှတ် ဟူသောစကားသည်သညာသိ၊ပြောကြားသိဖြစ်သောကြောင့် သူမြတ်မဖြစ်နိုင်၊ သူမြတ်မဟုတ်ဟု ဆိုလိုသည်။ နှစ်ခုစပ် ဟူသည်ကား-ပရမတ်သည် အမှန်ရှိသောတရား၊ ပညတ်သည် ဘာမျှမရှိ ၊ သမုတ်ကာမျှသာဖြစ်၍ အမှန်ရှိသော အရမတ်နှင့်တွဲစရာ မရှိသောကြောင့် မတွဲခန္ဓာ ၊ အာယတနဓာတ်စသည့် ပရမတ်ဖြစ်ပေါ်လာလျှင် တစ်ပါးသောသူ သိရလေအောင် သမုတ်ရန် ဆက်စပ်နေသောကြောင့်၊ ရှိပညတ်နှင့်ပရမတ်ဟာမကွဲ၊ ထိုကဲ့သို့မတွဲပုံကို လည်းကောင်း ၊ မကွဲပုံကိုလည်းကောင်း၊ ဆပ်စပ်ပုံကိုလည်းကောင်း ကိုယ်တိုင်ဒိဋ္ဌသိမြင်မှသာလျှင် သူမြတ်ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။

(စတုတ္ထအကြိမ်)

F.10.A

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ပရမတ်ဆိုတာ ကိုယ်ကိုယ်တိုင် ကိုယ်ပေါ်မှာ ဖြစ်ပေါ်လာတာကို သိနေတာကိုပင်လျှင် ပရမတ်အမှန်ဖြစ်တယ်၊ သူများပြောလို့သိတာဟာ ပညတ်ချည်းဖြစ်သည်ဟု တစ်ထစ်ချဧကန်မှတ်ထားပါဦး၊ ထိုသို့ မှတ်ထားပြီးသောသူကို ဆရာဖြစ်သူက "ထိတော့ သိလိမ့်မယ်၊အဲသည် သိတဲ့အပေါ်မှာ သတိထားပြီးရှု" လို့ ပြောလိုက်ပြီ၊ သည်လိုပြောလို့ ကိုယ်တိုင်ရှုတဲ့အခါကျတော့ ထွက်တယ်ဝင်တယ်ဆိုတဲ့ မရှိပညတ်၊ ထိတယ်-သိတယ်ဆိုတဲ့ ရှိပညတ်ကို အာရုံမပြု ဂရုမစိုက်ဘဲ ထိကာမျှ သိကာမျှ ပရမတ်အခိုက်အတန့်ကလေးအပေါ် ထပ်ကာထပ်ကာကျနေ ပါလျှင် "ဩ ပညတ်နှင့်ပရမတ်ဟာ တွဲလဲမတွဲဘူး၊ ထိတယ်၊သိတယ်ဆိုတဲ့ ရှိပညတ်နာမည်နှင့် ငါကိုယ်တိုင်သိတဲ့ ပရမတ်သိကလေး ကွဲလဲမကွဲဘူး။ တစ်စပ်တည်းပါကလား" ဟုစဉ်းစားဆင်ခြင်လျှင် အမှန်ပင်သိပါလိမ့်မည်။ ထိုအသိမျိုးကိုပင်လျှင် စွန်းလွန်းဆရာတော်ကြီးက "မသိလျှင်ကျယ်၊ သိလျှင်လွယ်တယ်၊ မသိတော့ တစ်ပတ်ပတ်၊ သိတော့အပြီးသတ်ကရော" ဟုပြောဆိုမိန့်ကြားခဲ့ပါသည်။

နောက်ထပ် ရှင်းပါဦးမည်၊ မရှိပညတ်နှင့် ပရမတ်ဟာ ဘယ်လိုမှ တွဲလို့မရဘူး၊ဘာမှမရှိသောကြောင့် ရှိပညတ်နှင့် ပရမတ်ဟာ အမှန်ကို မြင်သောသူတို့သည် သူတစ်ပါးမသိအောင် မပြောလျှင်မဖြစ်၊ ပြောရသည် ဖြစ်သောကြောင့် သူတို့သည် သူတစ်ပါးမသိအောင် မပြောလျှင်မဖြစ်၊ ပြောရသည်ဖြစ်သောကြောင့် တွဲလည်းမတွဲ၊ ခွဲလည်းမရ၊ တစ်စပ်တည်း ဖြစ်နေတော့သည်၊ ဥပမာ-မီးကြောင့် အရောင်အလင်း ဖြစ်ပေါ်လာသ ကဲ့သို့ မီးသည် အရောင်အလင်းမဟုတ်၊ အရောင်အလင်းသည် မီးမဟုတ်၊ ထိုကဲ့သို့ မီးရောင်နှင့်မီးသည် တစ်ခုတည်းလည်း မဟုတ်၊ ကွဲလည်းမကွဲ ခွဲ၍လည်းမရ၊ စပ်နေပေတော့သည်။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## ၁၆။ သဘောပေါ်သဘောကျနေလျှင် ဟုတ်ပြီ မှန်ပြီ ကောင်းပြီဟု ဆုံးမတော်မူပုံ

ဆရာတော်ကြီးက "သဘောပေါ်သဘောကျနေလျှင် ဟုတ်ပြီ၊ မှန်ပြီ၊ ကောင်းပြီ" တဲ့၊ ဘယ်လိုလဲဆိုလျှင် ထိမှုသည် သဘောရုပ်ပရမတ်၊ သိမှုသည် သဘောစိတ်ပရမတ်၊ သတိသည် သဘော၊ စေတသိက် ပရမတ် ဟုသုံးမျိုးရှိသည်တွင် ရုပ်ပရမတ်ပေါ်ကို စိတ်တစေသိက် ဟူသော နာမ်ပရမတ်တို့က ထပ်ကာထပ်ကာ ကျနေသည်ကိုပင် သဘောပေါ် သဘောကျနေပြီဖြစ်၍ ကျင့်စဉ်နည်းလမ်းမှန်ပြီ၊ ကောင်းပြီ ဟုတ်ပြီ ဟု ဆိုလိုရင်းဖြစ်သည်။ ထိုကဲ့သို့သော သဘောပေါ် သဘော ကျနေလျှင် သမ္မာသနဉာဏ်ဖြစ်တော့သည်၊ ၎င်းသမ္မာသနဉာဏ်ကို သတိ ပဋ္ဌာန်မဂ်ဟူ၍လည်းကောင်း၊ ပုဗ္ဗဘာဂမဂ် ဟူ၍လည်းကောင်း ခေါ် ဆိုကြလေသည်။ သတိပဋ္ဌာန်မဂ်သည် ကိလေသာကို တဒင်္ဂပယ်သတ်သည်၊ အရိယာမဂ်သည် ကိလေသာကို သမုစ္ဆေဒပတာန်ပယ်သတ်သည်၊ အရိယာမဂ်သည် ကိလေသာကို သမုစ္ဆေဒပတန် ပယ်သတ်သည်၊ ဥပမာ တစ်ယောက်နှစ်ယောက်ဖက်ရသော သစ်ပင်ကြီးကို လှဲချင်ဖြတ်ချင်သည် ဆိုလျှင် ဓားချက်ပေါင်းများစွာ ခုတ်ရ၍ နောက်ဆုံးဓားချက်မှာသာလျှင် အလျှင်းအကင်း ပြတ်သကဲ့သို့ ထို့အတူ ရှေးဦးဓားချက်တို့သည် သတိပဋ္ဌာန်မဂ်နှင့် တူသည်၊ နောက်ဆုံးဓားချက်သည် အရိယာမဂ်နှင့်တူသည် သစ်ပင်လှဲရာ၌ ရှေးဦး ဓားချက်ကိုသာလျှင် ပြတ်သည်တိုင်အောင် ကိုယ့်အလိုနှင့်အားထုတ် ပြုလုပ်ရ၍ နောက်ဆုံးဓားချက်မှာ တစ်မျိုးတစ်မည် အထူးမလုပ်ရတော့ပဲ သူ့ဟာသူလဲသွားသည်ကို ကိုယ်တိုင်ဒိဋ္ဌိတွေ့မြင်ရသောအခါ "ဟော့-ငါခုတ်တဲ့ သစ်ပင်ကြီးဟာ လဲသွားသလား" လို့ သူတစ်ပါးကို မမေးရတော့ပါဘူး၊ ဒါကြောင့် "ပြောမယုံကြုံတော့သိလိမ့်မယ်၊ လမ်းဆုံးတော့ ရွာတွေ့လိမ့်မယ်" ဟုစွန်းလွန်းဆရာတော်ကြီးက ပြောဆိုမိန့်ကြားခဲ့ပါသည်။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တရားဟာ၊ ကြာလေကောင်းလေ၊ ဟောင်းလေ၊ သစ်လေပဲ၊ သည်မဂ်ဖိုလ်တရားဟာ ဘယ်ကစလာမှန်းမသိ၍ သူ့ထက်ကြာတဲ့တရားမရှိဘူး၊ အကောင်းမှာလဲအတုမရှိ၊ အသာဆုံး၊ အလွန်ဆုံး၊ အကဲဆုံးဖြစ်လေသည်။ အဟောင်းနှင့် အကြာဟာ အပြောပညတ်သာကွဲ၍ တစ်ခုတည်းဖြစ်ပါသည်။ ဒါကြောင့် သူ့ထက်ကောင်းတဲ့ တရားမရှိဘူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရခြင်း၏အကြောင်းတရားကို အားထုတ်သဖြင့် ကိုယ်တိုင်တွေ့ရ၊ မြင်ရ၊ သိရသောသူမှာ ဘယ်တုံးအခါကမှမတွေ့ရ၊ မသိဖူးသေးသော မဂ်ဉာဏ်ကို ယခုအစအဦး သိရသည် ဖြစ်၍လည်း၊ သူ့ထက်သစ်သောတရားဟူ၍မရှိလေ။

၁၇။ **စုံစမ်းလျှင်မှီအောင်စမ်းမှ၊ မောင်းဆွဲထားလျှင် တီးကြည့်မှကွဲလျှင် ကွဲသံထွက်လိမ့်မည်၊ ကောင်းလျှင်ကောင်းသံထွက်လိမ့်မည်၊ မောင်းတီးကချေးထူလိုက်တာဆိုပြီး မျက်စိဖြင့် ကြည့်ရှုသာကြည့်သွားရုံဖြင့် မောင်း၏အသံကောင်းမကောင်းကို သိလိမ့်မည်မဟုတ်ဟုဆုံးမတော်မူပုံ။**

အဲဒါဟာ စွန်းလွန်းဆရာတော်ကြီးက မောင်းကို ဥပမာပြု၍ ပြောဆိုထားသောစကားဖြစ်ပါတယ်၊ ၄င်းဥပမာကို ဥပမေယျနှင့်စပ်ဟပ်၍ ဆရာတော်ကြီး၏ အာဘော်ကို ကျရောက်အောင် စဉ်းစားဆင်ခြင်ရန်လိုပါသည်။ ထို့ကြောင့် စဉ်းစားကြပါဦးစို့။

ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဌာနမှာ စွန်းလွန်းတရားပြ နေသတဲ့ဟု လူအများ ပြောဆိုသောအသံကို ကြားရခြင်းသည် မောင်းသံနှင့်တူ၏၊ ၄င်းအသံတိုင်း လိုက်လံရှာဖွေ၍လာရာ စွန်းလွန်းကမ္မဋ္ဌာန်းတိုက်ထဲသို့ ရောက်သောအခါ ကမ္မဋ္ဌာန်းဆရာလုပ်သူက ပြောသောကျင့်စဉ်နည်းလမ်းအတိုင်း အားထုတ်ပြုလုပ်ခြင်းဖြစ်သည် မောင်းကိုတီးသည်နှင့် တူ

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၏ အားထုတ်ပြုလုပ်ခြင်းကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတို့ ကိုယ်တိုင် ဒိဋ္ဌ၊ အတွေ့သိ၊ အမြင်သိအားဖြင့် သိရခြင်းသည် မောင်း၏အသံကောင်းမကောင်းနှင့်တူ၏ ဒါကြောင့်စမ်း၍ တီးခြင်း မပြုဘဲ ကမ္မဋ္ဌာန်းဆရာသာ ကြည့်ပြီးသွားလျှင် အသံထွက်လိမ့်မည်မဟုတ်၊ စုံစမ်းလျှင်မှီအောင်စမ်းပါ။ ဝါ-မြည်အောင် တီးကြည့်ပါဟု ဆိုလိုသည်။

ဝိပဿနာတရားကို နည်းပေးလမ်းပြ ဟောပြ ဆုံးမကြသောဆရာသည် အခြေအမြစ်နှင့်တကွ ကျနသေချာအောင် ပြောဆိုဆုံးမဩဝါဒပေးနိုင်မှသာလျှင် လိုက်နာကျင့်ကြံအားထုတ်ကြသော တပည့်များသည် လွယ်ကူစွာပေါက်ရောက်သိမြင်ကြပေလိမ့်မည်၊ ဒါကြောင့် စွန်းလွန်းဆရာတော်ဘုရားကြီးသည် ထန်းပင်ပေါ်၌ ရှိသောထန်းရည်အိုးကို ဥပမာပြု၍ ပြောဆိုမိန့်ကြားခဲ့ပါသည်။ ဘယ်လိုလဲဆိုရင် "ဟောဟိုထန်းပင်ပေါ်က ထန်းရည်ကိုသောက်တော့ဟု လက်ညှိုးထိုးပြလျှင် ဘယ်လိုလုပ်ပြီးတော့ သောက်ရလိမ့်မှာလဲတဲ့၊ တကယ်သောက်ရအောင်၊ သောက်တတ်အောင်၊ ဟောသည်ယင်းထောင်ကို ထန်းပင်မှာ ကပ်ထောင်ပြီးအထက်တက်သွား၊ အလယ်နားရောက်တော့ ကြိုးကလေးချည်ခဲ့ဦး၊ ပြီးတော့ အထက်ကယင်းဆွဲကို ကူးတက်သွား၊ အထက် ထန်းပင် လည်သီးရောက်တော့ ထန်းရည်အိုးမှာ ခေါက်တွန့် ချည်ထားတဲ့ ကြိုးကလေးရှိတယ်၊ အဲသည်ကြိုးကလေးကိုဆွဲလိုက် ပြုတ်လာလိမ့်မယ်၊ ပြုတ်လာလို့ လက်ထဲရောက်သော ထန်းရည်ကို သောက်တော့လို့ပြောရင် မုချဧကန် သောက်ရမည် အမှန်ပင်တဲ့။

သတ္တလောကကြီးထဲမှာ ပုဂ္ဂိုလ် လေးမျိုးရှိတယ်၊ အဘယ်လေးမျိုးလဲဆိုလျှင်၊ ကျွတ်ဆဲပုဂ္ဂိုလ်၊ ကျွတ်ပြီးပုဂ္ဂိုလ်၊ ကျွတ်လတ္တံ့ ပုဂ္ဂိုလ်၊ မကျွတ်လတ္တံ့ပုဂ္ဂိုလ်ဟု လေးမျိုးရှိတယ်၊ ထိုလေးမျိုးတို့တွင် မကျွတ်လတ္တံ့ပုဂ္ဂိုလ်ဟာဘယ်တော့အခါမှ မကျွတ်တော့ဘူးတဲ့၊ အဲသည်လိုဆိုတော့ ယခုသာသနာနှင့်တွေ့ကြုံတဲ့အခါမှာ ကျွတ်ဆဲ၊ ကျွတ်ပြီး၊ ကျွတ်လတ္တံ့ပုဂ္ဂိုလ် ဟုတ်မဟုတ်ကိုယ်တိုင်ဒိဋ္ဌသိရလေအောင် လူတိုင်းလုပ်သင့် လုပ်ထိုက်ပါတယ်၊ လုပ်လျှင်

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သိလဲသိနိုင်ပါတယ်၊ ဘာကြောင့်လဲဆိုလျှင် စွန်းလွန်းဆရာတော်ကြီးသည် ခပ်ငယ်ငယ်ကလေးများ တရားအားထုတ်၍ ပစ္စုပ္ပန် တစ်ချက်တလေတည့် သည်ဟု ထင်လျှင် "ကိုင်း-မင်းတော့ သွားချင်ရာသွား၊ နေချင်ရာနေ၊ လုပ်ချင်ရာလုပ်တော့ ချေ၊ မင်းကိုငါကြိုးရှည်နှင့် လှန်ထားလိုက်ပြီ၊ မင်းတစ်နေ့နေ့မှာ ငါ့ဘက်လည် ရတော့မည်" ဟုမိန့်ကြား ပြောဆိုလေ့ရှိသည်။ "မင်းတစ်နေ့နေ့မှာ ငါဘက်လည်ရတော့မယ်" ဟု ဆရာတော်ကြီး ပြောခြင်းသည် တစ်နေ့နေ့မှာ မင်းငါကျွတ်သလို ကျွတ်ရမည် ဟု ပြောခြင်းပင် ဖြစ်ပေလိမ့်မယ်။

## ၁၈။ ကြွေးရှင်းမှ ဘေးကင်းမည်ဟု ဆုံးမတော်မူပုံ

ဆရာတော်ကြီးက ကြွေးရှင်းမှ ဘေးကင်းမည်တဲ့၊ ကြွေးဆိုတာ ဘာလဲ၊ အတိတ်၊ သံသရာ၊ ဘဝအဆက်ဆက်က အပရာပရိယ ကုသိုလ်ကံ အကုသိုလ်ကံတွေဟာ သတ္တဝါတိုင်းမှာ အနန္တ၊ မရေမတွက်နိုင်အောင် များစွာရှိကြတယ်၊ ထိုကံတွေဟာ အကြောင်းသင့်လျော်သလိုအခွင့်သာလျှင် အကျိုးပေးရန် အမြဲစောင့်လျက်နေသည်။ ထိုသို အမြဲစောင့်လျက်နေသည်၊ ထိုသို့အမြဲစောင့်လျက်နေသော ကုသိုလ်၊ အကုသိုလ်တို့၏ အကျိုးဝိပါက်တရားတို့သည် ခန္ဓာကိုယ်ပေါ်မှာ အမြဲဖြစ်လျက်နေပါသည်။ ထိုအကုသိုလ်တို့၏ အကျိုးတရားကိုပင် ဝဋ်ကြွေးဟု ခေါ်ဆိုပါသည်။ ဒါကြောင့် ဆရာတော်ကြီးသည် "ကုသိုလ်နှင့်တွေ့လျှင်လည်း စံလိုက်၊ အကုသိုလ်နှင့် တွေ့လျှင်လည်း ခံလိုက်၊ ကြွေးဟောင်းကျေလျှင် ပြီးတာပဲ၊ ကြွေးသစ်ထပ်မဖြစ်စေနှင့်" ဟုဆုံးမသည်။ အဲသည်တော့ ကြွေးဟောင်းကျေပုံက ဘယ်လိုလဲ၊ ကြွေးသစ် ထပ်မဖြစ်ပုံက ဘယ်လိုလဲဆိုလျှင် အဖြေကတော့ အထက်တွင်ပြခဲ့ပြီးသည့်အတိုင်းဖြစ်ပေါ်လာသော ဝေဒနာကို သာလျှင် သတိပြု သတိထားနေသဖြင့်၊ ဝေဒနာ-ဝေဒနာဟု သိပြီး ချက်ခြင်းချုပ်ပျောက်၊ တဏှာမရောက်လေသောကြောင့် ကြွေးသစ်ထပ်မဖြစ်တော့ဘူးလို့ ဆိုပါတယ်၊ အဲဒါဟာ ဝိပဿနာတရား နှင့်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ကြွေးဆပ်တဲ့နည်းပါပဲ။

ပုထုဇဉ် သတ္တဝါတိုင်းမှာ အပရာပရိယ အကုသိုလ်ဝဋ်ကြွေးတွေ ဟာများစွာ ရှိကြလေသောကြောင့် အပါယ်ငရဲသို့ ရောက်ရခြင်းဟာ လဲကြွေးဆပ်သည်မည်ဟာပါပဲ ၊ သို့သော်လည်းအဟောင်းပေးအသစ်ယူ ဖြစ်သဖြင့် ဝါ-တစ်ဆယ်ပေးပြီး တစ်ရာထပ်ယူခြင်းဖြစ်သဖြင့် ဘယ်တော့ အခါမှ ကြွေးကျေလိမ့်မည် မဟုတ်၊ ထိုသို့သောကြွေးဆပ်ပုံနှစ်မျိုးကို ဥပမာ ဆိုသော်-အပါယ်ငရဲမှာ ခံ၍ ကြွေးဆပ်ခြင်းသည် မူးစေ့၊ မတ်စေ့နှင့် အကြွေအနုပ်တွေ ပေးဆပ်တာနှင့်တူပြီး၊ ဝိပဿနာဉာဏ် ဖြင့် ကြွေးဆပ် ခြင်းသည် ပတ္တမြားဖြင့် ပေးဆပ်တာနှင့်တူတယ်၊ ဥပမာ ကြွေးတစ်ကုဋေ ရှိတယ်ပဲ ထားဦးတော့၊ တစ်ကုဋေသောကြွေးကို မူးစေ့၊ မတ်စေ့၊ အကြွေ၊ အနုပ်တွေပေးမည်ဆိုလျှင် သယ်ပိုးဆောင်ရွက်ရန်မှာလည်း အလွန်များ၍ အလွန်ကြာမြင့်မှ ပြီးနိုင်လိမ့်မည်၊ ပတ္တမြား ပေးဆပ်ရာမှာ "ပတ္တမြားဆံကြိုး၊ အဖိုးပြည်တန် ဟုဆိုသဖြင့် ယူဆောင် ရန်လည်း ပေါ့ပါး၊ ပေးရာမှာလည်း လျင်မြန်သဖြင့် ချက်ချင်းပင် ပြီးနိုင်တော့သည်။ သို့သော် ပတ္တမြားက တစ်ကုဋေမက တန်ဖိုးများသောကြောင့် အမ်းငွေပင်ရသေးသည်။

ဒါကြောင့် မဂ်မျိုးစေ့၊ ဖိုလ်မျိုးစေ့ တည်းဟူသော အမ်းငွေကို လည်း ရလိုက်သေးတယ်၊ အပရာပရိယ အကုသိုလ်ဝဋ်ကြွေးတွေလည်း ကျေသွားသေးတယ်၊ ဒါကြောင့် စွန်းလွန်း ဆရာတော်ကြီးက "အကုသိုလ် တွေက ဆယ်ဝင်ပုတ်လောက် ကြီးစေကာမူ၊ ဝိပဿနာကုသိုလ်ကလေး မြူမှုန်လောက်နှင့်၊ ဝါ-ဝိပဿနာ စိတ္တက္ခဏတစ်ချက်နှင့်ထိလိုက်လျှင် ယမ်းပုံမှာ မီးကျသကဲ့သို့ အားလုံးကုန်လောင်ကျွမ်း ပျောက်ပျက် မရှိဘဲ ဖြစ်တော့သည် " ဟုမိန့်တော်မူသည်။

ထိုသို့ ဆရာတော်ကြီးသည် ယောဂီများတရားထုတ်၍ဝေဒနာ လိုက်ရာမှ ဝေဒနာသညာမဖြစ်ဘဲ ဝေဒနာပညာဖြစ်ပါမူ ဝါ-ပစ္စုပ္ပန်အခိုက် အတန့်ကလေးပေါ် ကျ၍ကျ၍ နေပါမူ၊ အကုသိုလ်ဝဋ်ကျွေးတွေ တဖြည်း



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြည်း ရှင်းရှင်းသွားပြီး ကြွေးသစ်ထပ်၍ မဖြစ်ပုံကိုလည်းကောင်း၊ သံသရာလည်ခြင်း၏ အကြောင်း ရပ်၍ရပ်၍ သွားပုံကိုလည်းကောင်း၊ ကိလေသာတရားတွေကို တဒင်္ဂပဟာန်ဖြင့် ပယ်သတ်နေပုံကိုလည်းကောင်း၊ ပရိယာယ်အမျိုးမျိုးဖြင့်တပည့်များအားညွှန်ကြားဆုံးမ ဩဝါဒပေးတော်မူခဲ့လေသည်။

## ၁၉။ ကိုယ်တိုင်တွေ့မြင် အမှန်ပင်

ဘုန်းကြီးသည် စွန်းလွန်းဆရာတော်ဘုရားကြီးနှင့် တစ်ဆယ့်လေးနှစ်တိုင်အောင် နေခဲ့ပါသည်။ ထိုတစ်ဆယ့်လေးနှစ်တွင် ရှေ့ပိုင်းတစ်ဆယ့်တစ်နှစ်မှာ တရားပြပုံ နေရာတစ်မျိုး၊ နောက်ပိုင်းသုံးနှစ်မှာ တရားပြပုံနေရာတစ်မျိုး ဖြစ်သည်ကို သိရပါသည်။ ရှေ့ပိုင်းမှာကား တရားအားထုတ်လိုသူ ရောက်လာလျှင် "နှာသီးဖျား လေတိုးထိတော့ သိလိမ့်မယ်၊ အဲသည်သိတဲ့ အပေါ်မှာ သတိထားပြီး ရှူ" လို့ပြောပြီး ဆရာတော်ကြီးကိုယ်တိုင် နှာခေါင်းကို လက်ညှိုးကလေးနှင့်ကပ်ဆွဲပြီး ရှူ-ရှူနှင့် ဆယ့်ကိုးချက်လောက် ရှူပြပြီး၊ အဲသည်အတိုင်း ဂူထဲသွားရှူချေလို့ ခိုင်းလိုက်တယ် အဲသည်လိုရှူလို့ကိုယ်တွေ့တာ မြင်တာများကို လျှောက်ထားလိုလျှင် "အချိန်မရွေး၊ ဘယ်အခါမဆို လာပြီးလျှောက်ထားလှည့် အားမနာနှင့်" ဟု အစွမ်းကုန် ခွင့်ပြုထားလေသည်။

ထိုသို့ ဆရာတော်ကြီး ခွင့်ပြုထားသည့်အတိုင်း တရားအားထုတ်သောယောဂီဟူသမျှတို့သည် ကိုယ်တွေ့မြင်သမျှတို့ကို တစ်ယောက်ချင်းသာလျှင် လျှောက်ထားသော ယောဂီများလည်း ရှိ၏။ တချို့ဝတ်ဖြည့်ရာတွင် လျှောက်ထားသောသူကိုလည်း တွေ့မြင်ရ၏။ ကိုယ်ပေါ်၌ ဖြစ်ပေါ်လာသော ဝေဒနာများကိုသာ တွေ့ရသောယောဂီ များက လျှောက်ထားသောအခါ ဆရာတော်ကြီးက "အေး-အဲဒါတရားပဲ၊ အဲသည်ဝေဒနာကို သညာမဖြစ်စေနှင့်၊ ပညာဖြစ်ပေစေ၊ ဝေဒနာပညာ ဖြစ်လျှင် သမ္မသနဉာဏ်ဖြစ်တော့သည်၊ ၎င်းသမ္မသနဉာဏ် ရင့်သန်လာလျှင် ဥဒယဗ္ဗယ

ဉာဏ်ဖြစ်တော့သည်၊ ၎င်းသမ္မသနဉာဏ် ရင့်သန်လာလျှင် ဥဒယဗ္ဗယ

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဉာဏ်ဟာ သူ့ဟာသူ မြင်လာလိမ့်မယ်" ဟု ပြောလိုက်သည်၊ ထိုသို့ ဆရာတော်ကြီးပြောသည့်အတိုင်း မြင်လာသောသူများလျှောက်ထားသောအခါ ဆရာတော်ကြီးက "မြင်တယ်ဆိုတာက ရှေ့မှာမြင်တာလား ကိုယ်ပေါ်မှာမြင်တာလား၊ ရှေ့မှာအရောင်အလင်း တွေ၊ လဝိမာန်အဆောက်အအုံတွေ စသည်ဖြင့် များစွာမြင်တတ်တယ်၊ အဲသည်ရှေ့မှာ မြင်တဲ့အာရုံနိမိတ်တွေဟာ သမထအာရုံ၊ သမထနိမိတ် တွေသာဖြစ်တယ်၊ လိုက်ပြီးကြည့်မနေရဘူး၊ သူတို့ကိုဂရုမစိုက်ဘဲ၊ ကိုယ်ပေါ်မှာ ဖြစ်ပေါ်နေသော ဝေဒနာကိုသာလျှင် မြဲမြံသော သတိဖြင့် မုဆိုးစိုင်သင် ဆိုဘိသကဲ့သို့ ထိန်းသင့်သည့်အခါ ထိန်းဖို့၊ သိမ်းသင့်သည့်အခါသိမ်းဖို့၊ အုပ်သင့်သည့်အခါအုပ်ဖို့၊ ချုပ်သင့်သည့်အခါချုပ်ဖို့ရာ အခွင့်အခါကို ဉာဏ်ပညာ ဖြင့်ဆင်ခြင်၍ ထိန်းသိမ်းစောင့်ရှောက်နေပါမူ၊ ကိုယ်ပေါ်မှာအမြင်ဉာဏ်၊ ဥဒယဗ္ဗယ ဖြစ်ပေါ်လာတတ်သည်" ဟု ညွှန်ပြသည်။

ထိုသို့ ကိုယ်ပေါ်မှာ တွေ့မြင်လာသောသူများ လျှောက်ထားသောအခါ ဆရာတော်ကြီးက "မမြင်ခင် မြင်ခါနီးမှာ ဘယ်လိုဖြစ်သလဲ၊ မြင်နေစဉ်မှာ ဘယ်လိုစိတ်ဖြစ်သလဲ မြင်နေရတာဘယ်လောက်ကြာသလဲ၊ မြင်နေစဉ်အခါ ကိုယ်ကောင်ဟာဘယ်လိုကြိယာပုတ်ဖြစ်သလဲ၊ မြင်ပြီးသည့် အခါ ဘယ်လိုစိတ်ဖြစ်သေးသလဲ" စသည်ဖြင့်မေးစိစစ်၍ ဖြေဆို ပြောကြားပုံကို သဘောကျ ကျေနပ်မှသာလျှင် "သည်လိုဆိုလျှင် တစ်ပါးသောသူက သည်တရားဟာ မဟုတ်မမှန်ပါဘူး ပြောလျှင် ဘယ်လိုစိတ်ဖြစ်မလဲ" ဟုမေးမြန်းရာ၊ အဲသည်တော့ အမှန်သူက "သူ့မှာသာ မဟုတ်မမှန်လို့ သူ မမှန်လို့ သူမမှန်ဘူးပြောတာပါဘုရား၊ တပည့်တော်မှာတော့ မှန်ပါတယ် ဘုရား"ဟု လျှောက်ထားသောအခါ "အေး-ဒါဖြင့် သဒ္ဓါ တော့မြဲပါပြီ" အမိန့် ရှိလေသည်။

ထိုသို့သော ဒိဋ္ဌိဝိသုဒ္ဓိဥဒယဗ္ဗဉာဏ် မြင်သောသူဟာ ကင်္ခါဝိတရဏဝိသုဒ္ဓိလည်း တစ်ဆက်တည်းဖြစ်၍ အထက်ဉာဏ်ကိုတက်ရန်မဆုတ်

မနစ်သော လုံ့လဝီရိယဖြင့်အားထုတ်ပြုလုပ်ကာ ယောဂီများမှာ ကြည်လင် သန့်ရှင်း စင်ကြယ်ခြင်းနှင့် အဆင်းတောက်ပြောင် အလင်းရောင်ကြီး ဖြစ် ပေါ်လာတတ်သည်။ ထိုသို့သော အလင်းကို တွေ့၍ လျှောက်ထားသော ယောဂီများအား ဆရာတော်ကြီးက "အဲသည့် အလင်းကိုမြင်နေစဉ်မှာ စိတ်ကဘယ်လိုဖြစ်နေသလဲ"ဟု မေးရာ "တပည့်တော်၏စိတ်မှာ နှစ်သက် ငြိမ်းအေးပြီး တွယ်ကပ်စိုက်လျက် ကြည့်လို့ကောင်းနေပါ၏ဘုရား" ဟု လျှောက်ထားသဖြင့် ဆရာတော်ကြီးက "အဲသည် အလင်းဓာတ်ကို စွန့်နိုင် မှသာလျှင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်သည်" ဟု မိန့်ကြားသည်၊ စွန့်ဆိုတာ ဘယ်လိုလဲဆိုလျှင် မြင်နေစဉ်အခါမှာ စွန့်မှု-မစွန့်မှု သဘောဟာ ကိုယ့်အလိုမဟုတ်၊ ဝိပဿနာအားနည်းလျှင် သူ့သဘောနှင့်သူ မစွန့်တာ၊ ဝိပဿနာအားများ လျှင် သူ့သဘောနှင့် သူစွန့်တာ ထိုသို့ ဓမ္မစက္ခု ပွင့်မှု သဘော၊ ဓမ္မစက္ခုပွင့်တော့ မြင်မှုသဘော၊ မြင်တော့သိမှုသဘော၊ သိတော့ ဘယ်လိုသိတယ်၊ ဘယ်လိုဖြစ်တယ် စသည်ဖြင့် ဝေဖန်ဆုံးဖြတ်တဲ့ သဘော တွေဟာ ကိုယ့်အလိုအနည်းငယ်မျှမပါပဲ သူ့သဘောအတိုင်းသူ့စွန့်မှု၊ မစွန့် မှုသဘော အနတ္တကို ကိုယ်တိုင်ဒိဋ္ဌတွေ့မြင်သိရှိမှသာလျှင် မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ ဟုဆိုလိုသည်။

ထိုသို့သော မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ တွေ့မြင်ပြီးသည့်အခါ အထက်ဉာဏ်ကိုဖြစ်စေရန် အားထုတ်ပြုလုပ်သော ယောဂီသည် သင်္ခါရ တရားတို့၏ ဖြစ်ပျက်ကို တွေ့မြင်တတ်သည် ထိုသို့တွေ့မြင်သောကြောင့် ဆရာတော်ကြီးအား လျှောက်ထားသောအခါ ဆရာတော်ကြီးက "မြင် တော့စိတ်က ဘယ်လိုဖြစ်သလဲ အရင်ကအလင်းဓါတ်ကိုစွန့်ပုံနဲ့ ယခု သင်္ခါရ ကိုစွန့်ပုံဟာ တူသလား-မြင်ပြီးတော့ ဘယ်လိုဖြစ်သလဲ" စသည်ဖြင့် မေးစစ် ရာ တွေ့မြင်သော ယောဂီပုဂ္ဂိုလ်က ဖြေဆိုလျှောက်ထားရသည်။

ဖြစ်ပျက်သင်္ခါရကိုမြင်တော့ လွန်စွာကြောက်ရွံ့ တုန်လှုပ်သော စိတ်ဖြစ်ပါသည်၊ ထိုသို့ကြောက်ရွံ့သောကြောင့် မကြည့်ဝင့်၊ မမြင်ဝံ့



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဖြစ်တော့ ဟိုဘက်က လုပ်ပေးနေသူရှိပြီဟု ထင်မှတ်၍ လှမ်းလိုက်ရာတွင် စွန့်ပြီးဖြစ်တော့သည်၊ အလင်းဓာတ်ကို စွန့်ပုံက အပြင်၌ တွယ်ကပ်နစ်မြော မေ့မူးနေသောစိတ်ကို ကိုယ်ပေါ်သို့ပြန်ရောက်အောင် ဆွဲဆောင်ခြင်း ဖြစ်ပါသည်။ ထိုသို့စွန့်ပုံနှစ်မျိုးမှာ အပြင်ရောက်နေသော စိတ်ကိုအတွင်း ရောက်အောင် ဆွဲဆောင်ခြင်း၊ အတွင်းမှာနေသောစိတ်ကို အပြင်ရောက် အောင် တွန်းပို့ခြင်းဟူ၍ မတူထူးခြားကွဲပြားသည်ကို လည်းကောင်း၊ မြင်ပြီး နောက်မှာ မြင်စဉ်အခါက သိရာထွေပြား ဖြစ်ခဲ့ငြားကို၊ ထိုထိုအားလုံး သိမ်းကျုံးပြန်ကြည့်၊ မှတ်မိနောင်ခါ ပြောနိုင်ပါသည် ဘယ်ခါကာလမဆုံး တည်းဟူသော ပစ္စဝေက္ခဏာဆင်ခြင်ပုံကို လည်းကောင်း၊ ရှင်းလင်းပြတ် သားဖြေကြားသော ယောဂီများကိုသာလျှင် ဆရာတော်ကြီးက "အေး- သူဟုတ်လျှင်လည်း ဟုတ်မည်"ဟု ပြောဆို မိန့်ကြားတော်မူခဲ့ပါသည်။

"သူဟုတ်လျှင် ဟုတ်လိမ့်မည်" ဟူသော စကား၌ "သူ"က ဘယ်ဟာလဲ၊ "ဟုတ်လျှင်"က ဘယ်ဟာလဲဟု စဉ်းစားဆင်ခြင်ရန်လိုပါ သည်။ ထို့ကြောင့်စဉ်းစားဆင်ခြင်ကြရအောင်၊ "ကိုယ်တော်လျှောက်ထား သလိုမြင်နေစဉ်၊ မြင်နေတုန်းအခါကာလကလေးဟာ မဂ်စိတ်ဟုတ် လျှင် ယခုကိုယ်တော်ပြောတာဟုတ်လိမ့်မယ်၊ ကိုယ်တော်မြင်နေစဉ်၊ မြင်တုန်း အခါကာလကလေးဟာ မဂ်စိတ်မဟုတ်လျှင် ယခုကိုယ်တော်ပြောတာ မဟုတ်ဘူး"ဟု ဆရာတော်ကြီးက အပြန်အလှန်အားဖြင့် ထင်ရှားအောင် ပြောဆိုခြင်းဖြစ်လေသည်။

သို့သော် ဆရာတော်ကြီးနှင့် နေခဲ့စဉ်အခါမှာ ဆရာတော်ကြီး သည် မည်သည့်တပည့်တစ်ဦးတစ်ယောက်ကိုမျှ "သင့်မှာတစ်မဂ်၊ နှစ်မဂ် ရပြီ" စသည်ဖြင့် ပြောဆိုမိန့်ကြားသံကို မကြားရဖူးပါ။ သို့ပါသော်လည်း "သူဟုတ်လျှင် ဟုတ်လိမ့်မည်" ဟုပြောကာမျှနှင့်ပင် မိမိကိုယ်ကို တကယ် ဧကန်ဟုတ်ပြီဟု ထင်မြင်ယူဆသော သူများလည်း ရှိနိုင်သေးသည်၊ရှိလိမ့် ဦးမည်မှာ လောကတံထွာ ဓမ္မတာသဘောပင်ဖြစ်ပါတော့သည်။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ဆရာတော်ကြီးတွင် တပည့်ပေါင်းများစွာ ရှိခဲ့လေရာ ကိုယ်တိုင်တွေ့မြင်မှတ်သားသိသမျှသော တပည့်များက (၁)မြစ်သားဆရာတော် ဦးကေသရ၊ (၂)မင်းဘူးဆရာတော် ဦးကုသလ၊ (၃) မြစ်ခြေဆရာတော် ဦးပညာသီရိ၊ (၄င်းသုံးပါးတို့သည် ဆရာတော်ကြီးအား ဖူးမြှော် ကန်တော့ရန် မြင်းခြံသို့လာသဖြင့် တွေ့ကြုံဆုံမိ၍ ဆရာတော်ကြီး၏ တပည့်များဖြစ်သည်ဟု သိရ၏)၊ (၄) ညောင်ဦး ကိုရင်ကြီးဦးသုန္ဒရ (ယင်းပုဂ္ဂိုလ်မှာ ဆရာတော်ကြီးက တပည့်ဖြစ်ဖူးကြောင်း ၊သူတရားအားထုတ်စဉ် အခါက ပါးစပ်နှုတ်ခမ်းမှာ ငါးမျှားချိတ်-ချိတ်ငြိနေသဖြင့် အော်၍ ခံနေရကြောင်း ပြောကြားသဖြင့် ဆရာတော်ကြီး၏တပည့်ဖြစ်သည်ဟု သိရ၏) (၅) တောင်ကြီး ဆရာတော်ဦးဓမ္မသာမိ(မြင်းခြံရောက်စအခါက သုံးနှစ်လောက် အတူနေရဖူး၏) (၆) မြင်းခြံမြို့စွန်းလွန်းကျောင်း တိုက်အုပ်ဆရာတော် ဦးသောဘဏ၊ (၇)၄င်းကျောင်း ဦးဝိသုဒ္ဓ၊ (၈) ရန်ကုန်မြို့ စွန်းလွန်းဂူကျောင်း ဆရာတော်ဦးသုန္ဒရ၊ (၉) ၄င်းကျောင်း- ဦးတိလောကသာရ၊ (၁၀) ၄င်းကျောင်း- ဦးသုမန၊ အားလုံးပေါင်း စာရေးသူနှင့်တကွ (၁၁) ပါး ဖြစ်သည်။ ထို(၁၁)ပါးသော ဆရာတော်ကြီး၏ တပည့်များသည် ဆရာတော်ကြီးထံ ရောက်စအခါက ဆရာတော်ကြီး၏ တပည့်များသည် ဆရာတော်ကြီးထံရောက်စအခါက ဆရာတော်ကြီး ကိုယ်တိုင်ဆယ်ချက် ကိုးချက်ရှုပြပြီး ဂူထဲသွားရှုချေခိုင်းသဖြင့် ကိုယ့်နေရာနှင့်ကိုယ် တစ်ယောက်ချင်း လုပ်ကြရသည်ကို အားလုံးကုန်သော တပည့်တို့သည် သိကြပါလိမ့်မည်။

ထိုသို့သော တစ်ယောက်ချင်း မျက်ကွယ်ရာ၌ ခိုင်းပြပုံမှာ ၁၃၁၀-ခုနှစ်လောက် ရောက်ရုံသာလျှင်ဖြစ်၍ ၁၃၁၀-ခုနှစ် မှစ၍ ဖြစ်ပေါ်လာသော မျက်မြင်ရှေ့တွင် ခိုင်းပြပုံများကို ရှေးယခင် တပည့်ကြီးများမှာ မသိနိုင်တော့ပါ၊ ထိုသို့ မသိသောကြောင့် ယုံမှား သံသယ၊ ဒွိဟမကင်း၊ ရှိကြခြင်းကို ရှင်းရှင်းကွာဝေး၊ မှန်ရာပေးအံ့ ထိုသို့မျက်မှောက်ခိုင်းရာ အစမှာကား ဦးတိလောကသာရသည် သူတစ် ပါးအား တရားပြလိုသောစိတ်ဆန္ဒ လွန်စွာများလေသောကြောင့် မိမိ ဂူနားသို့လာရောက်အားထုတ်

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သော ယောဂီများအား ဆရာတော်ကြီးမသိအောင် ခေါ်၍ မိမိရှေ့တွင် ခပ်တင်းတင်း ပြင်းပြင်းထန်ထန်ကြီး ပွတ်ပြီး ဆွဲအရှုခိုင်းရာ ဝိတက်အာရုံနှင့်ထိနမိဒ္ဓတို့သည် မဝင်မကပ် နိုင်တော့ဘဲ စိတ်ဟာ ကိုယ်ပေါ်မှာသာလျှင် ကျရောက်တည်ရှိလာသောအခါ မိမိတို့၏စရိုက်အားလျော်စွာ နိမိတ်အမျိုးမျိုးတို့သည် ဖြစ်ပေါ်လာကြကုန်၏ ဝေဒနာအမျိုးမျိုးတို့သည် ဖြစ်ပေါ်ခံစားကြကုန်၏ ထိုသို့သော နိမိတ်တွေ့မြင်ပုံ၊ ဝေဒနာခံစားရပုံကို ယောဂီများက ဦးတိလောကသာရအား လျှောက်ထားကြသောအခါ "ဟ-သည်လိုဆိုလျှင် အဲဒါကတော့ငါပြောလို့မဖြစ်ဘူးကွ မင်းတို့တွေ့မြင်သည့်အတိုင်းသာ ဆရာတော်ထံသွားလျှောက်ထားချေကြ"ဟု စေခိုင်းလိုက်ရတော့သည်၊ အဲသည်တော့ ယောဂီဒါယကာသည် ဆရာတော်ကြီးထံသွားပြီး၊ ဆရာတော်ကြီးအားလျှောက်ထားသည်မှာ-"တပည့်တော်သည် ဦးတိလောကသာရ -ကခေါ်ပြီး၊သူ့ရှေ့တွင် အရှုခိုင်းသောကြောင့် သူ့ရှေ့မှာသူခိုင်းသည့်အတိုင်း တရားအားထုတ်ခဲ့ပါသည်ဘုရား၊ သူခိုင်းတာက 'တပည့်တော် ရှေးကရှုသလိုမဟုတ်ပါ၊ ပြင်းပြင်းသန်သန်ကြီး ပွတ်ပြီး ဆွဲအရှုခိုင်းပါသည်ဘုရား၊ အဲသည်လိုရှုတော့ အရင်အစမှာ လွန်စွာဆင်းရဲပင်ပန်းလာ ပါသည်။ လွှတ်ပစ်ချင်သလို၊ ထပြေးချင်သလိုတောင် ဖြစ်လာပါသည်ဘုရား၊ အဲသည်တော့ ကပ်ပြီးပွတ်ဆွဲရှုစမ်းပါလို့ ပြောသံကြားလိုက်တော့၊ ကဲ-ဖြစ်ချင်ရာဖြစ်ကရောဟယ်-လို့ စိတ်ကိုစွန့်ပုံပြီး၊ အတင်းရှုမြဲတိုင်း လာရှုနေလို့ တော်တော်ကြာတော့ ခန္ဓာကိုယ်ဟာ တင်းကြပ် သလိုဖြစ်လာပြီး၊ လက်ဖျား၊ လက်ကောက်ဝတ်၊ တစ်တောင်ဆစ်ထိအောင်သော လက်ဟာ အတင်းခါယမ်းလာရာ၊ ပြုတ်ကျွေလုမတတ်ထင်ရအောင် ခါယမ်းလာပါသည်ဘုရား၊အဲသည်လို ခါယမ်းရာမှ တဖြည်းဖြည်းလျော့ လျော့လာပြီး နောက် လည်ပင်းအထက်ခေါင်းဟာလဲ ဟိုဘက်သည်ဘက် ဘယ်ပြန်ညာပြန် လက်ယမ်းပြီးခါရာ၊ လက်ကဲ့သို့ပင် ပြုတ်လုမတတ် ခါယမ်းလာပါသည် ဘုရား၊ အဲသည်လိုခါယမ်းရာနေရာမှ တဖြည်းဖြည်း လျော့လာရာတွင် "ကိုင်း-အချိန်လဲ နီးလာပြီ၊ ခပ်တင်း

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တင်းရှုလိုက်စမ်း” ဟု ပြောသံကြားရ သဖြင့် သူပြောသည့်အတိုင်း ပြင်းပြင်းသန်သန်ကြီး ရှုနေစဉ်မှာ “အရှုရပ် ခန္ဓာကိုယ်စိုက်၊ ဝေဒနာလိုက်” ဟု ပြောသံကြားသဖြင့် ပြင်းပြင်း ရှုသော အရှုကိုလွှတ်၍ ပကတိသော အရှုဖြင့်သာ စိတ်ကိုကိုယ်ပေါ်မှာ ပုံစိုက် တွယ်ကပ်ပြီး၊ ဝေဒနာလိုက် ပါသည်ဘုရား၊ အဲသည်လို ဝေဒနာလိုက်နေတုန်း ရှေ့မှာမီးခိုးတွေ အခိုးတွေတက်လာပြီး၊ ရှေ့တည့်တည့်မှာ အဝိုင်း ကြီးဖြစ်ပြီး၊ အလယ်ကို စုလာလိုက်၊ ပျောက်သွားလိုက် ၊ စုလာလိုက်၊ ပျောက်သွားလိုက်၊ စုလိုက်၊ ပျောက်လိုက် နှင့်ဖြစ်နေတာကိုတွေ့မြင်ရ ပါသည်ဘုရား” ဟု အစဉ်အတိုင်း ပြောဆိုလျှောက်ထားရာ ဆရာတော် ကြီးက “အဲသည်လို လှုပ်ရှားခါယမ်း နေတာလဲတွေ့တတ်ပါတယ်၊အဲသည်လို မင်း-ခေါင်းတွေ လက်တွေ ခါယမ်း နေစဉ်မှာ မင့်စိတ်ကရှုနေတာကို သေသေချာချာသိသေးရဲ့လား၊ မင်းပြန်ပြီး စဉ်းစားကြည့်စမ်း” လို့ ခိုင်းတော့၊ “တပည့်တော် ရှုနေတာ ပြင်းတယ်၊ လျှော့တယ် ဆိုတာ ကွဲပြားအောင် မသိပါဘုရား” ဟု ပြန်၍ လျှောက်ထားလေလျှင် ဆရာတော်ကြီးက၊ “အေးကွ အဲသည်လိုပဲ၊စိတ်ကလဲ အလွန်လျင်မြန်တော့ ကိုယ်ကပိုပြီးဂရုစိုက်တာကိုသာ ထင်ရှားစွာသိပြီး၊ ကိုယ်ကဂရုမစိုက်တဲ့ ရှုတာကိုလဲ ကိုယ်နှင့် တစပ်တည်းဖြစ်နေသောကြောင့် မသိခြင်းလဲမဟုတ်၊ သိကားသိ၏၊ ကွဲလည်းမကွဲပြားသဖြင့် ရှိပညတ်၊ မရှိပညတ်ကို လွန်မြောက်ပြီး၊ ပစ္စုပ္ပန် အခိုက်အတန့်သဘာဝ ပရမတ်သိပေါ်မှာ ကျရောက်နေတယ်၊ အဲသည် အတိုင်းပဲ အရှုကိုသာ ဂရုစိုက်ပြီး၊ စပ်လည်အောင်ရှုရင်လဲ ကိုယ်ပေါ်မှာ ပေါ်လာတဲ့ ဣရိယာ ပုတ်ဝေဒနာတွေကို ဂရုမစိုက်ဘဲ ရှုမြဲတိုင်းသာ ရှုနေပါမူ ရှိပညတ်ကို လွန်မြောက်ပြီး၊ပစ္စုပ္ပန်အခိုက်အတန့် နာမ္မသဘော ပရမတ်အပေါ် ကျရောက်နေလိမ့်မယ်၊ နောက်ပြီးတော့ မင်းရှေ့မှာ မီးခိုး တွေလို မြင်တယ်ဆိုတာက သမထနိမိတ်၊သမထအာရုံခေါ်တယ်၊ အဲဒါ တွေကို လှမ်းပြီးလိုက်ကြည့်မနေရဘူး၊သို့သော် အဲသည်သမထနိမိတ်ကို မြင်ရတော့ မင့်မှာသမာဓိ ရှိသင့်သလောက်တော့ ရှိပြီဟု သိရတာပေါ့၊ သဒ္ဒါတရား

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

တိုးလာတာပေ့ါ၊ သမထနိမိတ်ဆိုတာ ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂ နိမိတ်တဲ့၊ နှစ်မျိုးရှိတယ်၊ ထိုနှစ်မျိုးတို့တွင် ယခုမင်းတွေ့မြင် နေတာဟာ ဥဂ္ဂဟ နိမိတ်ဖြစ်တယ်၊ထိုနိမိတ်ကို လှမ်းပြီးကြည့်မနေဘဲ စွန့်ပယ်ပြီး (**မှတ်ချက်**။ စွန့်ပယ် - ဟူသည် အပြင်အာရုံသို့ လှမ်းနေသော စိတ်ကို ကိုယ်ပေါ် ပြန်ဆွဲယူ လိုက်ခြင်းပင်ဖြစ်သည်။)ဝေဒနာကိုသာလျှင် အာရုံပြု၊ဂရုစိုက်ပြီး၊ ကပ်လိုက်နေပါမှ ပဋိဘာဂနိမိတ်သို့ရောက်နိုင်လောက်သော သမာဓိမျိုးရှိလာတာနှင့် ဝိပဿနာဖြစ်ပျက်ကို မြင်တာ တူမျှတယ်၊ ထိုသို့မဟုတ်ပါဘဲ သမထဖြင့်သာ ပဋိဘာဂနိမိတ်သို့ ကူးသွားပါက ပါရမီကံနည်းပါးသောသူတို့မှာ ဝိပဿနာဘက်ကူးရန် မလွယ်တော့ဘူး၊ အကြောင်းဆိုသော် ဝိပဿနာပညာကလဲ လုံလောက်စွာ မရှိသေးဘူး၊မြင်ရတာကလဲ တစ်ခါမှမတွေ့မကြုံရစဖူးသဖြင့် လွန်စွာထူးသောအမြင်ကို မြင်ရသောကြောင့် ကိုယ့်စိတ်ကို ကိုယ်နိုင်အောင် မထိန်းနိုင်တော့ဘူး၊ အဲသည်လို မထိန်းနိုင်တော့ ပြောချင်ရာပြော၊ လုပ်ချင်ရာလုပ်ဖြစ်ကုန်ရော သည်တော့ ဝိပဿနာပညာဟာ ဆုံးရှုံးပျက်ပြားမရဘဲ၊ ဖြစ်ရတော့တာပေ့ါ၊ ဒါကြောင့်ဝေဒနာကိုသာလိုက်ဟု ဆရာတော်ကြီးက ညွှန်ကြားခဲ့လေသည်။

ဆရာတော်ကြီးသည် ယောဂီဒါယကာ လျှောက်ထားသော စကားကိုကြားရသောအခါ ရှေ့တွင် မျက်မြင် ခိုင်းပုံ၊ပြပုံနည်းဟာ တရားအားထုတ်သော ယောဂီတို့သည် တွေ့လွယ်၊မြင်လွယ်၊ သိလွယ်ကြောင်းကို သိရသဖြင့် နောက်လာသောယောဂီများအား ဦးတိလောက ရှေ့တွင်သွားရှုချေဟု စေခိုင်းသဖြင့် ဦးတိလောကသည် တရားပြရန်အလုပ်ကို တွင်တွင်ကြီးလုပ်ရလေတော့သည်။ ဤသို့ဖြင့် ဦးတိလောကသည် ဆရာတော်ကြီးက စေလွှတ်လိုက်သော ယောဂီများအား ကိုယ်တိုင်ကြပ်မတ်၍ နည်းပြခဲ့ရသည်ဖြစ်ရာ၊ မုဆိုးစိုင်သင်ဆိုဘိသကဲ့သို့ သူကိုယ်တိုင် စုံစမ်းလျက် အကောင်းအဆိုး များစွာတွေ့ခဲ့ရာ အထူးထူး ကြုံဖူးတိုင်း မှတ်တမ်းထား၊ ကောင်းသည်ဟု သိပြီးမှ ရောက်လာသော ယောဂီများအား သူလုပ်ခဲ့သည့်အတိုင်း စောင့်၍သာ ခိုင်းခဲ့ရာ တစ်နှစ်လောက်ကြာသောအခါ မျက်စိရောဂါကပ် ရောက်လာ၍

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

ရန်ကုန်မြို့သို့ ဆေးကုရန်သွားသဖြင့် ဦးသုန္ဒရက တစ်ဖန်ထပ်မံ ဆက်လက်ပြီး၊ တရားပြရပြန်ပါသည်။

နောက်အခါ ဦးတိလောကပြန်ရောက်လာသောအခါ တရားပြဆရာနှစ်ပါးဟာ ကိုယ့်ကိုယ်တိုင် လုပ်ခဲ့သည့်အတိုင်း သူတစ်ပါးအား ပြသနည်းပေးသည်ကို တရားအားထုတ်သူများက အကောင်းတွင် မြင်သူက မကောင်းထင်သဖြင့် "ဘယ့်နှယ်လဲဟေ့၊ သူတို့တရားကလဲ တင်းလွန်းတယ်၊ ပြင်းလွန်းတယ်၊ မောပန်းတယ်၊ ခါယမ်းတယ်" စသည်ဖြင့်ပြောကြားသည့် အသံတွေ ဆူညံကာ ပွေသောကြောင့် ထင်ပေါ်ကျော်ကြားဖြစ်လာသောအခါ ဆရာတော်ကြီးသည် "ယခု ပြသနည်း၊ စေခိုင်းနည်းဟာ သည်ခေတ်၊ သည် အခါ၊ သည်အချိန်မှာ အလွန်ပင်သင့်လျော် လျောက်ပတ်ကောင်းမြတ်လေသောကြောင့် ငါကိုယ်တိုင် ထောက်ခံသည်" ဟူသော သဘောမျိုးဖြင့်၊ ၁၃၁၃-ခုနှစ် ၊ ဝါခေါင်လဆန်း(၇)ရက်နေ့မှစ၍ ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ ကျောင်းကြီးထဲ၌ ဆရာတော်ကြီး ကိုယ်တော်တိုင် ခိုင်းပုံ၊ ပြပုံ၊ ရှုပုံ အလုံးစုံကို ကုန်စင်အောင် ရှုတော်မူလေသည်။

ထိုစဉ်အခါက တိုက်အုပ်ဆရာတော်က ဘုန်းကြီးအား၊ "ဦးဇဝန၊ ကိုယ်တော် နောင်အခါ တရားပြတတ်အောင် ယခုနေက သင်တန်းယူထား"ဟု ပြောသောအခါ "တပည့်တော် ယခုပြလျှင်လည်း ယခုဖြစ်ပါသည်ဘုရား၊ နောင်အခါပြလျှင်လည်း နောင်အခါဖြစ်ပါသည်ဘုရား" ဟု လျှောက်ထားလိုက်ရပါသောကြောင့်လည်းကောင်း၊ ဆရာတော်ကြီး၏ ရှေ့တော်တွင် များစွာသောယောဂီတို့သည် ပြင်းပြင်းထန်ထန် ရှုနေကြသည်ကိုတွေ့မြင်ခဲ့ရပါသောကြောင့် လည်းကောင်း၊ ယခုပြနေသောနည်းသည် စွန်းလွန်းဆရာတော်ကြီး၏ နည်းသစ်အမှန်ဖြစ်လေသောကြောင့် "ကိုယ်တိုင်တွေ့မြင် အမှန်ပင်" ဟု ခေါင်းတပ်လျက် ရေးသားခဲ့ပါသည်။

ဆရာတော်ဘုရားကြီး ပရိနိဗ္ဗာန်ပြုခါနီးမှာ ထိုသို့သော နည်းသစ်တစ်ဖန် ထပ်မံဖြစ်ပေါ်ခြင်းသည် နောင်လာနောက်သား ဝေနေယျ အများတို့

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

သည် လွန်စွာအထူးကျေးဇူးများပါသည်။ ဘာ့ကြောင့်လဲဆိုလျှင် ရှေးက ကဲ့သို့ တစ်ယောက်ချင်းသာ အားထုတ်ကြရမည်ဆိုလျှင်၊ လူတစ်ယောက် လျှင် နေရာတစ်ခုပေးရမှာကလည်း မလွယ်ကူ၊ ရက်ရှည်လ များနေနိုင်ရန် ကလည်း ခဲယဉ်းလှသောကြောင့် လူများစွာ တရားအလုပ် အားထုတ် နိုင်မည်မဟုတ်၊ အနည်းငယ်နေရာရှိသလောက်သာလျှင် အားထုတ် ကြရတော့မည်၊ ယခု ပြသောနည်းသစ်မှာကား၊ ငါးရာတစ်ထောင် များအောင်သောလူတို့သည် ဓမ္မာရုံအတွင်း တစ်စုတည်းပြခြင်းဖြင့် နေရာ လည်းလွယ်ကူစွာ အချိန်မှာတစ်ထိုင်သာ လုပ်အားလျှင် မဂ်မျိုးပင် ရနိုင်သောကြောင့် နောက်နောင်လာ လူအများတို့သည် လွန်မင်းစွာ အကျိုး များလှပါသည်။

**၂၀။ ငါ့ထံမှာနေတုန်းတော့ ငါ့တပည့်ပါပဲ၊ အပြင်ရောက် သွားလျှင် ငါ့တပည့်မဟုတ်ဘူး၊ ဘာကြောင့်လဲဆို လျှင်အပြင်ရောက်တော့သူလုပ်ချင်ရာလုပ်မှာ လိုက် လဲ မဆုံးမနိုင်ဘူးဟု ဆုံးမတော်မူပုံ။**

"ငါ့ ထံမှာနေတုန်းတော့ ငါ့တပည့်ပါပဲ၊ အပြင်ရောက်သွားလျှင် ငါ့တပည့်မဟုတ်ဘူး၊ ဘာ့ကြောင့်လဲဆိုလျှင် အပြင်ရောက်တော့ သူလုပ်ချင် ရာလုပ်မှာ၊ လိုက်လဲ မဆုံးမနိုင်ဘူး"တဲ့၊ ဆရာတော်ကြီး၏ ဆိုလိုရင်း အာဘော်မှာ အဆုံးအမကို မလိုက်နာ မခံယူသောသူကိုသာလျှင် တပည့် မဟုတ်ဘူးဟု ဆိုလိုသည်၊ မြတ်စွာဘုရား ဟောတော်မူရာ မှာလည်း၊ ကေသိ သုတ်မှာ-

"ငါ ဆုံးမထိုက်သူဟာ အကယ်၍ အနုနည်းနှင့် ဆုံးမလို့လဲမရ၊ အကြမ်းနည်းနှင့် ဆုံးမလို့လဲ မရ၊ အနုအကြမ်းနည်းနှင့် ဆုံးမလို့လဲမရ ခဲ့လျှင်၊ သင်-မြင်းကိုသတ်ပစ်သလို ငါလဲ ထိုသူရိုင်းကို သတ်ပစ်တော် မူတယ်"

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

"အရှင်ဘုရား၊ အဘယ်ကိုရည်ရွယ်ပြီး၊ ထိုသူရိုင်းကို သတ်ပစ်တော်မူတယ်လို့ မိန့်တော်မူပါသလဲဘုရား။"

"ကေသီ၊ ငါဘုရားဟာ သူ့အသက်သတ်ခြင်းကိုမပြုလုပ်တာမှန်တယ်၊ အမှန်တော့ဆုံးမလို့ မရမည့်သူကို ဆုံးမထိုက်သူလို့ ငါဘုရားအသိအမှတ်မပြုတော့ဘူး၊ ထိုသူအတွက် ငါဘုရား တရားမဟောတော့ဘူး။ ဤသည်ကိုပင် ငါဘုရား သာသနာတော်၌ သတ်ပစ်တယ်ခေါ်တယ်" ဟူ၍ လာရှိသည်၊ ထိုသို့ မြတ်စွာဘုရားသတ်လိုက်သောသူဟာ ထိုသူမှာ သာသနာမရှိတော့သဖြင့် ဘုရားတပည့် မဟုတ်တော့ပေ။ ထို့ကြောင့် ဆရာတော်ကြီး၏စကားသည် ဘုရားအမိန့်တော်နှင့် ကိုက်ညီ လေသည်။

## ၂၀။ ကိုယ်ကြိုက်တာကိုယ်လုပ်၊ ကိုယ်လုပ်တာကိုယ်ရကြလိမ့်မယ်၊အဲဒါ ဩဇာကိုက်တဲ့တရားပဲဟုဆုံးမတော်မူပုံ။

"ကိုယ်ကြိုက်တာ ကိုယ်လုပ်၊ကိုယ်လုပ်တာ ကိုယ်ရကြလိမ့်မယ်၊ အဲဒါ ဩဇာကိုက်တဲ့ တရားပဲ " တဲ့၊ သတ္တလောကအတွင်း မြင်မြင်သမျှသော သတ္တဝါတို့သည် ကိုယ်လုပ်သောအလုပ်ကို အကောင်းဟုထင်မှတ်၍ ကြိုက်နှစ်သက်သောကြောင့်သာလျှင် လုပ်ကိုင်နေထိုင်သွားလာ ပြုလုပ်ကြရာ၊ လောကမမ္ဘတာသဘောကိုသိမြင်တော်မူသော စွန်းလွန်းဆရာတော်ကြီးသည် "ကြိုက်တာလုပ်" ဟူသောဩဇာကိုက်တရားကို ဟောတော်မူခဲ့လေသည်။ ထိုတရားတော်သည် မသိသောသူတို့အဖို့မှာ လုပ်ချင်ရာလုပ်ရ၍ စိတ်မှာချောင်လည်သော်လည်း၊ နောင်အကျိုး ဖြစ်ပေါ်လာသောအခါ ဆင်းရဲဒုက္ခတွေ့ရသည်မှာ မသိရှာလေ၊ အသိ၊ အလိမ္မာ၊ဉာဏ်ပညာနှင့် ပြည့်စုံသော သူတို့မှာကား မကောင်းတာလုပ်လျှင် မကောင်းကျိုးရမည်ကို ကြောက်ရွံ့တုန်လှုပ်သဖြင့် ကောင်းတာကိုလုပ်၍ နောင်အခါ ကောင်းကျိုးချမ်းသာကိုသာ ခံစားကြရပေလိမ့်မည်၊ ကောင်း မကောင်းကို သိရန်မှာ



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

မိမိကိုယ်ကိုသာလျှင် မိမိကိုယ်တိုင် စစ်ဆေးကြည့်ရှုပါမူ သေချာပိုင်ပိုင် သိနိုင်ပါသည်။ ဒါကြောင့်-

ကောင်း-မကောင်းတာ ၊ ကိုယ်၌သာ၊ သေချာစိစစ်ကြ၊
အကောင်း တွေ့မြင်၊ စိတ်ကြည်လင်၊ မှန်ပင်ချမ်းသာရ၊
မကောင်းတွေက၊ ပယ်စွန့်မှ ၊ မုချချမ်းသာရ။

ဟု သြဇာကိုက်တရားကို ဖွင့်ဆိုရေးသားပါသတည်း။

## ရည်သန်ချက်

ယခု မြတ်စွာဘုရားသာသနာတော်နှင့် တွေ့ဆုံကြုံကြိုက်သော အခါမှာ ဝိပဿနာတရားကို လူတိုင်းလူတိုင်းသည် လုပ်သင့်လုပ်ထိုက် ပါတယ်၊ဘာ့ကြောင့်လဲဆိုလျှင် သီလ သမာဓိ ပညာ တရားဟာ အတ္တ ကိစ္စ၊ သတ္တဝါတိုင်းရဲ့လုပ်ဆောင်ရမည့်ကိစ္စ၊ လုပ်ရမည့်တာဝန်ဖြစ်၍၊ သည်ကိစ္စ၊ သည်တာဝန် မပြီးသေးသမျှကာလပတ်လုံး၊ဘယ်တော့အခါမှ သံသရာထဲမှလွတ်လိမ့်မည်မဟုတ်၊ ဒါကြောင့် ယခုရှိနေကြသောလူတွေ ဟာ မြတ်စွာဘုရားသာသနာနှင့်လည်း တွေ့ကြုံနေရပြီ၊ လူ့အဖြစ်ကိုလည်း ရနေပြီ၊ သံသရာမှလွတ်ကြောင်း ဝိပဿနာတရားကို ဟောပြော ပြသသော ဆရာအမျိုးမျိုးတို့နှင့်လည်း တွေ့နေရပြီ၊ သဒ္ဓါဒုလ္လဘတစ်ခု လိုနေသော ကြောင့်သာလျှင် ယခုလူအားလုံးကုန်အောင် မလုပ်နိုင်ကြတာ ဖြစ်ပါတယ်။ ဒုလ္လဘတရားလေးပါးပြည့်စုံလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရနိုင်ပါတယ်၊ မြတ်စွာဘုရားလက်ထက်တော်က ရာဇဂြိုလ်ပြည်မှာ လူဦးရေကုဋေခုနစ်ရာ ရှိသည်တွင် ကုဋေငါးရာဟာ အရိယာတွေချည်း ဖြစ်ပါသတဲ့၊ ဒုလ္လဘတရား ငါးပါးဟာ အလွန်ထက်အလွန် ခဲယဉ်းစွာ ဖြစ်ရကြောင်း မြတ်စွာဘုရား သည် နေ့စဉ်နေ့တိုင်း ဟောပြောခြင်းဟာ ရှင်တော်ဘုရား မျက်မှောက်ရှိ လူတွေအတွက်သာမဟုတ်၊ သာသနာငါးထောင် အတွင်း၌ ဖြစ်လတ္တံ့သော ယခုရှိနေသော လူတွေပါယုံကြည်အားကိုး၊ သဒ္ဓါတိုးပွားစေရန် နေ့စဉ်



WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

နေ့တိုင်းဟောပြောခြင်းဖြစ်သည်။ ထိုသို့သော မဟာကရုဏာတော်သခင်၊ ဘုရားရှင်၏အလိုတော်မြတ် ကျရောက်လတ်ရာ၊ လုပ်မှသာလျှင်၊ ဘုရားသား အစစ်အမှန်ဖြစ်မှာ၊ သို့ဖြစ်ပါ၍၊ ဝိပဿနာ၊ ထင်စွာတရား၊ တိုးပွားလာအောင်၊ ရည်ဆောင် တိုက်တွန်း၊ ပြကာညွှန်းသည်၊ နောင်ထွန်းစေဖို့ ရည်မှန်းတည်း။

စွန်းလွန်းဆရာတော်ဘုရားကြီး၏တပည့်များ တိုင်ပင်ညီညွတ်၍ မှတ်သားခဲ့မိသမျှသော အဆုံးအမစကားများကို ဖွင့်ဆိုရေးသားခဲ့ရာ ဤတွင် ပြီးဆုံးပါပြီ။

ဖွင့်ဆိုရေးသား၊အကြောင်းအားကို၊ထင်ရှားသိစေ၊ ပြညွှန်းဖွေအံ့၊ နောင်သောအခါ၊လူများစွာတို့၊ ဆရာဘုရား၊ တပည့်များပင် ဖြစ်လိုလျှင်လည်း၊ရှေ့နည်းနောက်ထပ်၊ နည်းနှစ်ရပ်ဟာ၊မှန်ပါသော်ငြား၊ အမြင်အားဖြင့်၊ပြုပြင်ဆင့်၍၊ ထပ်ဆင့်ဆရာ ထောက်ခံလာပြီး၊ နောက်တစ်နည်းမှာ၊ ကိုယ်တိုင်သာလျှင်၊ သေချာစမ်းသပ်၊ ကြည့်ပြီးလတ်၍၊ ကောင်းမြတ်လွယ်ကူ၊ အများလူတို့၊ ကြည်ဖြူ ကျိုးများ၊ ဖြစ်မည်လားကို၊ ထင်ရှားမြင်မြော်၊ ဉာဏ်၌ပေါ်လျက်၊ ဆွေတော်သဟာ၊ ပေါင်းများစွာတို့၊ မကွာတူမျှ၊ ညီညွတ်ကြရန်၊ စိတ်ရည်သန်သည်၊ နောင်ခါကောင်းဖို့ ရည်ညွှန်းသည်။

**ဦးဇဝန**

၁၃၁၁ -ခုနှစ်၊ ပြာသိုလဆန်း(၆)ရက်၊ဗုဒ္ဓဟူးနေ့၊
နံနက် ၁၀ နာရီအချိန်တွင် ပြီးဆုံးလေသည်။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၁၃၁၈ -ခုနှစ် တော်သလင်းလဆုတ် ၅ ရက်နေ့တွင်

# မဏ္ဍာရာ ဆရာတော် ဦးဇဝန က

ရွှေဘိုမြို့မှနေ၍
ရန်ကုန်မြို့ စွန်းလွန်းယောဂီများထံ
ပေးသောစာ

အပြောအလုပ်၊ အဟုတ်ညီစေ၊ ယောဂီတွေတို့ ။
အတွင်းတစ်မျိုး၊ ပြင်ပတစ်မျိုး၊ သူခိုးဟူ၍မှတ်။

အတွင်းအပြင်၊ တူမျှလျှင်၊ ထိုစဉ်လူကောင်း၊
ကြည့်၍ပေါင်း၊ အကောင်းချင်းဆုံ၊
အလုံးစုံ၊ အကုန်ပြီးစီးကြောင်း။ ။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

၁၃၃၀-ခုနှစ်က စွန်းလွန်းဆရာတော်ဘုရားကြီး ရှေ့တော်တွင်

## မတ္တရာဆရာတော် ဦးဇဝန

### ဖတ်ကြား လျှောက်ထားခဲ့သောစာ

တံခါးဝိပါက်၊ ပစ္စုပ်စွက်၊ အချက်တစ်ခုသာ။
တံခါးထိဆဲ၊ သတိစွဲ၊ မလွဲဝိပါက်ပါ။
ဝိပါက်ပေါ်တွင်၊ သတိထင်၊ အစဉ်ချမ်းသာမှာ။
ပစ္စုပ္ပန်ခိုက်၊ သတိစိုက်၊ မျှော်လိုက်နိဗ္ဗူတာ။
ထိသိ နှစ်ပါး၊ သတိထား၊ ရခြားနိဗ္ဗူတာ။
ဇာတိဆိုတာ၊ သည်နေရာ၊ သေချာမလွဲပါ။
ဖဿကြောင့်သာ၊ ဝေဒနာ၊ သည်ဟာမှတ်ကြပါ။
လေးပါးသတိပဋ္ဌာန်၊ ရှုကြပြန်၊ အမှန်သူ့ကိုသာ။
သင်္ခါရဓမ္မ၊ ရှုပြန်က၊ သူကမဟုတ်ပါ။
နှစ်ပါးရုပ်နာမ်၊ ရှုသူမှန်၊ ဧကံသူ့ကိုသာ။
လက္ခဏာသုံးဝ ၊ ရှုသမျှ၊ သူကမလွတ်ပါ။
အကျဉ်းကထိုင်၊ တစ်ခုပိုင်၊ ပြောနိုင်များလှစွာ။
ဧကောဓမ္မော၊ ဘုရားဟော၊ သဘောသူ့ထဲမှာ၊
ဆိုင်းတီးသလို၊ ပမာဆို၊ သာလိုမှတ်ကြပါ။
နုသယဓာတ်၊ ဘယ်အရပ်၊ တည်ကပ်နေသည်သာ။
ဝေဒနာမှာ နုသယာ၊ ပါတာသိဖို့သာ။
မျိုးစေ့နှင့်သာ၊ ဥပမာ၊ တူစွာမှတ်ကြပါ။
အတွင်းမှာနေ၊ ပေါက်တတ်စေ၊ ကြည့်လေမမြင်ပါ။
ပေါက်စေသတ္တိ၊ အတွင်းရှိ ၊ ခွဲကြည့်မမြင်ပါ။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

## မတ္တရာဆရာတော် ဦးဇဝန ဖတ်ကြားလျှောက်ထားခဲ့သောစာ

ပေါက်စေတတ်တာ၊ နုသယာ၊ တူစွာမှတ်ကြပါ။
မြေမှာချမူ၊ အညှောင့်စူ၊ ထွက်မူကြီးပွားရာ။
အိုးကင်းအပေါ်၊ မီးနှင့်လှော်၊ ကျွမ်းသော်မပေါက်ရာ။
အာရုံတရား ၊ မြေရေလား၊ မှတ်သားကြလေရာ။
အာရုံထိလျှင်၊ ပေါက်ပွားမြင်၊ အစဉ်ကြီးပွားရာ။
ဝေဒနာတွင်၊ သတိထင်၊ ကြာလျှင်ကျွမ်းမည်သာ။
ဒိဋ္ဌာနုသယ၊ ကျွမ်းသူမှ၊ သေရဝိတိတ်သာ။
ဝိတိတ်သေလျှင်၊ အပါယ်ခွင်၊ အစဉ်လွတ်မည်သာ။
ဒေါသာနုသယ၊ ကျွမ်းသူမှ၊ သေရပရိယုဋ္ဌာ။
ပရိယုဋ္ဌ၊ သေသူမှ၊ လားရဖြုဟ္မာ့ရွာ။
အကုန်နုသယ၊ သေလေက၊ လွတ်ရသံသရာ။
နုသယသတ်လျှင်၊ သတိပင်၊ သည့်ပြင်မရှိပါ။

(စတုတ္ထအကြိမ်)

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)

# ထိ, သိ, သတိ

လောကဥ္ဇ ကိုယ်နှင့်သူ နှစ်မျိုးပဲရှိတယ်။

ကိုယ်တိုင်သိတာ ပရမတ်၊ ပြောတာ ပညတ်။

သိတာ ကိုယ်တွေ့မျက်မြင်၊ ပြောလျှင် နာမည်။

အမှန်သိလျှင် အမှားကိုလဲ သိပြီး။

အကျိုးပေါ်မှာ သတိပြုတော့ အကြောင်းရပ်တယ်။

ကြိုက်တာလုပ်၊ လုပ်တာရမယ်။

WWW.DHAMMARANSI.NET (FREE DHAMMA DISTRIBUTION)